**တားမြစ်ချက်။ ၂၀၁၅ ခုနှစ် မတ် ၂၆ ရက် ကြာသပတေးနေ့ မတိုင်မီ ထုတ်ဝေခြင်း မပြုရန်။**

# သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲ သီးနှံများ
## စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး ခရိုနီများက မြန်မာနိုင်ငံရှိ မြေများကို သိမ်းယူရန် မည်သို့ ကြံစည်ခဲ့ကြသနည်း

Global Witness အစီရင်ခံစာ - မတ် ၂၀၁၅
www.globalwitness.org/gunscroniescrops

အကျဉ်းချုပ်

အခန်း ၁။ မြန်မာနိုင်ငံ - နိုင်ငံ အနေအထား
- မြေယာတွေကို ဘယ်သူ ပိုင်သလဲ။
- မြန်မာနိုင်ငံတွင် 'ရော်ဘာအတွက် အပူတပြင်း' ဖြစ်ခြင်း
- မြေယာသိမ်းယူမှုများတွင် တပ်မတော်၏ အခန်းကဏ္ဍ
- ပြောင်းလဲဖို့ အချိန်တန်ပြီလား

အခန်း ၂။ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းသို့ စူးစိုက်လေ့လာခြင်း
- ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ မြေယာသိမ်းယူမှုများ - အခြေအနေအရပ်ရပ်။
  က။ တိုင်းရင်းသားများ ပြန့်နှံ့နေထိုင်ပုံ
  ခ။ ပြည်တွင်းစစ်၏ အမွေဆိုး
- ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ မြေယာသိမ်းယူမှုများ - တွန်းအား အချို့ကအဘယ်နည်း။
  က။ ပုဂ္ဂလိကပိုင် ပြုခြင်း အစီအစဉ်
  ခ။ တရုတ်နိုင်ငံမှ တွန်းအားများ

အခန်း ၃။ စိန်ဝတ်မှုန်အား စူးစိုက်လေ့လာခြင်း
- စိန်ဝတ်မှုန် - ကုမ္ပဏီအား မိတ်ဆက်ခြင်း
- စိန်ဝတ်မှုန်၏ ရော်ဘာ ရင်းနှီးမြှုပ်နှံမှုများ
- စိန်ဝတ်မှုံ၏ ရော်ဘာ ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်း
- မြေယာသိမ်းယူခြင်း နည်းလမ်းများ - စိန်ဝတ်မှုန်က မြေယာတွေကို ဘယ်လို ရယူ ထိန်းချုပ်ခဲ့သလဲ။
- ခရိုနီဝါဒ - စိန်ဝတ်မှုန်ကို မြေယာများ ထိန်းချုပ်နိုင်ရန် ပံ့ပိုးပေးသည့် စစ်တပ်နှင့် နိုင်ငံရေး အထက်တန်းလွှာများ
- ဒေသခံပြည်သူများအပေါ် စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများ၏ အကျိုးသက်ရောက်မှုများ

အခန်း ၄။ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း မြေယာသိမ်းဆည်းမှုများတွင် ပါဝင်ပတ်သက်သူများ။
- လက်နက်ကိုင်အဖွဲ့များ
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ (ပြည်ခိုင်ဖြိုး)
- လွှတ်တော်ကိုယ်စားလှယ်များ (MPs)

သုံးသပ်ချက်နှင့် အကြံပြုချက်များ

နောက်ဆက်တွဲ *(သီးခြား စာရွက်စာတမ်းအဖြစ် ပူးတွဲထားသည်)*

## အခန်း ၁။ မြန်မာနိုင်ငံ - အခြေအနေအရပ်ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် သဘာဝသယံဇာတများ အလျှံပယ်ကြွယ်ဝသော်လည်း၊ အထိန်းအကွပ်မဲ့ ခြစားမှုများ၊ အမြစ်တွယ်နေသည့် လက်နက်ကိုင်ပဋိပက္ခများဖြင့် ကျိန်စာသင့်နေသည်။ စစ်အာဏာရှင် အုပ်စိုးခဲ့သည့် ဆယ်စုနှစ် ငါးခုကျော်အတွင်း မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုသည် အမှောင်လွှမ်းခဲ့ပြီး၊ နိုင်ငံသည် အလွန်အကျွံ ခြစားမှု၊ ပဋိပက္ခအမျိုးမျိုးနှင့် နေးကွေးသော စီးပွားရေးဖွံ့ဖြိုးမှုတို့ကို တွေ့ကြုံခဲ့ရသည်။

တိုင်းရင်းသား လူနည်းစုများသည် မမှန်းဆနိုင်လောက်အောင် ရက်စက်ကြမ်းကြုတ်သော စစ်ဆင်ရေးများဖြင့် သူတို့၏ နေအိမ်များမှ စနစ်တကျ မောင်းထုတ်ခံခဲ့ကြရပြီး၊ ဘိုးဘွားပိုင်မြေများနှင့် သစ်တောများသည် ခရိုနီလုပ်ကိုင်ထံများ ဆီသို့ လွှဲပြောင်းရောက်ရှိသွားခဲ့သည်။ သဘာဝသယံဇာတ တင်ပို့ရောင်းချမှုမှ အတန်အသင့်များပြားသော ဝင်ငွေများ ရရှိခဲ့သော်လည်း လူဦးရေ၏ လေးပုံတစ်ပုံမှာ ဆင်းရဲမှုမျဉ်း[1] အောက်တွင် နေထိုင်နေကြသည်။

သို့သော် ၂၀၁၁ ခုနှစ်တွင် စစ်အစိုးရသည် မြန်မာနိုင်ငံအပေါ် ထိန်းချုပ်မှုကို ဖြေလျှော့ခဲ့ပြီး 'ဒီမိုကရေစီလမ်းပြမြေပုံ' [2] ကို ထုတ်ပြန်ကြေငြာခဲ့သည်။ နောက်ဆက်တွဲ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများမှ စီးပွားရေး ပိတ်ဆို့မှုများကို ဆိုင်းငံ့သွားစေခဲ့ကာ၊ နှစ်ပေါင်း သုံးဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ[3] တိုးမြင့်လာစေရန် တံခါးဖွင့်ပေးနိုင်ခဲ့သည်။

ဆင်းရဲမွဲတေမှု လျှော့ချရန်မှာ မြန်မာနိုင်ငံ စီးပွားရေး ပြုပြင်ပြောင်းလဲရေးများ၏ [4] ဗဟိုချက်တွင် တရားဝင်ရှိနေခဲ့သည်။ သို့သော် နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာ၏ အနှစ်သာရကို  စကားလုံး တစ်လုံးတည်းဖြင့် ဖော်ပြရမည်ဆိုလျှင် 'မြေယာ' ဖြစ်သည်။

ယင်း၏ အရေးကြီးမှုကို  ပိုပြောရန် မလိုပါ - လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး၊ စားဝတ်နေရေးအတွက် မြေယာများနှင့် သစ်တောများ အပေါ် မှီခိုနေကြသည်။ အကြောင်းရင်းများစွာ အနက် အဓိကအားဖြင့် ဖြစ်ပွားနေဆဲ ပြည်တွင်းစစ်ကြောင့် ကျေးလက်ဒေသများ၏ ဆင်းရဲမွဲတေမှုနှုန်းမှာ မြို့ပြဒေသများထက် နှစ်ဆများနေပြီး၊ အစိုးရ အုပ်ချုပ်သော နယ်မြေများရှိ အိမ်ထောင်စုများ၏ လေးပုံတစ်ပုံမှာ မြေယာမဲ့လျက်ရှိသည်။ ထို့အပြင် တရားဝင်မူဝါဒသည် အမျိုးသား စိုက်ပျိုးရေး ရည်မှန်းချက်ကို ပြည့်မီစေရန် တစ်နိုင်တစ်ပိုင် လယ်သမားများအပေါ် မှီခိုနေရာမှ ပုဂ္ဂလိက ကုမ္ပဏီများကို ပြောင်းလဲအသုံးပြုလာခဲ့သည်။[5] မြန်မာနိုင်ငံအတွင်းရှိ သန်း ၄၀ ခန့်သော တစ်နိုင်တစ်ပိုင် လယ်သမားများအတွက် ရင်းနှီးမြှုပ်နှံမှုများ အပူတပြင်း

---

[1] UNICEF, From Natural Resources to Human Capital: Practical, feasible, immediate resourcing solutions for Myanmar's children, August 2013, p.3, http://uni.cf/1838PA4 (Accessed January 27th 2015).
[2] H-E. U Khin Maung Win, Burma library online, Myanmar Institute of Strategic and International Studies, Seminar on Understanding Myanmar, 27th - 28th January 2004, http://www.ibiblio.org/obl/docs/KMWroadmap104.htm (Accessed January 29th 2015).
[3] USA Engage, US Foreign Policy Sanctions: Burma, Undated, http://usaengage.org/Issues/Sanctions-Programs/Myanmar/ (Accessed February 12th 2015); European Policy Centre, The effectiveness of EU sanctions: An analysis of Iran, Belarus, Syria and Myanmar (Burma), EPC Issue Paper 76, November 2013, http://www.epc.eu/documents/uploads/pub_3928_epc_issue_paper_76_-_the_effectiveness_of_eu_sanctions.pdf (Accessed February 15th 2015).
[4] Republic of the Union of Myanmar, 'Framework for Economic and Social Reforms: Policy Priorities for 2012-2015 towards the Long-Term Goals of the National Comprehensive Development Plan', 14th December 2012, p.10.
[5] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.2-3, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 6th March 2015).

လိုအပ်လျက်ရှိသည်။[6] သို့သော် အစိုးရသည် ပြည်သူလူထု၏ အကျိုးစီးပွားကို မျက်ကွယ်ပြုပြီး ကြီးမားကျယ်ပြန့်သည့် စက်မှုစိုက်ပျိုးရေး လုပ်ငန်းများကိုသာ မြှင့်တင်လျှက်ရှိသည်။

## မြေယာတွေကို ဘယ်သူ ပိုင်သလဲ

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံရှိ မြေယာအသုံးပြုခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ဥပဒေကြောင်းအရ အရှုပ်အထွေးများ အဖြစ် ဖြစ်တည်လာခဲ့သည်။ လက်ရှိအချိန်အထိ အစိုးရ အမျိုးမျိုးအောက်တွင် ထုတ်ပြန်ခဲ့ပြီး တစ်ခုနှင့် တစ်ခု ထပ်နေသော၊ သဟဇာတမဖြစ်သော၊ ရှေ့နောက် မကိုက်ညီသော အသက်ဝင်လျက်ရှိသည့် ဥပဒေများ၊ ပြင်ဆင်ချက်များ၊ အမိန့်ကြေငြာစာများနှင့် လုပ်ထုံးလုပ်နည်းပေါင်း ၇၃ ခု ရှိသည်။[7] မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော (အမျိုးသားဥပဒေများ)နှင့် ဓလေ့ထုံးတမ်း ဥပဒေများ (ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို လိုက်နာသော) ဥပဒေနှစ်မျိုးစလုံးကို လိုက်နာကျင့်သုံးကြသည်။ ယေဘုယျအားဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို မြေပြန့်ဒေသများတွင် လိုက်နာလေ့ရှိကြပြီး၊ ထုံးတမ်းစဉ်လာဥပဒေများကို (ရှမ်းပြည်နယ် အပါအဝင်) တိုင်းရင်းသား လူနည်းစုများ နေထိုင်ပြီး တစ်နိုင်တစ်ပိုင် တောင်သူများမှ *တောင်ယာ* သို့မဟုတ် ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးရေး လုပ်ကိုင်သည့် တောင်ပေါ်ဒေသများတွင် လိုက်နာလေ့ရှိကြသည်။[8] တစ်နိုင်တစ်ပိုင် လယ်သမားများမှ မြေယာ အနည်းငယ်ကို အချိန်ကာလ တစ်ခုအထိသာ ထွန်ယက်စိုက်ပျိုးပြီး၊ ယင်းမြေပေါ်တွင် နောက်တစ်ကြိမ် ပြန်လည်မစိုက်ပျိုးမီ အခြားနေရာများသို့ ရွှေ့ပြောင်း စိုက်ပျိုးကြသည်။ ၎င်းကို ‘ရွှေ့ပြောင်း စိုက်ပျိုးရေး’ ဟုလည်း ခေါ်ဆိုကြပြီး၊ မဲခေါင်ဒေသအတွင်း အသုံးများသော အလှည့်ကျ စိုက်ပျိုးမှုပုံစံဖြစ်သည်။

မြန်မာဥပဒေအရ မြေယာပိုင်ဆိုင်မှု အာမခံချက်မှာ ခိုင်မာမှုမရှိပါ။ လတ်တလောအချိန်အထိ *၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ* သည် နိုင်ငံတော်အား မူလပိုင်ရှင်များကို လျော်ကြေးပေးကာ မြေယာများကို တရားဥပဒေအရ သိမ်းယူပိုင်ခွင့် ပြုထားသည်။[9] ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီးနောက် အစိုးရသည် *၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ* ကို ပြဋ္ဌာန်းခဲ့ကာ၊ *၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ* တွင် ဆိုရှယ်လစ် သဘောတရားများအရ နိုင်ငံတော်အား မြေယာများအားလုံးကို ပြန်လည်ခွဲဝေပိုင်ခွင့် ပြုထားသည်။[10] ယင်းနှင့် ဆန့်ကျင်စွာ *၁၉၆၃ ခုနှစ် လယ်သမားများ အခွင့်အရေး ကာကွယ်ရေး ဥပဒေ* တွင် လယ်သမားများ ၏ အခွင့်အရေးကို အားဖြည့်ထားပြီး ၎င်းတို့၏ မြေယာများသိမ်းယူခံရခြင်းမှ အကာအကွယ်ပေးထားသည်။[11] သို့သော်လည်း အထက်ပါ ဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ ၃ တွင် ရော်ဘာ စိုက်ပျိုးခြင်းအတွက် မြေသိမ်းယူခြင်းကို ချွင်းချက် အနေဖြင့် ခွင့်ပြုထားသည်။[12] ထို့အပြင် *၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ* သည် စိုက်ပျိုးမြေများ၏

---

[6] World Bank Group, Myanmar: Ending poverty and boosting shared prosperity in a time of transition, A Systematic Country Diagnostic, November 2014, p.8 & 14, http://www-wds.worldbank.org/external/default/WDSContentServer/WDSP/IB/2014/12/15/000350881_20141215093840/Rendered/PDF/930500CSD0P150070Box385388B00OUO090.pdf (Accessed 6th March 2015).

[7] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.7, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).

[8] Burma Environment Working Group, Burma’s Environment: People, Problems, Policies, June 2011, p.37, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015).

[9] Burma Environment Working Group, Burma’s Environment: People, Problems, Policies, June 2011, p.38, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015).

[10] Burma Environment Working Group, Burma’s Environment: People, Problems, Policies, June 2011, p.38, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015); Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.7, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).

[11] Burma Environment Working Group, Burma’s Environment: People, Problems, Policies, 2011, p.38, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015).

[12] Union Government of Myanmar, The Law Safeguarding Peasants Rights, 1963Unofficial translation, http://displacementsolutions.org/wp-content/uploads/THE-LAW-SAFEGUARDING-PEASANT-RIGHTS-1963.pdf (Accessed 2nd March 2015).

ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်အား အသိအမှတ်ပြုသော်လည်း၊ နိုင်ငံတော် အနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်အောင် လုပ်ဆောင်ရာတွင် အသုံးချရန် 'မြေလွတ်မြေရိုင်း' ဟု သတ်မှတ်ထားသော မြေများကို ဥပဒေအရ တရားဝင် သိမ်းယူခွင့် ပြုသည်။[13]

၁၉၉ဝ ခုနှစ်များ အစောပိုင်းတွင် ပုဂ္ဂလိကကဏ္ဍမှ မှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပိုမို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မြေယာများ သိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားခြင်းများ ပြုလုပ်နိုင်ရန် နိုင်ငံတော်မှ *မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေ* ကိုပြဋ္ဌာန်းခဲ့သည်။[14] ဤဥပဒေတွင် မြေလပ် တောင်ယာခင်းများအား ထည့်သွင်းထားသည့်အပြင် အမည်မပေါက်သော မြေများလည်း 'မြေရိုင်း' အမျိုးအစားတွင် ပါဝင်သည်။[15] မြန်မာနိုင်ငံရှိ ကျေးလက်ဒေသတွင် နေထိုင်သူအများစုမှာ ၎င်းတို့၏ မြေယာများကို အမည်ပေါက် ပိုင်ဆိုင်ခြင်း မရှိသဖြင့် သိမ်းဆည်းခံရရန် အလားအလာ ပိုမိုများပြားစေခဲ့သည်။ စာရွက်ပေါ်တွင် တစ်နိုင်တစ်ပိုင် လယ်သမားများမှ မြေလွတ်၊ မြေရိုင်းများအား လျှောက်ထားခွင့်ရှိသည်ဟု ပါရှိသော်လည်း၊ အကျိုးရှိအောင် အသုံးချနိုင်စွမ်းမရှိခြင်းကြောင့် အစိုးရမှ မြေယာများ ခွဲဝေချထားပေးမှု အနည်းငယ်သာ ရှိခဲ့သည်။ ဤအကြောင်းချင်းရာသည် အစိုးရအတွင်း တစ်နိုင်တစ်ပိုင်လယ်သမားများထက် ပုဂ္ဂလိက စိုက်ပျိုးစီးပွား ကုမ္ပဏီများအား အခွင့်အရေး ပိုပေးသည့် လမ်းကြောင်းသို့ တရားဝင်ပြောင်းလဲသွားမှု၏ အစပင် ဖြစ်သည်။[16]

အများအားဖြင့် မြေယာ အမည်ပေါက် ပိုင်ဆိုင်ခြင်း မရှိသည့် လယ်သမားများအတွက် သူတို့၏ မြေယာများကို ပိုင် ဆိုင်ကြောင်း တစ်ခုတည်းသော သက်သေပြစရာ စာရွက်စာတမ်းမှာ မြေယာအခွန်ပြေစာများသာ ဖြစ်သည်။ မြေယာ အခွန် ပြေစာများသည် *၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ* အရ မြေပိုင်ရှင်များအား ပေးခြင်းဖြစ်ကာ၊ လယ်သမားများသည် 'အစိုးရ၏ မြေငှားများ' အဖြစ် စစ်အစိုးရအား မြေယာအတွက် အခွန်ပေးဆောင်ခြင်း ဖြစ်သည်။[17] သို့ရာတွင် မြေယာခွန်များကို ပေးဆောင်ရသော်လည်း နိုင်ငံတော်အနေဖြင့် တောင်ယာများကို ဥပဒေအရ တရားဝင်မြေယာအသုံးပြုမှု စံနစ်တစ်ခုအဖြစ် သတ်မှတ်ခြင်းမပြုပေ။ တစ်နိုင်တစ်ပိုင် တောင်သူများမှ *တောင်ယာ* စိုက်ပျိုးသော မြေယာများကို သိမ်းယူပြီး ပုဂ္ဂလိက ကုမ္ပဏီကြီးများအား လက်လွှဲပေးလေ့ရှိသည်။ ထိုနေရာများတွင် နေထိုင်သော တောင်သူများသည် အရင်းရှင်စီးပွားရေးစနစ်သို့ အကူးအပြောင်းတွင် ၎င်းတို့၏ မြေယာများ ဆုံးရှုံးရန် အလားအလာများစွာရှိနေသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လယ်ယာနှင့် ဆည်မြောင်း ဝန်ကြီးဌာန သည် နိုင်ငံအတွင်းရှိ ကြီးမားသော မြေယာများစွာ ကို ထိန်းချုပ်နိုင်ခဲ့သည်။[18] လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ်တွင် ကျေးလက် သီးစားချ လယ်ယာမှ စီးပွားဖြစ် စက်မှု သီးနှံများအဖြစ် ပြောင်းလဲခြင်း၏ အစိတ်အပိုင်းအဖြစ် *လယ်ယာမြေဥပဒေ* နှင့် *မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ* ဟူသောဥပဒေသစ် နှစ်ရပ်ကို ဆောင်ကြဉ်းလာခဲ့သည်။[19]

---

[13] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.7, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015); Burma Environment Working Group, Burma's Environment: People, Problems, Policies, June 2011, p.38, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015).
[14] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.7 (Accessed January 27th 2015).
[15] Burma Environment Working Group, Burma's Environment: People, Problems, Policies, June 2011, p.38, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015).
[16] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.7, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).
[17] The Tenancy Law 1963, Article 2d), Unofficial translation, Displacement Solutions, http://displacementsolutions.org/wp-content/uploads/THE-TENANCY-LAW-1963.pdf (Accessed January 29th 2015).
[18] Burma Environment Working Group, Burma's Environment: People, Problems, Policies, June 2011, p.37, http://www.bewg.org/pubs/finish/4/34 (Accessed January 27th 2015).
[19] FAO, Farmland Law 2012, Unofficial translation by UN-Habitat, http://faolex.fao.org/docs/pdf/mya139026.pdf (Accessed January 29th 2015); FAO, Vacant, Fallow and Virgin

မြန်မာနိုင်ငံရှိ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများက ဥပဒေနှစ်ရပ်စလုံးကို မြေယာ အခွင့်အရေးများ လျော့နည်းသွားစေရန် အလားအလာရှိပြီး တစ်နိုင်တစ်ပိုင် လယ်သမားများထက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးနိုင်သည့်အတွက် ဂေဖန် ကန့်ကွက်ခဲ့ကြသည်။[20] လယ်ယာမြေ ဥပဒေ အခန်း ၂၊ ပုဒ်မ ၈နှင့် အခန်း ၃ ပုဒ်မ ၉ တို့တွင် လယ် ယာမြေကို တရားဝင် ဂယ်ယူခြင်း၊ လဲလှယ်ရယူခြင်း သို့မဟုတ် လက်ခံခြင်းတို့ ပြုလုပ်နိုင်သော်လည်း ပိုင်ဆိုင်မှုမှာ မြေယာ အမည်ပေါက် ရှိသူများ (လူနည်းစု) အတွက်သာ သက်ဆိုင်သည်။[21] မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း ၃ ပုဒ်မ ၄ တွင် ဥပဒေ၏ ရည်ရွယ်ချက်သည် 'မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ' ကို စိုက်ပျိုးရေး လုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်သည်ဟု ဖော်ပြထားသည်။[22] မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် မြေယာ အမည်ပေါက်မရှိသူများကို 'ကျူးကျော်များ' အဖြစ် သတ်မှတ်ထားရာ တစ်နိုင်တစ်ပိုင် လယ်သမားများ အသုံးပြုသော မြေယာများကို ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများထံသို့ လွှဲပြောင်းနိုင်သဖြင့် ၎င်းတို့၏ မြေယာများကို စီးပွားရေးလုပ်ငန်းရှင်များထံ ဆုံးရှုံးသွားနိုင်ရန် အလားအလာ ပိုမိုရှိသွားစေခဲ့သည်။ [23] ထို့ထက်ပို၍ လက်ရှိအခြေအနေတွင် အမျိုးသားဥပဒေများအရ ရောမ ဖွံ့ဖြိုးရေး စီမံကိန်းများ သို့မဟုတ် ပတ်ဝန်းကျင် သက်ရောက်မှုဆိုင်ရာ စမ်းစစ်ချက် (EIAs) များ လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ဒေသခံ ပြည်သူများ ပါဝင်ရန် လိုအပ်ခြင်း မရှိပေ။ ထို့အပြင် ပြန်လည်နေရာချထားရေး စီမံကိန်းများ ဖော်ဆောင်ပေးရန် သော်လည်းကောင်း၊ လျော်ကြေးပေးအပ်ရန် သော်လည်းကောင်း မလိုအပ်ပါ။[24]

*မြေယာ သိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေး ကော်မရှင် စာကွက် (text box)*

၂၀၁၂ ခုနှစ်တွင် မြေယာ သိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေး ကော်မရှင် (LAIC) ကို အမျိုးသား ဒီမိုကရက်တစ် အင်အားစု ပါတီမှ ၎င်းတို့ လယ်သမားရေးရာကော်မတီ၏ အစိတ်အပိုင်းအဖြစ် တည်ထောင်ခဲ့သည်။ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သော အုပ်စု ၉ စုဖြင့် ဖွဲ့စည်းထားပြီး၊ ရည်ရွယ်ချက်မှာ သတ်မှတ်ထားသော နယ်မြေများရှိ ၁၉၈၈ ခုနှစ်မှစတင်သော မြေယာသိမ်းဆည်းခြင်းဆိုင်ရာ အငြင်းပွားမှုများကို စုံစမ်းစစ်ဆေးရန် ဖြစ်သည်။ ယင်းကော်မရှင် (LAIC) သည် သမ္မတရုံးသို့ တိုက်ရိုက်အစီရင်ခံပြီး လွှတ်တော်၏ ကျယ်ပြန့်သော ထောက်ခံမှုကို ရရှိခဲ့သည်။ သို့ရာတွင် ၎င်း၏ လုပ်ပိုင်ခွင့်မှာ ကျဉ်းမြောင်းကာ၊ ဖြစ်ရပ်များအား စုံစမ်းစစ်ဆေးရန်နှင့် အကြံပြုချက်များ ရေးဆွဲရန်သာဖြစ်ပြီး မည်သည့် ဆုံးဖြတ်ပိုင်ခွင့်အာဏာမျှ မရှိပေ။[25] လယ်သမားများအား မြေယာများ ပြန်လည်ရရှိစေရန် စိတ်ရင်းစေတနာဖြင့် ကူညီပေးသည်ဟု အများကပြောကြားသော်လည်း LAIC ကော်မရှင်၏ သြဇာသက်ရောက်မှုမှာ အကန့်အသတ်သာရှိပြီး ယခုအချိန်အထိ ဖြစ်ရပ်အနည်းငယ်မျှကိုသာ အမှန်တရား

---

Lands Management Law 2012, Unofficial translation by UN-Habitat, http://faolex.fao.org/docs/pdf/mya139128.pdf (Accessed January 29th 2015).

[20] Transnational Institute (TNI), Developing Disparity: Regional Investment in Burma's Borderlands, February 2013, http://www.tni.org/briefing/developing-disparity (Accessed 6th March 2015); DVB online, Farmers warned against 'fragmentary' new law, Aung, S, 6th September 2013, http://www.dvb.no/news/farmers-warned-against-fragmentary-new-law-burma-myanmar/32269 (Accessed January 27th 2015); Food Security Working Group's Land Core Group, Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law: Improving the Legal and Policy Frameworks Relating to Land Management in Myanmar, November 2012, http://www.forest-trends.org/documents/files/doc_3274.pdf

[21] FAO, Farmland Law 2012, Pyidaungsu Hluttaw Law No.ll of 2012, Unofficial translation by UN-Habitat, p.3, http://faolex.fao.org/docs/pdf/mya139026.pdf (Accessed January 29th 2015).

[22] The Vacant, Fallow and Virgin Lands Management Law, Chapter 3, Article 4, Unofficial translation by UN-Habitat, Burma Library Online, http://www.burmalibrary.org/docs13/VFVLM_Law-en.pdf (Access 6th March 2015).

[23] Transnational Institute (TNI), Access Denied: Land Rights and Ethnic Conflict in Burma, May 2013, p.4, http://www.tni.org/briefing/access-denied (Accessed 26 February 2015).

[24] Burma Environment Working Group, Burma's Environment: People, Polices and Problems, June 2011, p.17, http://www.bewg.org/pubs/finish/4/34 (Accessed 26th February 2015).

[25] The Human Rights Foundation of Monland – Burma, Disputed Territory: Mon Farmers' Fight Against Unjust Land Acquisition And Barriers To Their Progress, October 2013, p.38, http://www.rehmonnya.org/reports/DisputedTerritory.pdf (Accessed 6th March 2015); Karen News, Govt land confiscation commission lacks teeth, June 7th 2013, http://karennews.org/2013/06/govt-land-confiscation-commission-lacks-teeth.html/ (Accessed January 30th 2015).

ရရှိစေနိုင်ခဲ့သည်။ ကော်မရှင်ထံတွင် အယူခံပိုင်ခွင့်ရှိသော်လည်း တရားစီရင်ရေးလုပ်ငန်းစဉ်၏ ပြင်ပတွင်သာ ဖြစ်သည်။ သို့ဖြစ်၍ 'အမျိုးသား အကျိုးစီးပွား' အဖြစ် သတ်မှတ်ထားသော မည်သည့် စီမံကိန်းမဆို အမေးအမြန်း မရှိဘဲ ဆက်လက်လုပ်ဆောင်နိုင်မည်ဟု ယူဆနိုင်သည်။ တည်ဆဲဥပဒေများသည် လယ်သမားများအား ၎င်းတို့၏ မြေယာများကို ရင်းနှီးမြှုပ်နှံသူများမှ သိမ်းယူခြင်းအား ဥပဒေကြောင်းအရ အကာအကွယ် အနည်းငယ်သာ ပေးထားပြီး၊ ဆန့်ကျင်ဆန္ဒပြသူများမှာလည်း ထောင်ကျနိုင်သည့် ခြိမ်းခြောက်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်။

## <u>မြန်မာနိုင်ငံတွင် 'ရော်ဘာအတွက် အပူတစ်ပြင်း' ဖြစ်ခြင်း</u>

လွန်ခဲ့သည့် ၁၅ နှစ်ကာလအတွင်း မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများမှ မြေယာအပေါ် ရင်းနှီးမြှုပ်နှံမှုများ အကြီးအကျယ်လုပ်ဆောင်ခဲ့သည်ကို တွေ့ခဲ့ရသည်။[26] အစိုးရနှင့် နီးစပ်သော မြန်မာ့ စိုက်ပျိုးစီးပွားရေး လုပ်ငန်းများသည် မြေယာများကို တန်ဖိုးနည်းနည်း သို့မဟုတ် ကုန်ကျစရိတ်မရှိဘဲ ပိုင်ဆိုင်ရန် အခွင့်အလမ်းများစွာ ရရှိခဲ့ကြသည်။[27] မကြာသေးမီက ထုတ်ပြန်ခဲ့သော သစ်တောအခြေအနေအစီရင်ခံစာအရ ၂၀၁၃ ခုနှစ် အထိ ခန့်မှန်းခြေအားဖြင့် ရန်ကုန်မြို့ ဧရိယာ၏ ငါးဆ အရွယ်အစားရှိသော မြေဧက ၅.၃ သန်းကို စိုက်ပျိုးရေး အဓိကလုပ်ကိုင်သည့် ကုမ္ပဏီများ ကိုပေးအပ်ခဲ့သည်။ အများစုမှာ ပြည်တွင်းကုမ္ပဏီများဖြစ်သည်။[28] မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုးသူများနှင့် ထုတ်လုပ်သူများအသင်း၏ အဆိုအရ ဧက ၁.၅ သန်း ကို အိမ်နီးချင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများ ကဲ့သို့ ရော်ဘာစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးခဲ့သည်။[29]

*မြန်မာနိုင်ငံတွင် ချဲ့ထွင်မှု ပုံစံသစ်နှစ်ခု ပေါ်ထွက်လာခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် အတွင်း အစိုးရ၏ စိုက်ပျိုးရေး အပေါ် တစ်စွန်းတစ်စ ဖြေလျှော့ပေးမှုအဖြစ် စိုက်ပျိုးမြေများ ထုတ်ဖော်ရန် 'ရိုးရာ မဟုတ်သည့်' နယ်မြေသစ်များ အပေါ် ပစ်မှတ်ထားလာခဲ့သည်။ သို့နှင့် ရော်ဘာသည် မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်းများသို့ ချဲ့ထွင် ရောက်ရှိလာခဲ့သည်။ ယခင်က တောင်ယာများသာရှိခဲ့သော တောင်တန်းများတလျှောက် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် လွှမ်းခြုံသွားခဲ့သည်။ ဒုတိယတစ်ခုမှာ စီးပွားဖြစ် စိုက်ပျိုးသော ရော်ဘာလုပ်ငန်းကြီးများသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း နောက်ထပ် နယ်မြေသစ်များကို ပစ်မှတ်ထားလာခြင်း ဖြစ်သည်။ ဤတစ်ကြိမ်တွင် လက်ရှိ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးနေသူများ အနီးတစ်ဝိုက် တွင်ဖြစ်ပြီး ၎င်းတို့၏ မြေယာနှင့် သဘာဝအရင်းအမြစ်များ ရယူသုံးစွဲနိုင်မှုကို အကန့်အသတ်ဖြစ်စေခဲ့သည်။ ယင်းကို ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီး မြောက်ပိုင်းကဲ့သို့သော နေရာများတွင် တွေ့နိုင်သည်။ တစ်နိုင်တစ်ပိုင် တောင်သူများ၏ ယာမြေများအား သိမ်းယူခြင်း သို့မဟုတ် အစိုးရ မှ 'မြေလွတ်မြေရိုင်း'များအဖြစ်သတ်မှတ်ထားသော မြေယာများကို သိမ်းယူခြင်း စသည့် မြေယာချဲ့ထွင်သိမ်းဆည်းမှု ပုံစံ နှစ်မျိုးစလုံးသည် သစ်တောပြုန်းတီးမှု များပြားလာစေခြင်း၊ ဆင်းရဲတွင်း ပိုမိုနက်ရှိုင်းလာစေခြင်းနှင့် အချို့နေရာများတွင် မြေယာနှင့် အခြား သဘာဝသယံဇာတများဆိုင်ရာ ပဋိပက္ခများပိုမို တိုးပွားလာစေခြင်းတို့ဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ထိခိုက်စေလျက်ရှိသည်။* [30]

နိုင်ငံအတွင်း ရော်ဘာထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရန် ရည်ရွယ်သည်။ ပို့ကုန်၏ ၉၀ ရာခိုင်နှုန်းကို တရုတ်နှင့် အခြား အာဆီယံ ငါးနိုင်ငံဖြစ်သော မလေးရှား၊ စင်္ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့်

---

[26] Transnational Institute (TNI), Developing Disparity: Regional Investment in Burma's Borderlands, February 2013, P.35, http://www.tni.org/briefing/developing-disparity (Accessed 6th March 2015).
[27] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.5, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).
[28] Central and regional government data from 2013, as cited in Forest Trends, November 2013, Timber Trade Flows and Actors in Myanmar: The Political Economy of Myanmar's Timber Trade. Forest Trends Reports Series: Forest Trade and Finance, p10, http://www.forest-trends.org/documents/files/doc_4133.pdf
[29] Hla Myint, Myanmar Rubber Planters and Producers Association (MRPPA). Data is for the year 2013-14.
[30] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.1, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 6th March 2015).

အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့သည်။ သို့ရာတွင် မြန်မာနိုင်ငံအနှံ့ ရော်ဘာထုတ်လုပ်မှုမှာ စိုက်ပျိုးမြေဧရိယာနှင့် နှိုင်းယှဉ်ပါက နည်းပါးနေဆဲဖြစ်သည်။ အကြောင်းရင်းများတွင် ရော်ဘာပင်များ၏ အရည်အသွေး မပြည့်မီခြင်းနှင့် ရော်ဘာပင် စီမံခန့်ခွဲမှု အားနည်းခြင်း တို့လည်းပါဝင်သည်။[31] ရလဒ်အားဖြင့် ထွက်ရှိလာသော ရော်ဘာသည် မော်တော်ကားတာယာ ထုတ်လုပ်ရန် ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေး မမီသေးဘဲရှိနေသည်။[32] ထုတ်လုပ်မှု လျော့နည်းရခြင်း၏ အခြားအကြောင်းတစ်ခုမှာ စိုက်ပျိုးစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီများသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်ချက်မရှိဘဲ 'သစ်ခုတ်ခွင့်' ကို လိုချင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အိမ်နီးချင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများ တွင်တွေ့ရှိရသကဲ့သို့ပင် အချို့ကုမ္ပဏီများသည် သစ်တောများ ခုတ်ထွင်ရှင်းလင်းပြီးသည့်နောက်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို စွန့်ပစ်သွားကြသည်။[33]

ထို့အပြင် ကမ္ဘာ့ ရော်ဘာဈးကွက်ပျက်ခြင်းကြောင့် သဘာဝရော်ဘာ ဈေးနှုန်းသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ လတွင် တစ်ပေါင်လျှင် အမေရိကန် ဆင့် ၂၈၀ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် အမေရိကန် ဆင့် ၇၂ သို့ ကျဆင်းသွားခဲ့သည်။ ယင်းမှာ ဆယ်စုနှစ်အတွင်း အနိမ့်ဆုံး ဈေးနှုန်းဖြစ်သည်။ ဈေးနှုန်းမှာ ၂၀၁၅ ခုနှစ် မတ်လ အချိန်အထိ အလွန်အမင်း နည်းပါးနေဆဲဖြစ်ပြီး၊ လေ့လာသုံးသပ်သူများအနေဖြင့် ရော်ဘာလုပ်ငန်း၏ အနာဂတ်ကို ရေရာစွာ မခန့်မှန်းနိုင်သေးပေ။[34] ဈေးနှုန်းကျဆင်းခြင်းသည် မြန်မာအပါအဝင် ကမ္ဘာအနှံ့ ရော်ဘာစေးခြစ်ခြင်းကို နှေးကွေးသွားစေခဲ့သည်။[35]

<u>မြေယာသိမ်းယူမှုများတွင် တပ်မတော်၏ အခန်း ကဏ္ဍ</u>

*တပ်မတော်* (မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့) သည် မြန်မာ့ ကျေးလက်ဒေသနေ ပြည်သူလူထုထံမှ မြေယာ အမြောက်အများ သိမ်းယူခဲ့မှုတွင် တာဝန်ရှိသည်။[36] မြေယာများကို စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရန် သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများအား ငှါးရမ်းခြင်းဖြင့် အာဏာရှိ စစ်တပ်ထိပ်တန်းအလွှာများ၏ ဝင်ငွေတိုးတက်ရန် သိမ်းယူခဲ့ကြသည်။[37] စစ်တပ်သည် နယ်စပ်ဒေသများတွင်လည်း စစ်အခြေစိုက်စခန်းများနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ရန် မြေယာများ သိမ်းယူခဲ့သည်။

ထိုကဲ့သို့ စစ်တပ်မှ ရော်ဘာနှင့် အခြား စီးပွားဖြစ် သီးနှံများ အတွက် မြေယာသိမ်းယူရာတွင် ဒေသခံ တောင်သူ လယ်သမားများအား လျော်ကြေးတစုံတရာ ပေးအပ်ခြင်းမရှိဘဲ သိမ်းယူလေ့ရှိသည်။ ဒေသခံ တောင်သူ လယ်သမားများသည် မြေပိုင်ရှင်အဖြစ်မှ စိုက်ပျိုးခင်းများအတွက် အခမဲ့ လုပ်အားပေးရသော၊ မြေယာ

---

[31] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.5, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 6th March 2015).
[32] U Hla Myint, Myanmar Rubber Planters and Producers Association, personal communication, 2014.
[33] Over 60 per cent of the agricultural concessions (mainly biofuel and rubber) are located in just two regions: Tanintharyi Region and Kachin State - two of the most forested regions in the country. Data suggests that conversion timber from these agricultural concessions located in forested regions is mostly legal with government approval from both ministries of agriculture and forestry and exported via Yangon', Timber Trade Flows and Actors in Myanmar: The Political Economy of Myanmar's Timber Trade, Forest Trends, November 2013, p.10.
[34] Rubber Asia magazine, NR Shock: What's In Store?, November – December 2014 issue.
[35] Rubber Asia website, Global NR production hit by prices crash, Undated,http://www.rubberasia.com/v3/index.php?option=com_content&view=article&id=347:global-nr-production-hit-by-price-crash&Itemid=151) (Accessed 25 February 2015).
[36] International Crisis Group, Myanmar's Military: Back to the Barracks?, Asia Briefing N.143, 22nd April 2014, p.13, http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar/b143-myanmar-s-military-back-to-the-barracks.pdf (Accessed 4th March 2015).
[37] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.4, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).

အသုံးပြုမှုအတွက် ငှားရမ်းခပေးဆောင်ရသော သူရင်းငှားများအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။[38] အချို့နေရာများတွင် ရွာသားများအား စိုက်ခင်းများတွင် အလုပ်လုပ်ရန် ကမ်းလှမ်းခြင်း မခံရရုံသာမက နိုင်ငံ၏ အခြားဒေသများမှ လုပ်သားများကို ခေါ်ဆောင်လာသည်များလည်း ရှိသည်။ စစ်အင်အားဖြင့် ခြိမ်းခြောက်မှုသည် ယင်းမြေသိမ်းယူမှုများအပေါ် ဆန့်ကျင်ကန့်ကွက်မှု အနည်းငယ်ကိုသာ ဖြစ်ပေါ်စေခဲ့သည်။[39]

နိုင်ငံအား ပြုပြင်ပြောင်းလဲလိုသူများအနေဖြင့် မြေယာသိမ်းယူမှုများတွင် တပ်မတော်၏ အခန်းကဏ္ဍကို အဓိက ပြဿနာအဖြစ် ပိုမိုရှုမြင်လာကြသည်။ ၂၀၁၃ ခုနှစ် မေလတွင် မြန်မာနိုင်ငံ၏ ပြည်ထောင်စု လွှတ်တော်သို့ မြေယာ သိမ်းဆည်းမှု စုံစမ်းရေး ကော်မရှင်မှ ပထမဆုံး အစီရင်ခံစာကို တင်သွင်းခဲ့ရာတွင် စစ်တပ်မှ မြေယာ သိမ်းယူမှုများကို ဖောင်းပေး ဖော်ပြခဲ့သည်။ အစီရင်ခံစာတွင် ၂၀၁၂ ခုနှစ် ဇူလိုင်လ နှောင်းပိုင်းမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ အတွင်း ကော်မရှင်အနေဖြင့် တပ်မတော်မှ မြေယာ ဧက ၂၄၇၀၇၇ ဧက (ဟက်တာ တစ်သိန်းနီးပါး) ကို အတင်းအဓမ္မ သိမ်းယူခဲ့ကြောင်း တိုင်ကြားချက် ၅၆၅ခု လက်ခံရရှိခဲ့သည်ဟု ဖော်ပြခဲ့သည်။ ကော်မရှင်သည် စစ်တပ်အနေနှင့် အသုံးမပြုရသေးသော မြေယာများကို မူလ ပိုင်ရှင်များထံသို့ သို့မဟုတ် နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် အကြံပြုခဲ့သည်။ စစ်တပ်အနေဖြင့် အသုံးပြုပြီးဖြစ်သော မြေယာများအတွက် ထိခိုက်နစ်နာသွားသော လယ်သမားများအား လုံလောက်သော လျော်ကြေးငွေများ ပေးအပ်သင့်သည်။[40] ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီတွင် တပ်မတော်သည် သိမ်းဆည်းမြေများအနက်မှ ၁၅၄၁၁၆ ဧကကို မူလပိုင်ရှင်များလက်သို့ ပြန်လည် လွှဲပြောင်းပေးမည်ဟု ကြေငြာခဲ့သည်။ ယင်းမှာ စစ်တပ်မှ ယခင်က မြေယာ အမြောက်အများသိမ်းယူခဲ့ကြောင်း အချက်ပြမှုလည်း ဖြစ်သည် ။[41] ယင်းကြေငြာချက် နောက်ပိုင်းတွင် မြေယာများကို လယ်သမားများထံ တဖြည်းဖြည်းခြင်း ပြန်လည် ပေးအပ်လျက်ရှိကြောင်း ပြည်တွင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။[42] သို့ရာတွင် ပွင့်လင်းမြင်သာမှု စိုးစဉ်းမျှမရှိသော ကြောင့် ဖြစ်စဉ်၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာရန် မဖြစ်နိုင်ပါ။

## ပြုပြင်ပြောင်းလဲဖို့ အချိန်တန်ပြီလား

ပြုပြင်ပြောင်းလဲရန် အခွင့်အလမ်း ရှိပါသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရသည် အားလုံးကို ခြုံငုံနိုင်သော မြေယာ မူဝါဒ တစ်ခုရေးဆွဲရန် အစပျိုးခဲ့သည်။[43] လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနက မြေယာများ ခွဲဝေချထားရန် တာဝန်ရှိသော်လည်း မြေယာ မူဝါဒ မူကြမ်းရေးဆွဲရန် လုပ်ပိုင်ခွင့်ကိုမူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တော ဝန်ကြီးဌာနသို့ ပေးအပ်ခဲ့သည်။[44] ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် အစိုးရသည် အမျိုးသား မြေယာ မူဝါဒမူကြမ်းနှင့် နောက်ဆက်တွဲ မြေယာ ဥပဒေ ဆိုင်ရာ အစီအစဉ်များကို ပြည်သူလူထုမှ အကြံပေးသုံးသပ်နိုင်ရန် ထုတ်ပြန်ခဲ့သည်။[45]

---

[38] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.4, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).

[39] Asia Times Online, Land grabbing as big business in Myanmar, March 8th 2013, http://www.atimes.com/atimes/Southeast_Asia/SEA-01-080313.html (Accessed 4th February 2015).

[40] Irrawaddy website, Military Involved in Massive Land Grabs: Parliamentary Report, 5th March 2013, http://www.irrawaddy.org/human-rights/military-involved-in-massive-land-grabs-parliamentary-report.html (Accessed 4th March 2015).

[41] International Crisis Group, Myanmar's Military: Back to the Barracks?, Asia Briefing N.143, 22nd April 2014, p.13, http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar/b143-myanmar-s-military-back-to-the-barracks.pdf (Accessed 4th March 2015).

[42] Myanmar Times, Tatmadaw returns confiscated land to Sagaing farmers, 24th April 2014, http://www.mmtimes.com/index.php/national-news/10166-tatmadaw-returns-confiscated-land-to-sagaing-farmers.html (Accessed 4th March 2015).

[43] USAID, Land Use Policy Reform in Burma: Engaging Stakeholders & Regional Lessons, March 2014, http://usaidlandtenure.net/commentary/2014/03/land-use-policy-reform-burma-engaging-stakeholders-regional-lessons (Accessed 25th February 2015).

[44] Namati, Action on Myanmar's Land Policy, Undated, http://namati.org/myanmarlandpolicy/ (Accessed 24th February 2015).

[45] Myanmar Times, Government responds to public concern on land policy, 5th January 2015, http://www.mmtimes.com/index.php/national-news/12713-government-responds-to-public-concerns-on-land-

အဆိုပါ လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံရှိ မြေယာပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားသည့် ခိုင်မာမှုမရှိသော၊ သဟာဇာတမဖြစ်သော တည်ဆဲဥပဒေများကို ချိန်ညှိခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် မြေယာများနှင့် သယံဇာတရင်းမြစ်များကို မှန်ကန်စွာ ကာကွယ်နိုင်ရန် အရေးကြီးသော အခွင့်အလမ်း တစ်ရပ်ပေးအပ်လိုက်ခြင်း ပင်ဖြစ်သည်။ မူဝါဒ အတွက်  အသက်တမျှအရေးကြီးသည်မှာ တည်ဆဲ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများနှင့် အများပိုင် မြေယာစနစ်များကို အသိအမှတ်ပြု ထည့်သွင်းပြဋ္ဌာန်းရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၎င်း၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များဖြင့် မည်သို့ ရှေ့ဆက်သွားမည် ဆိုသည်နှင့် ပတ်သက်၍ ဆုံးဖြတ်ရန်  လမ်းဆုံတွင် ရောက်ရှိနေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရှေ့ဆက်သွားနေပြီး အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်များ ထပ်မံ ရေးထိုးလျက်ရှိနေရာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၏ တွန်းအားများဖြင့်  သဘာဝသယံဇာတ ကြွယ်ဝသော နယ်မြေများတွင် သယံဇာတ တူးဖော်ထုတ်လုပ်ရန် လမ်းစများ ပိုမို များပြားလာမည် ဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံ၏ အမျိုးသား မြေယာမူဝါဒသည် ဘက်စုံပြည့်စုံပါက ထပ်မံဖြစ်ပွားလာနိုင်သော မြေယာ သိမ်းယူမှုများကို ရပ်တန့်စေခြင်း၊ လက်ရှိ အငြင်းပွားမှုများနှင့် မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်သော လူမှုဘဝ တရားမျှတမှု မရှိခြင်းများကို ဖြေရှင်းပေးနိုင်ကာ၊ နောင်အနာဂါတ်တွင် တိုင်းပြည်အတွင်းရှိ တစ်နိုင်တစ်ပိုင် တောင်သူလယ်သမားများအား အကာအကွယ် ပေးနိုင်ပါမည်။ လိုအပ်ချက်များရှိခဲ့ပါက နောင်လာမည့်နှစ်များအတွင်း  မြန်မာနိုင်ငံနှင့် ပြည်သူလူထု သည် ဘေးဒုက္ခဆိုးများကို တွေ့ကြုံရပေလိမ့်မည်။

## <u>အခန်း ၂ - ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းကို ဂရုပြုလေ့လာခြင်း</u>

မြန်မာနိုင်ငံ၏ ၁၄ ခုသော အုပ်ချုပ်ရေး ဒေသကြီးများအနက် အကြီးဆုံးဖြစ်သော ရှမ်းပြည်နယ်သည် ဧက ၃၈.၅ သန်း (၁၅၅၈၀၀ စတုရန်း ကီလိုမီတာ) ကျယ်ဝန်းပြီး နိုင်ငံ၏ လေးပုံတစ်ပုံခန့်ကို လွှမ်းခြုံထားသည်။ ကမ္ဘောဒီးယားနိုင်ငံ အကျယ်အဝန်း၏ ၈၆ ရာနှုန်းနှင့် ညီမျှပြီး၊ တောင်ဖက်နှင့် အရှေ့တောင်ဖက်တွင် ထိုင်းနိုင်ငံနှင့် လာအို ပြည်သူ့ သမ္မတနိုင်ငံ၊ အရှေ့မြောက်ဖက်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိသည်။[46] လူဦးရေမှာ ခန့်မှန်းခြေ လေးသန်းနီးပါးရှိပြီး ပြည်နယ်၏ အမည်ကို အဓိက တိုင်းရင်းသား လူမျိုးစုဖြစ်သော 'ရှမ်း' ကို အစွဲပြုခေါ်ဝေါ်ထားသော်လည်း၊ အခြား တိုင်းရင်းသားလူနည်းစုများဖြစ်သော ပအိုဝ်း၊ ကိုးကန့်၊ လားဟူ၊ ဓနု၊ ပလောင် (တအာန် ဟုလည်းခေါ်သည်) နှင့် ဝ တို့လည်း ပါဝင်သည်။[47] ရှမ်းပြည်နယ်တွင် စိုက်ပျိုးမြေဧက ၁.၅ သန်းကျော်ရှိပြီး ဧက ၅၀၀၀၀၀ ကျော်မှာ လယ်မြေများ (စပါးစိုက်ပျိုးရန်) ဖြစ်သည်။ ပြည်နယ်အတွင်း စိုက်ပျိုးသော အခြားကောက်ပဲသီးနှံများတွင် ပြောင်း၊ ရော်ဘာ၊ ကြံ၊ နာနတ်၊ လက်ဖက်နှင့် ကော်ဖီ တို့ပါဝင်သည်။[48]

မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ကမ္ဘာတွင် ဒုတိယဘိန်း အများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပြီး အများစု ကို ရှမ်းနှင့် ကချင်ပြည်နယ်များတွင် စိုက်ပျိုးသည်။[49] ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂက မူးယစ်ဆေးဝါးနှင့်

---

policy.html (Accessed 24th February 2015); Global Witness' submission to the National Land Policy consultation is available at http://www.globalwitness.org/library/myanmarper centE2per cent80per cent99s-draft-national-land-policy

46 Finpro Malaysia, Myanmar Basic Country Study, March 2014, p28, http://www.finpro.fi/documents/10304/77620/Basic+Country+Study+Myanmar-final.pdf (Accessed 23rd February 2015).

47 UNICEF, Shan State: A Snapshot of Child Wellbeing, Undated, p.1, http://www.unicef.org/myanmar/Shan_State_Profile_Final.pdf (Accessed 23rd February 2015); Myanmar Travel website, Shan State page, http://myanmartravel.org/shan-state/ (Accessed 23rd February 2015).

48 MODiNS.NET website, Facts about Myanmar – Shan State, http://www.modins.net/myanmarinfo/state_division/shan.htm (Accessed 30th January 2015)

49 Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.6, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 30th January 2015).

ရာဇဝတ်မှုရုံး (UNODC) မှ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုမှာ ရှစ်နှစ်ဆက်တိုက် မြင့်တက်လာနေကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။[50] UNODC ၏ အရှေ့တောင်အာရှ ဘိန်းစစ်တမ်းအရ ယခင်နှစ်များကဲ့သို့ပင် ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံရှိ ဘိန်းစိုက်ပျိုးမှု အားလုံး၏ ၈၉ ရာခိုင်နှုန်း ရှိသည်။ ရှမ်းပြည်နယ် အတွင်းရှိ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင် လက်နက်ကိုင်အဖွဲ့ များစွာ ပါဝင်ပတ်သက်နေပြီး၊ နှစ်ပေါင်းကြာလာသည်နှင့် အမျှ အများစုမှာ ဘိန်းကုန်သွယ်မှု၏ ဝင်ငွေအပေါ် မှီခိုလာကြသည်။[51] ယင်းမှာ ဗဟိုအစိုးရ၏ တရားဝင် ကုန်သွယ်မှု လမ်းကြောင်းကို လက်ဝါးကြီးအုပ် ထိန်းချုပ်ထားခြင်းနှင့် အပစ်ရပ်အဖွဲ့များအား တရားမဝင် စီးပွားရေး လုပ်ငန်းများ အပေါ် မှီခိုစေခြင်း၏ ရလဒ် ဖြစ်သည်။[52]

ယခင်အခန်းတွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း မြေယာ ငှါးရမ်းအသုံးပြုခွင့် အာမခံချက်သည် ရှမ်းပြည်နယ်အတွင်း အလွန်အမင်း အားနည်းနေပြီး၊ ဒေသခံ လယ်သမားအများစုမှာ မြေယာများအား အမည်ပေါက်ပိုင်ဆိုင်ခြင်း မရှိသဖြင့် မြေယာသိမ်းဆည်းခံရရန် အလားအလာများ အလွန်များပြားစေသည်။ ဆယ်စုနှစ် ခြောက်ခုကြာ ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အကျိုးဆက်ဖြစ်သည့် နိုင်ငံတော်၏ စစ်ရေးတိုးချဲ့မှုများက အဆိုပါပြဿနာကို ပိုမိုကြီးထွားစေသည်။[53] တပ်မတော်သည် ရွာသားများထံမှ တိုက်ရိုက်မြေယာ သိမ်းယူကြောင်း၊ ရော်ဘာလုပ်ငန်း လုပ်ကိုင်ခွင့်ရသော ကုမ္ပဏီများသည် အများအားဖြင့် စစ်တပ်မှ တပ်မှူးများနှင့် လက်နက်ကိုင်အဖွဲ့များက ပိုင်ဆိုင်ခြင်း သို့မဟုတ် ပတ်သက်ခြင်းများ ရှိကြောင်း အစီရင်ခံမှုများ ရှိသည်။[54]

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏ မြောက်ပိုင်းပြည်နယ် နှစ်ခုတွင် စီးပွားဖြစ် ရော်ဘာရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ရည်ရွယ်ထားခဲ့သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း တို့တွင် ရော်ဘာစိုက်ခင်းများ များပြားလာသည်ကို တွေ့ရှိခဲ့ရပြီး၊ နှစ်ခုပေါင်းလျှင် တနိုင်ငံလုံး ရော်ဘာထုတ်လုပ်မှု၏ ၉၉.၅ ရာခိုင်နှုန်း ရှိသည်။[55] မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုးသူများနှင့် ထုတ်လုပ်သူများအသင်းမှ အချက်အလက်များအရ ၂၀၁၃ မှ ၂၀၁၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်တွင် ရော်ဘာစိုက်ဧက ၁၈၂၃၆၂ ရှိရာ မြန်မာနိုင်ငံ ရော်ဘာစိုက်ဧက စုစုပေါင်း၏ ၁၂

---

[50] UN Office on Drugs and Crime (UNODC) website, Opium production in the Golden Triangle continues at high levels, threatening regional integration, 8th December 2014, http://www.unodc.org/southeastasiaandpacific/en/2014/12/opium-survey-report/story.html (Accessed 23rd February 2015).

[51] Transnational Institute (TNI), Bouncing Back; Relapse in the Golden Triangle, Conflict Crime and Corruption, Undated, p5, http://www.tni.org/sites/www.tni.org/files/download/tni-2014-bouncingback-conflictcrimecorruption.pdf (Accessed 27th January 2015).

[52] Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.11, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 30th January 2015).

[53] Shan Herald Agency for News, Increased militarization in Shan State, 18th May 2005, http://www.atria.nl/epublications/2002/licencetorape/increased_militarization_in_shan.htm (Accessed 23rd February 2015); Irrawaddy website, Despite Ceasefire, Sexual Violence Continues in Shan State: Women's Group, http://www.irrawaddy.org/burma/despite-ceasefire-sexual-violence-continues-in-shan-state-womens-group.html (Accessed 23rd February 2015).

[54] Oxford Burma Alliance website, Ethnic Nationalities of Burma page, http://www.oxfordburmaalliance.org/ethnic-groups.html (Accessed 30th January 2015); Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.20, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 30th January 2015).

[55] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.1, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 30th January 2015); Document: Rubber Planted & Tapped Areas and Production by States/ Regions for the year 2013-14, collated by the Myanmar Rubber Planters and Producers Association (MRPPA) from information supplied by the Department of Industrial Crop Development part of the Ministry of Agriculture and Irrigation (MoAI). Obtained by Global Witness on 17th January 2015.

ရာခိုင်နှုန်း ရှိသည်။[56] ယင်းစုစုပေါင်းအတွင်းမှ ၂၅၄၈၁ ဧက (၁၄ ရာခိုင်နှုန်း) သာလျှင် လောလောဆယ် ရော်ဘာစေးခြစ်ခြင်း ရှိနေသည်။[57] ဤသို့ နည်းပါးနေခြင်းမှာ စိုက်ခင်းအများအပြားသည် သက်တမ်းအရ နုသေးသောကြောင့် ရော်ဘာစေး ထုတ်လုပ်ရန် အဆင်သင့်မဖြစ်သေးခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် စိုက်ခင်းအများအပြားတွင် ထုတ်လုပ်မှု နည်းပါးနေခြင်းမှာ အခန်း ၁ တွင် ဖော်ပြထားသည့်အတိုင်း အခြား အကြောင်းများကြောင့်လည်း ဖြစ်နိုင်သည်။

Global Witness ၏ စုံစမ်းစစ်ဆေးမှုကို ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ ဒေသတွင်း အကြီးဆုံး မြို့ဖြစ်သည့် လားရှိုးမြို့ အနီးတစ်ဝိုက်တွင် အထူးဂရုပြု လုပ်ဆောင်ခဲ့သည်။ စုံစမ်းစစ်ဆေးသူများသည် လားရှိုးမြို့မှတဆင့် တရုတ်-မြန်မာ နယ်စပ်အနီးရှိ မြို့ငယ်ကလေးများသို့ သွားရာ လမ်းကြောအတိုင်း သွားရောက်ခဲ့ပြီး အထူးသဖြင့် ဟိုပန်မြို့ (မြေပုံ ၁- စာ ၁၉ တွင်ကြည့်) တွင် စုံစမ်းစစ်ဆေးခဲ့သည်။ အဆိုပါနယ်မြေများသည် စီးပွားဖြစ် ရော်ဘာစိုက်ပျိုးမှုများ အတွက် အထူးပစ်မှတ် ဖြစ်သည်။[58] လုပ်ကိုင်ခွင့်ပြုထားသော မြေအကျယ်အဝန်းများမှာ အတော်အသင့်သေးငယ်ပြီး ကျေးရွာတစ်ရွာ သို့မဟုတ် ကျေးရွာ အုပ်စုတစ်ခုလျှင် ပျမ်းမျှ ဧက ၂၀၀ မှ ၄၀၀ အထိရှိကာ၊ အစိုးရ ထိန်းချုပ်ရာ ဒေသများတွင် တည်ရှိလေ့ရှိသည်။[59]

ဟိုပန်နှင့် လားရှိုးမြို့ အနီးဝန်းကျင်ဒေသများတွင် စစ်တပ် အခြေစိုက်မှုမြင့်မားပြီး ဟိုပန်သည် တရုတ်နယ်စပ်၊ ဝ ပြည်နယ်နှင့် ကိုးကန့်ဒေသတို့နှင့် ပိုမိုနီးကပ်သည်။ တချိန်တည်းမှာပင် ရှမ်းပြည်နယ် မြောက်ပိုင်း တစ်ခုလုံးကို ကွပ်ကဲရသော အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် သည် လားရှိုးမြို့တွင် အခြေစိုက်ပြီး ခြေလျင်တပ်ရင်း ၃၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံအနှံ့တွင် တပ်မတော်သည် 'မြေယာများပေါ်တွင် ရှင်သန်နေထိုင်ခြင်း' မူဝါဒကို ကျင့်သုံးခြင်းဖြင့် တပ်ရင်းများသည် မိမိတို့ကိုယ်တိုင် လယ်ယာစိုက်ပျိုးခြင်း၊ စီးပွားရေးလုပ်ခြင်းများမှ ရရှိလာသော ဝင်ငွေများဖြင့် လစာပေးသည်။ သို့ဖြစ်ရာ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သည် လားရှိုးမှ တရုတ်နယ်စပ် မူဆယ်အထိ လမ်းတလျှောက် စီးပွားဖြစ် စိုက်ပျိုးခင်းများ၊ သစ်တောများနှင့် စိုက်ခင်းအများအပြားကို ထိန်းချုပ်ထားသည်။[60] စစ်တပ်အား မြေယာကိစ္စရပ်များတွင် ပိုမိုပါဝင်စေသည့် အခြား အကြောင်းတစ်ရပ်မှာ မြေယာများကို အသုံးပြုခွင့် မပြုမီ ဒေသတွင်း စစ်တပ် တပ်မှူးများထံမှ ဖြစ်စေ သို့မဟုတ် ဗဟိုအဆင့် ထိပ်တန်းစစ်ခေါင်းဆောင်များထံမှ ဖြစ်စေ တပ်မတော်၏ ခွင့်ပြုချက်ကို ရယူရသောကြောင့် ဖြစ်သည်။[61]

ဤဒေသအတွင်းရှိ ကျေးရွာ အများအပြားသည် အမြင့်ပိုင်း ဒေသများတွင် တည်ရှိပြီး အလွန် ဝေးလံခေါင်ဖျားကာ လမ်းမကောင်းခြင်း သို့မဟုတ် အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ် မရှိခြင်းတို့ကြောင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိသည်။ ထို့အပြင် ကျေးရွာတွင် နေထိုင်သူ အများစုမှာ တိုင်းရင်းသား လူနည်းစုများ ဖြစ်ပြီး

---

[56] Document: Rubber Planted & Tapped Areas and Production by States/ Regions for the year 2013-14, collated by the Myanmar Rubber Planters and Producers Association (MRPPA) from information supplied by the Department of Industrial Crop Development part of the Ministry of Agriculture and Irrigation (MoAI). Obtained by Global Witness on 17th January 2015.
[57] Document: Rubber Planted & Tapped Areas and Production by States/ Regions for the year 2013-14, collated by the Myanmar Rubber Planters and Producers Association (MRPPA) from information supplied by the Department of Industrial Crop Development part of the Ministry of Agriculture and Irrigation (MoAI). Obtained by Global Witness on 17th January 2015.
[58] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.1, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 30th January 2015).
[59] Tom Kramer and Kevin Woods, Transnational Institute, Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.13, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 30th January 2015).
[60] The Economist, Myanmar's Army and the Economy: The Road up from Mandalay, 21st February 2015, http://www.economist.com/node/21553091 (Accessed 18th February 2015).
[61] Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.13, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 30th January 2015).

အများစုမှာ ရှမ်းတိုင်းရင်းသားများဖြစ်ကာ မြန်မာစကား မပြောတတ်ကြပေ။ ယင်းသည် ဗမာလူမျိုးများ လွှမ်းမိုးသည့် မီဒီယာနှင့် ဗျူရိုကရေစီယန္တရားအား လက်လှမ်းမမီစေဘဲ၊ ဖယ်ကြဉ်ခံထားရမှုကို ပိုမို ဆိုးရွားစေသည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက် ရက်စွဲဖြင့် လားရှိုးမြို့ရှိ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနရုံးမှ ရရှိသော တရားဝင် အချက်အလက်များအရ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးရန် စုစုပေါင်း ၁၆၂၃၂၄ ဧက ခွဲဝေသတ်မှတ်ပေးထားသည်။ ၎င်းတွင် Global Witness မှ အဓိက စုံစမ်းစစ်ဆေးခဲ့သည့် လားရှိုးနှင့် ဟိုပန် နယ်မြေမှ ၂၈၆၅၀ နှင့် ၄၁၄၁၄ ဧက အသီးသီး ပါရှိသည်။[62] ထို့ကြောင့် ဤနေရာ နှစ်ခုပေါင်း စိုက်ပျိုးမြေ ဧရိယာမှာ ကျယ်ပြန့်ကြီးမားပြီး၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းအတွင်း ရော်ဘာစိုက်ပျိုးရန် ခွင့်ပြုထားသော မြေယာ စုစုပေါင်း၏ ၄၃ ရာခိုင်နှုန်း ရှိသည်။

စိုက်ပျိုးထားသောနယ်မြေများအနက် ဟိုပန်ဒေသ၏ ရော်ဘာ ၃၉ .၅ ရာနှုန်းသည် ရော်ဘာစေး ထုတ်လုပ်လျက် ရှိနေပြီး၊ လားရှိုးဒေသတွင်မူ ၇.၉  ရာနှုန်းသာ ရှိသေးသည်။[63] တူညီသော အစိုးရ သတင်းရင်းမြစ်များအရ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း၏ စုစုပေါင်း ရော်ဘာထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ကီလို သန်းပေါင်း ၂၂.၂ (၂၄၄၇၁ တန်) ရှိပြီး မြန်မာရော်ဘာ စိုက်ပျိုးသူနှင့် ထုတ်လုပ်သူအသင်း၏  ကိန်းဂဏန်းများအရဆိုလျှင် တစ်နိုင်ငံလုံး ထုတ်လုပ်မှု၏ ၁၃.၈ ရာခိုင်နှုန်း ဖြစ်သည်။[64] လားရှိုးနှင့် ဟိုပန်ဒေသနှစ်ခုပေါင်းသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ထုတ်လုပ်မှုစုစုပေါင်း၏ ၄၈ ရာနှုန်း ရှိပြီး တစ်နိုင်ငံလုံး ရော်ဘာ ထုတ်လုပ်မှု၏ ၆.၇ ရာခိုင်နှုန်း ရှိသည်။

## <u>ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် မြေယာ သိမ်းယူခြင်းများ - အခြေအနေ အရပ်ရပ်။</u>

### က) တိုင်းရင်းသားများ ပြန့်နှံ့နေထိုင်ပုံ

မြန်မာနိုင်ငံ၏ တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်များတွင် အကျိုးအမြတ်များစွာရနိုင်သည့် သဘာဝ သယံဇာတ သိုက်များတွေ့ရှိရပြီး အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့သည်။[65] ဤသို့ တင်ပို့ရောင်းရခြင်းမှ ရသော အကျိုးခံစားခွင့်များမှာ စစ်တပ်ထံသို့ တိုက်ရိုက် ရောက်ရှိသွားသဖြင့် ဒေသခံလူထုမှာ အကျိုးခံစားရလေ့ မရှိပါ။ ယင်းမှာ စစ်အစိုးရ အဆက်ဆက်ကို တိုင်းရင်းသား လူမျိုးစုများမှ အစဉ်အဆက် မနှစ်လိုမှုနှင့် မြန်မာနိုင်ငံ ပင်မ ဗျူရိုကရေစီ လမ်းကြောင်း မှ ဝေးကွာသွားစေခဲ့သော အကြောင်းရင်း တစ်ခုပင်ဖြစ်သည်။[66]

စစ်တပ်သည် ရှမ်းပြည်နယ်ရှိ သဘာဝ သယံဇာတများအပေါ် အမြတ်ထုတ်ရန် ဒေသတွင်း အများဆုံး နေထိုင်သော ရှမ်းလူမျိုးများအပါအဝင် အခြားတိုင်းရင်းသားလူနည်းစု အုပ်စုများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ နှိမ့်ချ ခွဲခြား

---

[62] Document: Agricultural Development Department – Official Data on Rubber (Northeastern Shan State), dated 31st August 2014, obtained by Global Witness from an official from the Ministry of Agriculture and Irrigation for Lashio District, in October 2014.
[63] Document: Agricultural Development Department – Official Data on Rubber (Northeastern Shan State), dated 31st August 2014, obtained by Global Witness from an official from the Ministry of Agriculture and Irrigation for Lashio District, in October 2014.
[64] Document: Agricultural Development Department – Official Data on Rubber (Northeastern Shan State), dated 31st August 2014, obtained by Global Witness from an official from the Ministry of Agriculture and Irrigation for Lashio District, in October 2014; Document: Rubber Planted & Tapped Areas and Production by States/ Regions for the year 2013-14, collated by the Myanmar Rubber Planters and Producers Association (MRPPA) from information supplied by the Department of Industrial Crop Development part of the Ministry of Agriculture and Irrigation (MoAI). Obtained by Global Witness on 17th January 2015.
[65] Zin Linn, Asian Correspondent, Analysis: Burma’s natural resources curse, 18th October 2013, http://asiancorrespondent.com/114427/analysis-burmas-natural-resources-curse/ (Accessed 17th February 2015).
[66] Zin Linn, Asian Correspondent, Analysis: Burma’s natural resources curse, 18th October 2013, http://asiancorrespondent.com/114427/analysis-burmas-natural-resources-curse/ (Accessed 17th February 2015); Anders Engvall, SSE and Soe Nandar Linn, Myanmar Development Resource Institute - Centre for Economic and Social Development, article entitled ‘Development, natural resources and conflict in Myanmar’, article found on East Asia Forum website, 13th June 2013, http://www.eastasiaforum.org/2013/06/13/development-natural-resources-and-conflict-in-myanmar/ (Accessed 17th February 2015).

ဆက်ဆံခဲ့သည်။ ထို့အပြင် 'ဒေသတွင်း စီးပွားရေးလုပ်ငန်းများအား လွှမ်းမိုးချုပ်ကိုင်ထားခြင်း' ဖြင့် ဒေသခံ လူထုများအား ရော်ဘာစိုက်ပျိုးခင်းများနှင့် အခြား တူးဖော်ရေးဆိုင်ရာလုပ်ငန်းများ ဖော်ဆောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် အတင်းအကြပ် ဖယ်ရှားခဲ့သည်။[67] သို့ဖြစ်ရာ 'သယံဇာတ ကြွယ်ဝပြီး၊ ပဋိပက္ခ ဖြစ်ပွားနေသည့် တိုင်းရင်းသား နယ်မြေများ' တွင် တိုင်းရင်းသားများ နှိမ့်ချခွဲခြားဆက်ဆံခံရမှုနှင့် သယံဇာတ အမြတ်ထုတ်ခံရမှုများ ယှဉ်တွဲဖြစ်ပွား လျက်ရှိနေသည်။[68]

တိုင်းရင်းသား လူနည်းစု အုပ်စုများသည် အနည်းဆုံး မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့် ရှိပြီး နိုင်ငံ၏ ထက်ဝက်ခန့်တွင် ပြန့်နှံ့နေထိုင်ကြသည်။[69] သို့သော် နယ်ချဲ့စနစ်အောက်တွင် ပေါ်ပေါက်ခဲ့သော မြန်မာ့အမျိုးသားရေး လှုပ်ရှားမှုနှင့် လွတ်လပ်ရေးရပြီး နောက်ပိုင်း နိုင်ငံတော် အာဏာပိုင်နေရာများတွင် ဗမာလူမျိုးများ ကြီးစိုးခဲ့မှုက "မကြာခဏ ဆိုသလိုပင် ဗမာ့သမိုင်းကြောင်း အစဉ်အလာများမှ ဆင်းသက်လာသော ဗမာဆန်မှုကို အတင်းအကြပ် လက်ဆင့်ကမ်းခြင်း သို့မဟုတ် သွတ်သွင်းခြင်း" ဖြင့် ယဉ်ကျေးမှုများကို 'မြန်မာမှုပြု' (ဝါ ဗမာမှုပြု) ခံရကာ ကွဲပြားခြားနားသော လူမှုရေးရာ သွင်ပြင်လက္ခဏာများမှာ ဖိနှိပ်ချိုးနှိမ်ထားခြင်းခံကြရသည်။[70]

*၂၀၁၂ ခုနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ* ပါ ပြဋ္ဌာန်းချက်များတွင် တိုင်းရင်းသား လူနည်းစုများအား တရားဝင် အထူး ကာကွယ်မှုပေးထားသော်လည်း၊ အထက်တွင်ဖော်ပြခဲ့သည့် 'မြန်မာမှုပြုခြင်း' သည် တိုင်းရင်းသား လူနည်းစုများအား ခွဲခြားဆက်ဆံလေ့ရှိသော မြေယာအုပ်ချုပ်မှု ဥပဒေ မူဘောင်အတွင်း ပါရှိနေသည်။[71] ဥပမာအားဖြင့် မြေယာများကို တရားဝင် အမည်ပေါက် ပြဋ္ဌာန်းပေးရမည့် *ယာမြေ ဥပဒေ* သည် တိုင်းရင်းသား လူနည်းစု နယ်မြေများတွင် အသုံးများသော *တောင်ယာ* မြေအသုံးပြုမှုကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။[72] ယခင် အခန်းတွင် ဖော်ပြထားသည့် *မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ* နှင့် ပေါင်းစပ်လိုက်သည့်အခါ၊ အသုံးပြုခြင်းမရှိသော မြေယာများကို အလိုဆန္ဒရှိသော လူပုဂ္ဂိုလ်များအနေဖြင့် တောင်းခံ၊ အသုံးချနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် တိုင်းရင်းသား လူနည်းစုများ၏ မြေယာ များမှာ သိမ်းဆည်းခံရရန် အလားအလာများစေသည်။

---

67 Oxford Burma Alliance website, Ethnic Nationalities of Burma webpage, http://www.oxfordburmaalliance.org/ethnic-groups.html (Accessed 25th February 2015); Ecojesuit website, Resources, conflicts, and challenges in Myanmar ethnic communities, 30th September 2014, http://www.ecojesuit.com/resources-conflicts-and-challenges-in-myanmar-ethnic-communities/7105/ (Accessed 25th February 2015); The Economist, Myanmar's Army and the Economy: The Road up from Mandalay, 21st February 2015, http://www.economist.com/node/21553091 (Accessed 18th February 2015).

68 Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.28, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 30th January 2015).

69 Martin Smith with Annie Allsebrook, Anti-Slavery International, Ethnic Groups in Burma: Development, Democracy and Human Rights, 1994, p.17, http://www.ibiblio.org/obl/docs3/Ethnic_Groups_in_Burma-ocr.pdf (Accessed 04th February 2015).

70 Ashley South, Ethnic politics in Burma: States of Conflict, Routledge, 2008, p.28 https://books.google.co.uk/books?id=55Z9AgAAQBAJ&pg=PA28&lpg=PA28&dq=Ashley+South,+Ethnic+politics+in+Burma:+States+of+Conflict,+per cent22often+sought+to+perpetuate+per centE2per cent80per cent93+and+impose+per centE2per cent80per cent93+a+notion+of+Burmese-nes&source=bl&ots=TCRPleQp_V&sig=4TokP7ETY-QrQMvJAUfG1lpeec0&hl=en&sa=X&ei=opftVL-IGo_OaI_ugqgO&ved=0CCEQ6AEwAA#v=onepage&q=per cent22oftenper cent20soughtper cent20toper cent20perpetuateper cent20per centE2per cent80per cent93per cent20andper cent20imposeper cent20per centE2per cent80per cent93per cent20aper cent20notionper cent20ofper cent20Burmese-nes&f=false (Accessed 25th February 2015).

71 2012 Foreign Investment Law, unofficial English translation, 2nd November 2012, p.3, point 5, http://www.moj.go.jp/content/000123996.pdf (Accessed 25th February 2015); https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 04th February 2015).

72 Thomas Kean, The Myanmar Times, No Protection for Taungya Farmers in Bylaws: Experts, 22nd October 2012, http://www.mmtimes.com/index.php/national-news/2605-no-protection-for-taungya-farmers-in-bylaws-experts.html (Accessed 05 February 2015).

*တောင်ယာ* စိုက်ပျိုးရေးကို အသိအမှတ်ပြုခြင်း မရှိသည့်အပြင် မြေယာသိမ်းဆည်းသည့် အခါများတွင် အခြားထင်ရှားသော မြန်မာပြုမှု များအနက် တစ်ခုမှာ ဂန်ထမ်းခန့်ထားရေး ဖြစ်သည်။ စိုက်ပျိုးခင်းလုပ်ကိုင်သူများသည် ဒေသခံ တိုင်းရင်းသား လူနည်းစုများကို အလုပ်ခန့်ထားရန် အပြင်းအထန် ငြင်းဆိုကြပြီး၊ နိုင်ငံ၏ အခြားဒေသများမှ ရွှေ့ပြောင်းလုပ်သားများကို ခေါ်ယူရန်သာ လိုလားကြသည်။ စီးပွားရေးလုပ်ငန်းရှင်အများစုက ဒေသခံတိုင်းရင်းသားများကို ခေတ်နောက်ကျသူများ၊ ထုံထိုင်းသူများ၊ ပျင်းရိသူများဟု တံဆိပ်ကပ်လေ့ရှိပြီး ရော်ဘာစိုက်ခင်းများအား မည်သို့ ထိန်းသိမ်းရမည် ဆိုသည်ကို ဒေသခံ လယ်သမားများအား သင်ကြားပေးရန် ငြင်းဆိုကြောင်း သတင်းပို့မှုများ ရှိသည်။ ဒေသခံ တိုင်းရင်းသားများအနေဖြင့် ယင်းကဲ့သို့ ရွှေ့ပြောင်းရောက်ရှိလာမှုသည် ၎င်းတို့၏ တိုင်းရင်းသားလူဦးရေ နည်းပါးသွားစေရန်ရည်ရွယ်ချက်ဖြင့် အစိုးရမှ ဗမာလုပ်သား ရွှေ့ပြောင်းမှုအား မြှင့်တင်နေသည် ဆိုသည့် စွပ်စွဲချက်ကို ပိုမိုအားကောင်းစေ သည်။ ဌာနေတိုင်းရင်းသားများအတွက်မူ သူတို့အား အနိုင်ယူရန် မြန်မာအစိုးရ၏ မြန်မာပြုမှု နောက်ထပ်တစ်ခုသာ ဖြစ်တော့သည်။[73]

တိုင်းရင်းသား လူနည်းစု အုပ်စုများမှာ ဗဟိုအစိုးရ၏ ခွဲခြားဆက်ဆံမှုကို ခံရရုံသာမက၊ မကြာသေးမီက ဖွဲ့စည်းခဲ့သော ရှမ်းပြည်နယ် တိုင်းဒေသကြီးဆိုင်ရာ အစိုးရအဖွဲ့တွင် ကိုယ်စားပြုခွင့်လည်း အပြည့်အဝ မရရှိပါ။ လက်ရှိတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီနှင့် တပ်မတော်က ပြည်နယ် ဥပဒေပြု လွှတ်တော် နေရာများအနက် ၆၃ ရာခိုင်နှုန်းကို ရယူထားရာ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်မှုများအပေါ် စိုးမိုးလျက်ရှိသည်။[74] ပြည်နယ် အုပ်ချုပ်ရေး၏ အရေးပါသော နေရာများကိုလည်း ပြည်ခိုင်ဖြိုးပါတီက ရယူထိန်းချုပ်ထားပါသည်။[75]

### ခ) ပြည်တွင်းစစ်၏ အမွေဆိုး

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ အတွင်း ရှမ်းပြည်နယ်တွင် လူမျိုးရေးကိစ္စများနှင့် ခွဲခြား၍မရအောင် ယှက်နွယ်နေသည့် ပြည်တွင်းစစ်သည် အတိုင်းအဆအမျိုးမျိုးဖြင့် ဖြစ်ပွားနေခဲ့သည်။[76] ဗဟိုအစိုးရတပ်များနှင့် တိုင်းရင်းသား လူနည်းစုများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ပိုမိုရရှိရန်တောင်းဆိုနေသည့် သောင်းကျန်းသူ အဖွဲ့အစည်း အုပ်စုများအကြား ပဋိပက္ခများဖြစ်ပွားနေခြင်းဖြစ်သည်။[77] ဤဖြစ်ရပ်များသည် စစ်တပ်မှ တိုင်းရင်းသား လူနည်းစု အရပ်သားများအပေါ် ဆက်လက်ခြိမ်းခြောက်နိုင်ရန် အခြေအနေပေးသည်။[78] ယင်းသည် ရှမ်းပြည်နယ် အတွင်းရှိ ဒေသခံ တိုင်းရင်းသားလူနည်းစုများအတွင်း ပြင်းထန်သည့် အကြောက်တရားများ ဖြစ်ပေါ်စေပြီး၊ အခြားတစ်ဖက်တွင် အထူးသဖြင့် စစ်တပ်နှင့် နီးစပ်သော ခရိုနီများသည် အရေးမယူခံရဘဲ မြေယာသိမ်းယူခွင့်ရှိစေသည်။[79]

လက်နက်ကိုင်တပ်ဖွဲ့များအချင်းချင်း တစ်ဖွဲ့မှတစ်ဖွဲ့သို့ ခွဲထွက်ခြင်း၊ မဟာမိတ်ပြုခြင်း၊ ပေါင်းစည်းခြင်း၊ အစိုးရတပ်ဖွဲ့များနှင့် သော်လည်းကောင်း အချင်းချင်းသော်လည်းကောင်း အတူတကွ ယှဉ်တွဲနေထိုင်ခြင်း၊ အပစ်အခတ်ရပ်စဲခြင်း၊ ပေါ်ပေါ်ထင်ထင်တိုက်ခိုက်ခြင်းများဖြင့် ရှမ်းပြည်နယ်အတွင်းရှိ သောင်းကျန်းမှု

---

[73] Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.47, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 18 February 2015).
[74] Transnational Institute (TNI), Burma Policy Briefing Number 4, December 2010, p.6, http://www.tni.org/sites/www.tni.org/files/download/bpb4final.pdf (Accessed 17th February 2015).
[75] Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.17, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 04th February 2015).
[76] European Commission, Humanitarian Implementation Plan (HIP), 29th October 2014, p.1, http://ec.europa.eu/echo/files/funding/decisions/2014/HIPs/Myanmar-Thailand_en.pdf (Accessed 25th February 2015).
[77] Oxford Burma Alliance, Refugees, IDPs,and Ongoing Armed Conflict in Burma, Undated, http://www.oxfordburmaalliance.org/refugees--conflict.html (Accessed 25th February 2015).
[78] Global Centre for the Responsibility to Protect, Policy Brief, March 2010, p.1, http://responsibilitytoprotect.org/Applyingper cent20theper cent20Responsibilityper cent20toper cent20Protectper cent20toper cent20Burmaper cent20Myanmar.pdf (Accessed 25th February 2015).
[79] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

သမိုင်းကြောင်းမှာ ရှုပ်ထွေးလှသည်။[80] သတင်းမီဒီယာ နှင့် စောင့်ကြည့်လေ့လာသောအဖွဲ့များ၏ အစီရင်ခံချက်များအရ ပြည်တွင်းစစ်ကာလ တလျှောက်တွင် တပ်မတော်သည် ပေါ်တာဆွဲခြင်းဟု ခေါ်သော အဓမ္မလုပ်အားခိုင်းစေမှုများကို အရပ်သားများ အထူးသဖြင့် လူနည်းစု တိုင်းရင်းသားများအား ပစ်မှတ်ထား၍ မကြာခဏ လုပ်ဆောင်လေ့ရှိပြီး၊ ရှမ်းပြည်နယ်တွင် အစောဆုံး ၁၉၈၀ ခုနှစ်များဆီကပင် စတင်ခဲ့သည်။[81]

၁၉၉၈ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ ရှမ်းလူမျိုး ဒုက္ခသည်များအား အဓမ္မလုပ်အားစေခိုင်းခံရသော အတွေ့အကြုံများကို တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော ရွာသားများ အားလုံးနီးပါးသည် စစ်တပ်အတွက် လုပ်အား ပုံစံအမျိုးမျိုးအတွက် အတင်းအဓမ္မ ခိုင်းစေခြင်း ခံခဲ့ကြရသည်။ ယောကျ်ားအများအပြားသည် စစ်တပ်အတွက် ပေါ်တာအဖြစ် ကြုံရာကျပန်းဖမ်းဆီးခံရပြီး၊ စစ်သားများ ကျေနပ်အောင် တာဝန်မထမ်းဆောင်နိုင်ပါက ရိုက်နှက်ခံခဲ့ကြရသည်။ အစာရေစာ အနည်းငယ်သာ ကျွေးမွေးခဲ့ပြီး မည်သည့်အခါမျှ အခကြေးငွေ မရရှိခဲ့ကြပါ။[82] မြန်မာအစိုးရက တရားဝင် ငြင်းဆိုထားသော်လည်း မကြာသေးမီက ထုတ်ပြန်ထားသော အစီရင်ခံစာများအရ ဤအလေ့အထအား ဆက်လက်ကျင့်သုံးနေသေးကြောင်း သိရှိရသည်။[83]

စောင့်ကြည့်လေ့လာရေးနှင့်  ထောက်ခံအားပေးရေး အဖွဲ့အစည်းများသည် တပ်မတော်အနေဖြင့် အရပ်သားများမှ ၎င်းတို့အား ကြောက်ရွံ့လာစေရန် လုပ်ဆောင်သည့် အဓမ္မ လုပ်အားခိုင်းစေခြင်းနှင့် ပေါ်တာဆွဲခြင်းအပြင် အခြားနည်းလမ်းများကိုလည်း မှတ်တမ်းတင် ပြုစုထားကြသည်။ ရှမ်းပြည်နယ်အတွင်းရှိ အရပ်သားများသည် စစ်တပ်နှင့် အခြား အစိုးရအာဏာပိုင်များ၏ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် ဥပဒေမဲ့ သတ်ဖြတ်ခြင်းအစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ပွဲများဖြစ်နေစဉ်နှင့် တိုက်ပွဲမရှိသည့် အချိန် နစ်ခုစလုံးတွင် ခံစားကြရသည်။[84] ထို့အပြင် စစ်တပ်သည် မြေယာသိမ်းယူမှုများနှင့် ဆက်နွှယ်နေသည့် မလျော်မကန်လုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်နေသည်ဟုလည်း စွပ်စွဲမှုများရှိသည်။[85]

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် ပဋိပက္ခ၏ စစ်ရိပ်စစ်ခြည်များ ဆက်လက်လွှမ်းမိုးနေပြီး၊ အခါအားလျော်စွာ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိနေသေးသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်နှင့် ကိုးကန့်သူပုန် တို့အကြား ဖြစ်ပွားသော ပြင်းထန်သည့် တိုက်ပွဲများကြောင့် ဒါဇင်နှင့်ချီသော စစ်သားများ ကျဆုံးခဲ့ပြီး သောင်းနှင့်ချီသော ဒုက္ခသည်များ တရုတ်နိုင်ငံဖက်သို့ ထွက်ပြေးခဲ့ရသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အစိုးရက ကိုးကန့်ဒေသကို ရက် ၉၀ ကြာ အရေးပေါ် အခြေအနေ ကြေငြာခဲ့ရပြီး၊ ယခုအစီရင်ခံစာ ရေးသားချိန်အထိ ယင်းအမိန့်မှာ အသက်ဝင်နေဆဲဖြစ်သည်။[86]

---

80 Carl Grundy-Warr and Elaine Wong, Geopolitics of Drugs and Cross-Border Relations: Burma-Thailand, 2001, p.112, https://www.dur.ac.uk/resources/ibru/publications/full/bsb9-1_grundy.pdf (Accessed 23rd February 2015).

81 War Resister's International, Country reports and updates: Burma (Myanmar), 27th July 1998, http://www.wri-irg.org/programmes/world_survey/country_report/en/Burmaper cent20(Myanmar) (Accessed 25th February 2015); Amnesty International, Myanmar: Atrocities in the Shan State, 15th April 1998, p. 13, http://www.amnesty.org/en/library/asset/ASA16/005/1998/en/e71d1ccf-daea-11dd-903e-e1f5d1f8bceb/asa160051998en.pdf  (Accessed 04th February 2015).

82 Amnesty International, Myanmar: Atrocities in the Shan State, 15th April 1998, p. 13, http://www.amnesty.org/en/library/asset/ASA16/005/1998/en/e71d1ccf-daea-11dd-903e-e1f5d1f8bceb/asa160051998en.pdf  (Accessed 04th February 2015).

83 Human Rights Watch, Dead Men Walking, 13th July 2011, p.7, http://www.hrw.org/node/100194/section/7 (Accessed 4th February 2015).

84 Oxford Burma Alliance website, Ethnic Nationalities of Burma webpage, http://www.oxfordburmaalliance.org/ethnic-groups.html (Accessed 30th January 2015).

85 Human Rights Watch, Burma/US: Kerry Should Press Rights Concerns, 6th August 2014, http://www.hrw.org/news/2014/08/06/burmaus-kerry-should-press-rights-concerns (Accessed 04th February 2015).

86 Guardian, Burma declares state of emergency after dozens of soldiers die in rebel region, http://www.theguardian.com/world/2015/feb/18/burma-declares-state-of-emergency-after-dozens-of-soldiers-die-in-rebel-region (Accessed 18th February 2015).

နှစ်ပေါင်း ခြောက်ဆယ် ကြာညောင်းခဲ့သော ပဋိပက္ခများသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ တိုင်းရင်းသား လူနည်းစုများအပေါ် စိတ်ဒဏ်ရာများ စွဲထင်ကျန်နေစေခဲ့သည့်အပြင် သူတို့၏ မြေယာများ သိမ်းယူသွားချိန်တွင် ဆန့်ကျင်ရန် အလွန်အမင်း ကြောက်ရွံ့နေခဲ့ကြသည်။ ဤဒေသအတွင်း သိမ်းယူမှုအများစုကို တပ်မတော်မှ တိုက်ရိုက်သိမ်းယူခြင်း သို့မဟုတ် စစ်တပ်နှင့် အနိုင်အမာ ပတ်သက်နေသော ကုမ္ပဏီများနှင့် အခြား ပုဂ္ဂိုလ်များက လုပ်ဆောင်ခဲ့ခြင်း ဖြစ်ရာ အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။[87] စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး ခရိုနီများသည် ‘ယူနီဖောင်း’ ဟူသော ဝေါဟာရကို ထုတ်ဖော်မပြောဆိုရဲလောက်အောင် အကြောက်လွန်နေကြသော ဖယ်ကြဉ်ထားခံရသည့် တိုင်းရင်းသားများထံမှ မြေယာများကို အကြောက်တရားအပေါ် အခွင့်ကောင်းယူ၍ သိမ်းဆည်းသွားခဲ့ကြခြင်း ဖြစ်သည်။[88]

## ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် မြေယာ သိမ်းယူခြင်းများ- အချို့သော တွန်းအားများက အဘယ်နည်း။

### က) ပုဂ္ဂလိကပိုင် ပြုခြင်း အစီအစဉ်

၁၉၈၀ ခုနှစ်များ နောက်ပိုင်းတွင် စစ်အစိုးရသည် မြန်မာနိုင်ငံ၏ အထီးကျန်ပြီး၊ တုံ့နေသော စီးပွားရေးကို ပြန်လည်အသက်သွင်းရန်အလို့ငှာ စီးပွားရေးနှင့် နိုင်ငံရေး လစ်ဘရယ်ဝါဒသို့ သွားရာလမ်းကြောင်း တစ်ခုကို စတင်ရှာဖွေခဲ့သည်။[89] *၁၉၉၀ ခုနှစ် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေ* က ပုဂ္ဂလိကကဏ္ဍ အတွက် မူဘောင်တစ်ခုကို တည်ဆောက်ပေးခဲ့ပြီး၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်ကို ရှေ့ဆက်လုပ်ဆောင်နိုင်ရန် ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။[90] သို့ရာတွင် ဤအစီအစဉ်သည် အရင်းအနှီးနည်းပါးသော ပုဂ္ဂလိက ကဏ္ဍကြောင့် ၂၀၀၄ ခုနှစ်သို့ ရောက်သည်အထိ အောင်မြင်မှု အနည်းအကျဉ်းသာ ရရှိခဲ့သည်။[91]

မြန်မာ့အစိုးရ၏ ပွင့်လင်းမြင်သာမှုနည်းပါးသော ပုံစံကြောင့် အတည်ပြုနိုင်ပြီး ပြည့်စုံသော သတင်းအချက်အလက်များ ရရှိရန် ခက်ခဲခဲ့သော်လည်း၊ ၂၀၀၀ ခုနှစ်များအလယ်နှင့် နှောင်းပိုင်းများတွင် ပုဂ္ဂလိကပိုင်ပြုရေး အစီအစဉ်သည် အတန်အသင့် စတင် အရှိန်အဟုန် ရလာခဲ့ပုံပေါ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်သတင်းဌာနဖြစ်သော ဆင်ဟွာသတင်းဌာန အဆိုအရ ၂၀၀၅ ခုနှစ် ဇူလိုင်လအထိ လွန်ခဲ့သောဆယ်စုနှစ် တစ်ခုအတွင်း ပုဂ္ဂလိကပိုင်

---

87 Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.13, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 30th January 2015).

88 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

89 Lee Jones, The Political Economy of Myanmar's Transition, 2012, p.5, http://www.google.co.uk/url?sa=t&rct=j&q=&esrc=s&source=web&cd=1&cad=rja&uact=8&ved=0CCYQFjAA&url=httpper cent3Aper cent2Fper cent2Fwww.esrc.ac.ukper cent2Fmy-esrcper cent2Fgrantsper cent2FRES-061-25-0500per cent2Foutputsper cent2FDownloadper cent2Fa4031837-fae7-49b1-866d-1beae8edde17&ei=GMbtVNyHE4XsaIv_grAJ&usg=AFQjCNGneuUTEW0419SgZsoeSGcjr0jAkw&bvm=bv.86956481,d.d2s (Accessed 25th February 2015).

90 1990 Private Industrial Enterprise Law, unofficial translation. http://www.burmalibrary.org/docs15/1990-SLORC_Law1990-22-Private_Industrial_Enterprise_Law-en.pdf (Accessed 25th February 2015); Mr U Thein Tun, Director of Project Appraisal and Progress Reporting Department (PAPRD) , Ministry of National Planning and Economic Development, Myanmar, Experiences of Myanmar Privatization Programme, undated, http://www.csstc.org/reports/egm/P4/Presentation_myanmar.htm (Accessed 25th February 2015).

91 Myat Thein, Economic Development of Myanmar, 2004, p.151–153, https://books.google.co.uk/books?id=u98EBAAAQBAJ&pg=PA151&lpg=PA151&dq=Myat+Thein,+Economic+Development+of+Myanmar+per cent27had+very+little+successper cent27&source=bl&ots=5PEUWyoVIT&sig=-91rwJ_RDEeiXe34SV9F848QuUI&hl=en&sa=X&ei=J8vtVOTiD8zuaKGpgNAC&ved=0CCEQ6AEwAA#v=onepage&q=Myatper cent20Theinper cent2Cper cent20Economicper cent20Developmentper cent20ofper cent20Myanmarper cent20'hadper cent20veryper cent20littleper cent20success'&f=false (Accessed 25th February 2015); Mr U Thein Tun, Director of Project Appraisal and Progress Reporting Department (PAPRD) , Ministry of National Planning and Economic Development, Myanmar, Experiences of Myanmar Privatization Programme, undated, http://www.csstc.org/reports/egm/P4/Presentation_myanmar.htm (Accessed 25th February 2015).

ပြုခဲ့သော လုပ်ငန်းပေါင်း ၁၀၀ နီးပါး ရှိသည် ဟုသိရသည်။[92] ၂၀၀၇ ခုနှစ် ဧပြီလသို့ အရောက်တွင် ယင်းကိန်းဂဏန်းမှာ နှစ်ဆတိုးကာ ၂၁၅ သို့ ရောက်ရှိသွားခဲ့သည်။[93]

ဤကဲ့သို့သော အရှိန်အဟုန်မြှင့်လာခြင်းမှာ မည်သို့ ဖြစ်ပေါ်လာသည်ကို ပြန်ကြည့်သည့်အခါ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က စစ်အစိုးရမှ ထုတ်ပြန်ခဲ့သော 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသို့ ဦးတည်သည့် လမ်းပြမြေပုံ' ခုနှစ်ဆင့်အား အရေးကြီးသော အချိုးအကွေ့တစ်ခုအဖြစ် တွေ့မြင်ခဲ့ကြသည်။[94] လမ်းပြမြေပုံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် တစ်ရပ်ပြဋ္ဌာန်းရန်၊ ဥပဒေပြုမဏ္ဍိုင်တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ  ကျင်းပရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ စနစ် တစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်များအား တစ်ဆင့်ခြင်း အကောင်အထည်ဖော်ရန်တို့ ပါဝင်သည်။[95]

ထို့ကြောင့် ၂၀၀၃ ခုနှစ်မှစတင်၍ တပ်မတော်မှ ဗိုလ်ချုပ်ကြီးများသည် များမကြာမီအချိန်တွင် တိုင်းပြည်၏ နိုင်ငံရေး စနစ်အား ချုပ်ကိုင်ထားမှုများအပေါ် ဖြေလျှော့ပေးရတော့မည် ဆိုသည်ကို သေချာစွာ သဘောပေါက်လာကြသည့် အချိန်မှစ၍ တိုင်းပြည်၏ စီးပွားရေးကဏ္ဍကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလာခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် မြန်မာစီးပွားရေးအပေါ် လေ့လာစောင့်ကြည့်ရေး စီမံကိန်းမှ ပါမောက္ခ ရှောင်တာနယ် (Professor Sean Turnell) က *"သူတို့ (လက်ရှိ စစ်အစိုးရနှင့် နီးစပ်သူများ) အတွက် တကယ့်တွန်းအားကတော့ နိုင်ငံရေးအခြေအနေ ဘယ်လိုဘဲဖြစ်နေပစေ သူတို့လက်ထဲမှာ ချမ်းသာကြွယ်ဝမှုတွေ ကျန်နေရစ်ဖို့ဖြစ်တယ်။"* ဟု ပြောဆိုခဲ့သည်။[96] ၂၀၁၄ ခုနှစ် မတ်လတွင် ပုဂ္ဂလိကပိုင်ပြုရေး အစီအစဉ်များနှင့် ပတ်သက်၍ သမ္မတ ဦးသိန်းစိန်၏ စီးပွားရေးအကြံပေးချုပ်ဖြစ်သူ ဦးမြင့်က လုံလောက်သော ဥပဒေအခြေခံ သို့မဟုတ် ပွင့်လင်းမြင်သာမှုမရှိဘဲ လုပ်ဆောင်နေခြင်းဖြစ်ကြောင်းကို *"ပြည်သူတွေက နိုင်ငံရဲ့ ပိုင်ဆိုင်မှုတွေအားလုံး ခရိုနီတွေ လက်ထဲ ရောက်သွားမှာ စိုးရိမ်နေကြတယ်။"* ဟုပြောကြားခဲ့သည်။[97]

**Global Witness မှ စုံစမ်းစစ်ဆေးခဲ့သော ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ မြေယာ သိမ်းယူခံရမှု အများစုကို (အခန်း ၃ နှင့် ၄ တွင်လည်း ဆွေးနွေးထားသည်) တပ်မတော်မှ ၂၀၀၆ ခုနှစ်ပတ်ဝန်းကျင်တွင် ပုဂ္ဂလိကပိုင် ပြုရေး အစီအစဉ် အရှိန်မြှင့် လုပ်ဆောင်နေသည့် အချိန်နှင့် တိုက်ဆိုင်စွာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။[98] သို့ဖြစ်ရာ ဤမြေယာ သိမ်းယူမှုများမှာ တပ်မတော်နှင့် သူ၏ နိုင်ငံရေး၊ စီးပွားရေး လုပ်ဖော်ကိုင်ဖက် ခရိုနီများမှ မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတများနှင့် တိုင်းပြည်၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ရန် ကြိုးပမ်းချက်များအနက်မှ တစ်ခုဖြစ်သည်ဟု အကျိုးအကြောင်း ဆီလျော်စွာ ကောက်ချက်ချနိုင်ပါသည်။ ၎င်းမှာ ၂၀၁၁ ခုနှစ်တွင် တိုင်းပြည်အား ပြင်ပကမ္ဘာသို့  တံခါးဖွင့်မပေးမီ  စစ်တပ်**

[92] The People's Daily website, Myanmar to Auction off More State Owned Factories, 14th July 2005, http://en.people.cn/200507/14/eng20050714_196067.html (Accessed 05th February 2015).
[93] The People's Daily website, Over 200 State-Owned Enterprises Privatized by Myanmar, 04th April 2007, http://en.people.cn/200704/04/eng20070404_363700.html (Accessed 25th February 2015) http://en.people.cn/200704/04/eng20070404_363700.htm (Accessed 05th February 2015).
[94] Min Zin and Brian Joseph, The Opening of Burma: The Democrats' Opportunity, Journal of Democracy, October 2012, Volume 23, Number 4, p.106, http://www.journalofdemocracy.org/sites/default/files/Zin-23-4.pdf (Accessed 18th February 2015).
[95] H-E. U Khin Maung Win, Burma library online, Myanmar Institute of Strategic and International Studies, Seminar on Understanding Myanmar, 27th-28th January 2004, http://www.ibiblio.org/obl/docs/KMWroadmap104.htm (Accessed January 29th 2015).
[96] BBC News Asia Pacific website, Burma to Privatise 90per cent of its Companies, 14th January 2011, http://www.bbc.co.uk/news/world-asia-pacific-12188585 (Accessed 4th February 2015).
[97] Myanmar Times, Privatisation Law Essential, Say Economists, 30th March 2014, http://www.mmtimes.com/index.php/business/property-news/10015-privatisation-law-essential-say-economists.html (Accessed 4th February 2015).
[98] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

**အင်စတီကျူးရှင်းများက ရယူထားသော စီးပွားရေးဆိုင်ရာ ဩဇာအာဏာများကို စစ်တပ်အထက်တန်းလွှာနှင့် နီးစပ်သူများထံ လွှဲပြောင်းရန် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။**[99]

### ခ) တရုတ်နိုင်ငံမှ တွန်းအားများ

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် ရော်ဘာထုတ်လုပ်မှု တိုးတက်လာခြင်းနှင့် ဆက်စပ် မြေယာသိမ်းယူမှုများ များပြားလာခြင်းကိစ္စတွင် အထက်ဖော်ပြပါ ပြည်တွင်းမှ အကြောင်းတရားများအပြင် အခြားအားကောင်းသော တွန်းအား တစ်ရပ်မှာ မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးမှု အရှိဆုံးသော အိမ်နီးချင်းဖြစ်သည့် တရုတ်နိုင်ငံ ဖြစ်သည်။

ပထမဆုံးသော  တရုတ်ရော်ဘာစီမံကိန်းကို မြန်မာနိုင်ငံတွင် ၁၉၉၀ ခုနှစ်များအတွင်း စတင်ခဲ့ကာ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် အသေးစား စီမံကိန်းများ အဖြစ်သာ ရှိခဲ့သည်။ ယင်းစီမံကိန်းများကို တရုတ်နိုင်ငံ၏ ဘိန်းအစားထိုးသီးနှံ အစီအစဉ် (OCSP) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အကောင်ထည်ဖော်ခဲ့ခြင်းဖြစ်သည်။[100] ယင်းဖွံ့ဖြိုးရေး အစီအစဉ်များကို တရုတ်အစိုးရ၏ ကမကထ ပြုမှုဖြင့် တရုတ်ကုမ္ပဏီများအား မူးယစ်ဆေးဝါး ဘိန်း စိုက်ပျိုးမှုကို ရော်ဘာကဲ့သို့သော စီးပွားဖြစ် သီးနှံများဖြင့် အစားထိုး စိုက်ပျိုးရန် ကမ်းလှမ်းခဲ့သည်။ ဤအစီအစဉ်သည် တရုတ်နိုင်ငံအတွင်း မူးယစ်ဆေးဝါးပြဿနာနှင့် ဆက်စပ်လျက်ရှိသော ခုခံအားကျဆင်းမှုရောဂါ (HIV/AIDS) ပြန့်ပွားမှုကို လျှော့ချရန် ရည်ရွယ်သည့်အပြင် တရုတ်အာဏာပိုင်များ အနေဖြင့် သူတို့၏ နယ်စပ်တံခါးဝတွင် 'ထုံးတမ်းစဉ်လာမဟုတ်သော' လုံခြုံရေး ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားသည်ကို ဖြေရှင်းရန် ကြိုးပမ်းမှုတစ်ခုဖြစ် သည်ဟုလည်းဆိုသည်။[101] ၂၀၀၆ ခုနှစ်တွင် OCSP အစီအစဉ်ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်း ရော်ဘာစိုက်ပျိုးမှုအတွင်းသို့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများစွာ ရွှေ့ပြောင်းဝင်ရောက်လာမှုနှင့်အတူ အဆိုပါ ကဏ္ဍတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု သိသာစွာ မြင့်တက်လာခဲ့သည်။ ၂၀၀၉  ခုနှစ်သို့ရောက်သောအခါ ယင်းအစီအစဉ်အောက်တွင် ယူနန်ပြည်နယ်မှ ၈၀ ရာခိုင်နှုန်း ပါသော တရုတ်ကုမ္ပဏီပေါင်း ၁၉၈ ခု ရှိနေပြီဖြစ်သည်။ စိုက်ပျိုးထားသော သီးနှံများအနက် ရော်ဘာမှာ လူကြိုက်အများဆုံး ဖြစ်သည်။[102]

**OCSP  အစီအစဉ်အပြင် ၁၉၉၀ ခုနှစ်များမှ စတင်ခဲ့သည့် တရုတ်နိုင်ငံ၏ ရော်ဘာဝယ်လိုအား မြင့်တက်လာခဲ့ခြင်းနှင့် ဒွန်တွဲနေသည့် တရုတ်ပြည်တွင်း၌ ရော်ဘာစိုက်ပျိုးရန် သင့်လျော်သည့်မြေယာရှားပါးမှုသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသများရှိ  မြေယာသိမ်းယူမှုများ၏ တွန်းအားဖြစ်စေခဲ့သည်။**[103] **တရုတ် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကုမ္ပဏီ နှစ်မျိုးစလုံးသည် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို စတင်ပြုလုပ်လာ ကြသည်။** [104] **၂၀၁၂ ခုနှစ်တွင် ကမ္ဘာတဝှမ်း သဘာဝ ရော်ဘာထုတ်လုပ်မှုအား  ၂၀၂၀ ခုနှစ်အရောက်တွင် ခန့်မှန်းခြေ တန် ၁၆ သန်း ရှိမည်ဟု ခန့်မှန်းထားရာ ကမ္ဘာတဝှမ်း လိုအပ်ချက်ပြည့်မီရန် နှစ်စဉ် တန်ချိန် ၁.၄ သန်း**

---

[99] Voice of America, Burma's Path to Privatization Keeps Armed Forces in Economic Control, 24th January 2011, http://www.voanews.com/content/burmas-path-to-privatization-keeps-armed-forces-in-economic-control-114568884/134008.html (Accessed 25th February 2015).

[100] Kevin Woods, Rubber-planting and military state-making: military private partnerships in northern Burma, New Mandala, February 4th 2011, http://asiapacific.anu.edu.au/newmandala/2011/02/04/rubber-planting-and-military-state-making-military-private-partnerships-in-northern-burma/ (Accessed February 5th 2015).

[101] Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.6 and p.22-23, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 31st January 2015).

[102] Tom Kramer and Kevin Woods, Transnational Institute (TNI), Financing Dispossession: China's Opium Substitution Programme in Northern Burma, February 2012, p.22, http://www.burmalibrary.org/docs13/tni-financing_dispossesion.pdf (Accessed 31st January 2015).

[103] The Rubber Economist, The China Factor, http://www.therubbereconomist.com/The_Rubber_Economist/China_factor.html (Accessed January 30th 2015); Kevin Woods, Political Ecology Of Rubber Production in Myanmar: An Overview, December 2012, p.1, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 30th January 2015).

[104] Kevin Woods, Rubber planting and military-state making: military-private partnerships in northern Burma, New Mandala, 4 February 2011, http://asiapacific.anu.edu.au/newmandala/2011/02/04/rubber-planting-and-military-state-making-military-private-partnerships-in-northern-burma/ (Accessed 25 February 2015).

**လိုအပ်နေနိုင်သည်။[105] ယင်းဂယ်လိုအား မြင့်တက်လာမှု၏ သုံးပုံတစ်ပုံကျော်မှာ တရုတ်နိုင်ငံမှ ဖြစ်မည်ဟု ခန့်မှန်းကြသည်။[106] တရုတ်နိုင်ငံ၏ တိုးပွားနေသော လူလတ်တန်းစားများ၏ ကားပိုင်ဆိုင်မှု များလာခြင်းနှင့်အတူ ကားတာယာ လိုအပ်ချက်လည်း ပိုမို မြင့်မားလာနိုင်သောကြောင့် ဖြစ်သည်။**

OCSP နှင့် စီးပွားရေး လိုအပ်ချက်များ၏ တွန်းအားကြောင့် တရုတ် ရင်းနှီးမြှုပ်နှံသူများသည် ရှမ်းပြည်နယ်အတွင်း ရော်ဘာ ထုတ်လုပ်မှုအပေါ် အခိုင်အမာ ချုပ်ကိုင်လာသည်ဟု စွပ်စွဲချက်များ ရှိသည်။[107] အမှန်တကယ်တွင်မူ စွပ်စွဲချက်များကဲ့သို့ပင် မြေပြန့်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်း များစွာ လုပ်ကိုင်ခွင့်ရှိသော ပြည်တွင်းကုမ္ပဏီ အများစုနှင့် ဆန့်ကျင်ဘက်ဖြစ်သော တရုတ်ကုမ္ပဏီများသာ သို့မဟုတ် တရုတ်ကုမ္ပဏီများက ကျောထောက်နောက်ခံပြုထားသော မြန်မာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များသာ ဤဒေသတွင် ရော်ဘာ လုပ်ကိုင်ခွင့်ကို ရရှိနိုင်သည်။[108]

မြန်မာနိုင်ငံ ရော်ဘာထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို ပြည်ပတင်ပို့ရသည်ဟု ဆိုခဲ့လျှင် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းသည် တရုတ်နိုင်ငံနှင့် နီးကပ်ခြင်းတို့ကြောင့် ဤဒေသအတွင်းမှ ရော်ဘာထုတ်လုပ်မှု အားလုံးမဟုတ်လျှင်ပင် အများစုကို တရုတ်နိုင်ငံသို့ တင်ပို့ နေသည်ဟု ကောက်ချက်ချရန် သင့်တော်ပေသည်။[109] ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း Global Witness မှ စုံစမ်းစစ်ဆေးသူများသည် ရော်ဘာအား နိုင်ငံခြားတင်ပို့မှုနှင့်ဆိုင်သော အချက်အလက်များ ရယူနိုင်ရန် ရှမ်းပြည်နယ်ရှိ တရုတ် နိုင်ငံနယ်စပ်သို့ ဖြတ်ကူးနိုင်သော နေရာများသို့ သွားရောက်ခဲ့သည်။ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ဝ ပြည်နယ်နှင့် ကိုးကန့် ဒေသကြားတည်ရှိပြီး နယ်စပ်ဂိတ်အသေးတစ်ခုဖြစ်သည့် ချင်းရွှေဟော် (မြေပုံ ၁- စာ ၁၉ တွင်ကြည့်) မှ အကောက်ခွန် အရာရှိတဦးက ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ဤနယ်စပ်ဂိတ်မှ တဆင့် နိုင်ငံခြားသို့ တင်ပို့ခဲ့သော ရော်ဘာပမာဏမှာ တန် ၂၇၀ (၂၄၄၉၄၀ ကီလို) ရှိသည်ဟု စုံစမ်းစစ်ဆေးသူများကို ပြောပြသည်။[110] ယင်းကိန်းဂဏန်းကို လစဉ် တင်ပို့မှု၏ ပျမ်းမျှအဖြစ်ယူဆပါက လားရှိုးနှင့် ဟိုပန် ဒေသများမှ ထုတ်လုပ်သော ရော်ဘာအားလုံး၏ သုံးပုံတစ်ပုံ ရှိပြီး ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသ တစ်ခုလုံးရှိ ရော်ဘာထုတ်လုပ်မှုအားလုံး၏ ခုနှစ် ရာခိုင်နှုန်း နီးပါးရှိသော ရော်ဘာများသည် မြန်မာမှ တရုတ်နိုင်ငံသို့ ချင်းရွှေဟော် အကောက်ခွန်ဂိတ်မှ တဆင့် ဖြတ်သန်းသွားခြင်း ဖြစ်သည်။ [111]

၂၀၁၄ ဒီဇင်ဘာတွင် စုံစမ်းစစ်ဆေးသူများသည် အကောက်ခွန်ဂိတ် အမှတ် ၁၀၅ သို့ သွားရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန် ပြည်နယ် အကြား အဓိက နယ်စပ်ဖြတ်ကျော်ဂိတ်တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်

[105] Teo Ser Luck, Singapore Minister of State for Trade and Industry, Presentation at World Rubber Summit 2012, Singapore.
[106] International Union for Conservation of Nature (IUCN) and al, Discussion paper: rubber investments and market linkages in Lao PDR – approaches to sustainability, p.39, http://cmsdata.iucn.org/downloads/lao_rubber_investments___final_en___20_mar_09.pdf (Accessed 25 February 2013).
[107] Kevin Woods, Rubber Planting and Military State-making: military-private partnerships in northern Burma, New Mandala, 4th February 2011, http://asiapacific.anu.edu.au/newmandala/2011/02/04/rubber-planting-and-military-state-making-military-private-partnerships-in-northern-burma/ (Accessed 2nd February 2015).
[108] Kevin Woods, Food Sovereignty: A Critical Dialogue, International Conference Yale University, September 14-15 2013, p.10, http://www.tni.org/sites/www.tni.org/files/download/25_woods_2013.pdf (Accessed 30th January 2015).
[109] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.7, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf (Accessed 30th January 2015).
[110] Interview with customs officer at Chin Shwe Haw border gate between China and Myanmar, interview conducted on 14th October 2014.
[111] Document: Agricultural Development Department – Official Data on Rubber (Northeastern Shan State), dated 31st August 2014, obtained by Global Witness from an official from the Ministry of Agriculture and Irrigation in Lashio in October 2014.

မြောက်ပိုင်း မူဆယ်တွင် တည်ရှိပြီး လားရှိုးမြို့ မြောက်ဖက် ၁၈၀ ကီလို (၁၁၁ မိုင်) အကွာတွင်တည်ရှိသည်။[112] အကောက်ခွန်ဂိတ် အရာရှိများ ထံမှရရှိသော စာရင်းများအရ ၂၀၁၄ ခုနှစ် ဧပြီ ၄ ရက်မှ ဒီဇင်ဘာ ၅ ရက်အတွင်း အကောက်ခွန် ဂိတ် အမှတ် ၁၀၅ မှတဆင့် မြန်မာမှ တရုတ်နိုင်ငံသို့ ရော်ဘာတင်ပို့မှုမှာ ၁၆၆၇၈ တန် (ကီလို သန်းပေါင်း ၁၅.၁၃) ရှိပြီး တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၄.၄ သန်း ရှိသည်။ ၂၀၁၃ ခုနှစ် တူညီသော ကာလ အတွင်း ကိန်းဂဏန်းများမှာ ရော်ဘာ ၁၅၁၂၄ တန် (ကီလိုသန်းပေါင်း ၁၃.၇၂) ရှိသော်လည်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄.၆ သန်း ရှိသည်။ ထို့ကြောင့် မူဆယ်ဂိတ်ကို ဖြတ်ပြီး တင်ပို့သော ရော်ဘာပမာဏသည် ချင်းရွှေဟော်ကို ဖြတ်သော ပမာဏထက် ၇.၅ ဆ များသည်။

**ရော်ဘာတင်ပို့မှု ၁၀ ရာခိုင်နှုန်း တိုးလာခြင်းမှာ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းများတွင် ရော်ဘာစေး စတင်ထုတ်လုပ်မှု ရှိလာနေကြောင်း ဖော်ပြနေပြီး၊ အထက်တွင် ဖော်ပြထားသကဲ့သို့ တန်ဖိုးလျော့နည်းသွားခြင်းမှာ အခန်း ၁ တွင်တင်ပြထားသည့်အတိုင်း ကမ္ဘာ့ ရော်ဘာဈေး ကျဆင်းနေခြင်းကြောင့် လိုချင်သော ဈေးနှုန်းကို မရနိုင်ဘဲရှိနေသည်။ ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ရှမ်းပြည်နယ်အတွင်း ရော်ဘာအတွက် မြေယာသိမ်းဆည်းခြင်းများ လျော့နည်းသွားခြင်းရှိမရှိကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ယခုအချိန်ထိ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးမူဝါဒ၏ အကျိုးသက်ရောက်မှု မရှိသေးဘဲ၊ အစိုးရမှ ရော်ဘာအား ဦးစားပေး သီးနှံအဖြစ် ဆက်လက် စိုက်ပျိုးရန် တွန်းအားပေးလျက်ရှိသည်။**[113]

## အခန်း ၃ - စိန်ဂုတ်မှုံအား ဂရုပြုလေ့လာခြင်း

Global Witness ၏ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသရှိ လယ်ယာမြေ သိမ်းယူမှုများကို စုံစမ်းစစ်ဆေးမှုများအရ စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး အထက်တန်းလွှာများ သည် ဒေသခံရွာသားများထံမှ မြေယာများကို အပြစ်ပေး အရေးယူခံရခြင်းမရှိဘဲ သိမ်းယူရန် နောက်ကွယ်တွင် လျှို့ဝှက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။[114] ရလဒ် အနေဖြင့် ပွင့်လင်းမြင်သာမှုနည်းပါးပြီး၊ ပတ်သက်သူများအားလုံး လွတ်လပ်စွာ မြေယာသိမ်းဆည်းခြင်းများ၊ လျှို့ဝှက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ထုံးစံလိုဖြစ်နေသည်။

Global Witness သည် ပွင့်လင်းမြင်သာမှုများ အားနည်းသည့် ကြားမှပင် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် မြေဧရိယာ အကြီးမားဆုံး ထိန်းချုပ်ထားသည့် ရော်ဘာကုမ္ပဏီမှာ စိန်ဂုတ်မှုန်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။[115] စုံစမ်းစစ်ဆေးမှုများက စိန်ဂုတ်မှုန်ကုမ္ပဏီသည် တပ်မတော်နှင့် ဒေသခံ အစိုးရဂန်ထမ်းများဖြင့် တရားဝင် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် သံသယရှိဖွယ်ကောင်းသောနည်းလမ်းပေါင်းစုံဖြင့် မြေယာများရရှိအောင် မည်သို့ စီမံဆောင်ရွက်ခဲ့သည်ကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။

Global Witness သည် ကျေးရွာပေါင်း တစ်ဆယ့်တစ်ရွာမှ အကျိုးသက်ရောက်မှု ခံခဲ့ရသော ရွာသား ၁၂၄ ဦး၊ အစိုးရ အရာရှိများ၊ အငြိမ်းစား စစ်တပ် အရာရှိများ၊ သတင်းထောက်များနှင့် မြေယာအရေး လှုပ်ရှားသူများ ပါဝင်သည့် လူဦးရေ ၂၀ ကျော်ကို တစ်ဦးချင်းနှင့် အုပ်စုလိုက် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ တယ်လီဖုန်းဖြင့် မေးမြန်းမှု ၃ ခုမှ လွဲ၍ ကျန် တွေ့ဆုံမေးမြန်းမှုအားလုံးနီးပါးကို Global Witness စုံစမ်းစစ်ဆေးသူများက မျက်နှာချင်းဆိုင် တွေ့ဆုံ မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စုံစမ်းစစ်ဆေးသူများသည် အခြား သုတေသနများ ပြုလုပ်ခဲ့ပြီး အစိုးရ၏ တရားဝင် စာရွက်စာတမ်းအများအပြားကိုလည်း ရယူနိုင်ခဲ့သည်။

---

112 Myanmar travel information website, Muse - Shan State page, http://myanmartravelinformation.com/shan-state/muse.html (Accessed 27th February 2015).
113 Hla Myint, Myanmar Rubber Planters and Producers Association.
114 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).
115 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

စုံစမ်းစစ်ဆေးမှုမှာ ၁၈ လ ကြာမြင့်ခဲ့ပြီး၊ ကွင်းဆင်း သုတေသနကို ၂၀၁၄ ခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလအတွင်း လုပ်ဆောင်ခဲ့သည်။ ထိုကာလ အတွင်း Global Witness မှ စုံစမ်းစစ်ဆေးသူများသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းသို့ သီးခြား ခရီးစဉ် ၅ ခု ထွက်ခဲ့ပြီး၊ ကွင်းဆင်းလုပ်ငန်းခွင်တွင် စုစုပေါင်း ရက်သတ္တပတ် ၉ ပတ်နီးပါး ကြာမြင့်ခဲ့သည်။

ဤအခန်းတွင် အသေးစိတ် လေ့လာထားသော စိန်ဂဝတ်မှုန်ကုမ္ပဏီနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ ၎င်း၏ ရော်ဘာ စိုက်ခင်းများ အကြောင်း ဖော်ပြထားသည်။ အထူးသဖြင့် ကုမ္ပဏီမှ ဒေသခံ လူထု၏ ဆန္ဒအားဆန့်ကျင်ပြီး မြေယာများကို ထိန်းချုပ်မှုရလာအောင် မည်သို့ စီမံခန့်ခွဲခဲ့ကြောင်းနှင့် ဒေသခံများ၏ ဘဝများအပေါ် မည်သည့် အကျိုးသက်ရောက်မှုများရှိခဲ့သည်ကို လေ့လာထားသည်။ အောက်ဖော်ပြပါအခန်း (အခန်း ၄) တွင် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် ရော်ဘာစိုက်ခင်းများစိုက်ပျိုးရန်အတွက် မြေယာသိမ်းယူခဲ့မှုများတွင် အဓိကပါဝင်သူ အချို့ကို အကြမ်းဖျဉ်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် Global Witness သည် စိန်ဂဝတ်မှုန် ပိုင်ရှင်နှင့် ဒါရိုက်တာ ဦးမောင်မြင့်ထံ *သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ* အစီရင်ခံစာတွင် ဖော်ပြထားသည့် သက်သေအထောက်အထားများ အပေါ် ထင်မြင်ချက်ပေးရန် စာရေးသား တောင်းဆိုခဲ့သည်။ မတ်လ ၇ ရက်နေ့တွင် လက်ခံရရှိသော တုန့်ပြန်စာတွင် ဦးမောင်မြင့်က သူနှင့် စိန်ဂဝတ်မှုံအပေါ် ဤအစီရင်ခံစာတွင် ဖော်ပြထားသော စွပ်စွဲချက်များအားလုံးကို ငြင်းဆိုခဲ့သည်။ ဦးမောင်မြင့်က သူနှင့် ကုမ္ပဏီသည် သီးခြားအဖွဲ့အစည်းဖြစ်ကြောင်း ထပ်တလဲလဲ အသားပေး ဖော်ပြခဲ့သော်လည်း ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ရော်ဘာစိုက်ခင်းများတွင် နှစ်ဦးနှစ်ဖက်စလုံး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြောင်း အသိအမှတ်ပြုခဲ့သည်။ ဦးမောင်မြင့်နှင့် စိန်ဂဝတ်မှုန်၏ ကိုယ်စား တုန့်ပြန်ချက်များကို အောက်ပါ အခန်းတွင် အကျဉ်းချုပ် ဖော်ပြထားသည်။

## စိန်ဝတ်မှုန်- ကုမ္ပဏီ မိတ်ဆက်

၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော စိန်ဝတ်မှုန် ကုမ္ပဏီ လီမိတက် သည် မြန်မာနိုင်ငံရှိ လုပ်ငန်းပေါင်းစုံ လုပ်ကိုင်သော ဦးဆောင်ကုမ္ပဏီများအနက် တစ်ခုဖြစ်သည်။ 'ဖြန့်ချီရေး ကုမ္ပဏီ' ဟု မိမိကိုယ်ကို ဖော်ပြထားပြီး ၂၀၀၀ ခုနှစ်များအတွင်း လုပ်ငန်းများတိုးချဲ့သည့်အနေဖြင့် အိုကေ နို့ဆီ၊ နာဆာ စက်ဆီ၊ ချောဆီ နှင့် တရုတ်နိုင်ငံပိုင် Hisense လျှပ်စစ်ပစ္စည်းများအစရှိသည့် ကုန်ပစ္စည်းများကို တိုးချဲ့ ဖြန့်ဝေခဲ့သည်။ ဤကုမ္ပဏီသည် စိန်ဝတ်မှုန်အုပ်စု၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး၊ မွေးမြူရေးနှင့် တိရစ္ဆာန် အစားအစာထုတ်လုပ်ရေးမှသည် လက်ဖက်ခြောက်နှင့် ရော်ဘာ စိုက်ပျိုးရေးများအထိ စီးပွားရေး လုပ်ငန်းအမျိုးမျိုး လုပ်ဆောင်သော မြန်မာကုမ္ပဏီ ၅ ခု အလွတ်သဘော စုစည်းဧ ထားခြင်း ဖြစ်သည်။[116]

မြန်မာ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ နောက်ပိုင်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ စုပြုံဝင်ရောက်လာခဲ့ရာ စိန်ဝတ်မှုံ အုပ်စု သည် အနောက်တိုင်း ကုမ္ပဏီများနှင့် လက်တွဲမှု အသစ်များကိုလည်း တွေ့မြင်လာရသည်။ ဖက်ရှင်လုပ်ငန်းများကို တိုးချဲ့ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် Skechers ဖိနပ်များနှင့် ရေလွှာလျှောစီးနှင့် နှင်းလျှောစီး ကုန်ပစ္စည်း အမှတ်တံဆိပ်ဖြစ်သည့် Quiksilver၊ Roxy၊ နှင့် DC အားကစားဝတ်စုံနှင့် ဖိနပ် တို့အတွက် မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော တရားဝင် ဖြန့်ချီသူ ဖြစ်လာခဲ့သည်။[117] ၂၀၁၃ ခုနှစ်တွင် အုပ်စု၏ အဖွဲ့ဝင် ကုမ္ပဏီ ငါးခုအနက်မှ တစ်ခုဖြစ်သော IMU လုပ်ငန်းစုသည် ပြည်တွင်း ဈေးကွက်အတင်း BAT စီးကရက်တံဆိပ်များကို ထုတ်လုပ်ရန်၊ ဖြန့်ဝေရန်နှင့် ဈေးကွက်တင်ရောင်းချရန် ဗြိတိန်-အမေရိကန် ဆေးရွက်ကြီး ကုမ္ပဏီ (BAT) ဖြင့် နှစ်ဦးအကျိုးတူ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ရန် သဘောတူညီခဲ့သည်။ BAT နှင့် IMU ဖက်စပ်လုပ်ငန်းသည် နောက်ငါးနှစ်အတွင်း

[116] Sein Wut Hmon company website, About page, http://swh.com.mm/?page_id=14 (Accessed 16th January 2015).
[117] Sein Wut Hmon company website, Fashion page, http://swh.com.mm/?page_id=185 (Accessed 16th January 2015).

အမေရိကန် ဒေါ်လာ သန်း ၅၀ ခန့် အသုံးပြု၍ စီးကရက် စက်ရုံတစ်ခုကို တည်ဆောက်ရန် စီစဉ်ထားသည်။[118] အဆိုပါကုမ္ပဏီများသည် စိန်ဝတ်မှုံ မြေယာသိမ်းယူမှုများတွင် မည်သို့မျှဆက်နွယ်မှု ရှိပုံမရပါ။

အစီရင်ခံစာ နောက်ပိုင်းတွင် ဤသုတေသန၏ အဓိက ဦးတည်ချက်ဖြစ်သည့် စိန်ဝတ်မှုံ ကုမ္ပဏီအား 'စိန်ဝတ်မှုံ' ဟုသာ ရည်ညွှန်းသုံးစွဲသွားပါမည်။ စိန်ဝတ်မှုံအုပ်စုကို ရည်ညွှန်းလိုပါက နာမည် အပြည့်အစုံကို အသုံးပြုသွားပါမည်။

ကုမ္ပဏီ၏ ရှယ်ယာ ၂၉၀၀ လုံးကိုထိန်းချုပ်ထားသည့် ဒါရိုက်တာ ဦးမောင်မြင့်မှာ စိန်ဝတ်မှုန် တစ်ခုလုံးအား ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။[119] သူသည် စုံစမ်းစစ်ဆေးသူ တစ်ဦးအား ကုမ္ပဏီ၏ ပိုင်ရှင်ဖြစ်သလို စီမံခန့်ခွဲမှုတွင်လည်း ပါဝင်ကြောင်း အတည်ပြုပြောကြားခဲ့သော်လည်း Global Witness အားပြန်ကြားခဲ့ သောစာတွင် ဦးမောင်မြင့်က 'ရှယ်ယာအချို့သာပိုင်ဆိုင်သည့် သာမာန် ဒါရိုက်တာဖြစ်ပြီး၊ စိန်ဂတ်မှုန်ကုမ္ပဏီ၏ မည်သည့်အခန်းကဏ္ဍတွင်မှ မပါရှိပါ' ဟု ရေးသားခဲ့သည်။

ဦးမောင်မြင့်နှင့် ပတ်သက်၍ လူသိရှင်ကြား သတင်းအချက်အလက်များ မရှိသလောက် ရှားသော်လည်း၊ လားရှိုးမြို့ရှိ စိန်ဂတ်မှုံကုမ္ပဏီ ဝန်ထမ်းတဦးက ဦးမောင်မြင့်သည် မြန်မာပြည်ဖွား တရုတ်လူမျိုး တစ်ဦးဖြစ်သည်ဟု Global Witness အား ပြောကြားသည်။[120] သူသည် တပ်မတော် အရာရှိကြီးတစ်ဦးဖြင့် အနီးကပ်ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့ပြီးနောက်ပိုင်း လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စီမံကိန်းလိုင်စင် အများအပြား ရရှိခဲ့သည်ဟု လားရှိုးမှ သတင်းထောက် တဦးက ဆိုသည်။[121] ထို့အပြင် စိန်ဂတ်မှုန်၏ လုပ်ငန်းခွင် မန်နေဂျာ ဦးမောင်မောင်က Global Witness မှစုံစမ်းစစ်ဆေးသူများအား *"ဒီဒေသမှာ ကျွန်တော်တို့ ကုမ္ပဏီပိုင်ရှင် ဦးမောင်မြင့်ကို မသိတဲ့သူ မရှိပါဘူး။ [တပ်မတော်က] ဗိုလ်ချုပ်ကြီးတွေ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ခရီးသွားတဲ့အခါ သူက အမြဲလိုက်ရပါတယ်။"* ဟုပြောဆိုခဲ့သည်။[122] သို့ရာတွင် ဦးမောင်မြင့်က ယင်းအချက်အပေါ်တွင် သူ့အနေဖြင့် စစ်တပ်မှအရာရှိအချို့နှင့် လူမှုရေးအရ ဆက်ဆံမှုရှိသော်လည်း စီးပွားရေးအရ ဆက်နွယ်မှု မရှိကြောင်းနှင့် သူတို့၏ ဒေသတွင်း ခရီးစဉ်များတွင် လိုက်ပါခဲ့ဖူးခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

**<u>စိန်ဝတ်မှုန်၏ ရော်ဘာအတွက် ရင်းနှီးမြှုပ်နှံမှုများ</u>**

၁၉၉၆ ခုနှစ်တွင် စိန်ဝတ်မှုန်သည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း တရုတ်နယ်စပ်အနီး ဟိုပန် မြို့နယ်အတွင်း ရော်ဘာ စိုက်ခင်း ဧက ၄၀၀ ဖြင့် စတင်ခဲ့သည်။ ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာတွင် အဆိုပါစိုက်ခင်းသည် ယခင် ဘိန်းထုတ်လုပ်သူများ အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အရောက်တွင် ယင်းဧက ၄၀၀ ပေါ်တွင် ရော်ဘာပင်များ အပြည့်စိုက်ပျိုးခဲ့ပြီး၊ ၂၀၀၄ ခုနှစ်တွင် ရော်ဘာစေး စတင်ထုတ်လုပ်နိုင်ခဲ့သည်။[123]

စိန်ဂတ်မှုန်သည် ကိုယ်ပိုင်စိုက်ခင်းများမှ အရည်အသွေး အဆင့်မြင့်သည့် ရော်ဘာစိမ်းများ ထုတ်လုပ်နိုင်ရန် တရုတ်နယ်စပ်မှ တစ် ကီလိုမီတာ (၀.၆၂ မိုင်) ကွာဝေးသော ချင်းရွှေဟော် မြို့နယ်တွင် 'ရော်ဘာသန့်စင်စက်ရုံ' တစ်ခုကို တည်ဆောက်ခဲ့သည်။ စက်ရုံသည် တစ်ရက်လျှင် သန့်စင်ပြီး ရော်ဘာ သုံးတန် (၂၂၇၁ ကီလို) ထုတ်လုပ်နိုင်သည်။ ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာတွင် ရွှေဂတ်မှုန်ကုမ္ပဏီသည် ပထမစက်ရုံ ထုတ်လုပ်မှုထက်

[118] Sein Wut Hmon company website, Tobacco Business page, http://swh.com.mm/?page_id=120 (Accessed 16th January 2015).
[119] Open Corporates website, Sein Wut Hmon page, https://opencorporates.com/companies/mm/968-1994-1995 (Accessed 16th January 2015).
[120] Phone conversation with Sein Wut Hmon staff member on 28th August 2014.
[121] Interview with a freelance reporter in Lashio, Shan State, interview conducted in Lashio on 6th August 2014.
[122] Interview with U Maung Maung, site manager of Sein Wut Hmon, on 7th August 2014 in the company's management office in the region of Homusel in Lashio.
[123] Sein Wut Hmon company website, Plantation page, http://swh.com.mm/?page_id=96 (Accessed 16th January 2015).

လေးဆ ပိုမိုထုတ်လုပ်နိုင်သော ဒုတိယစက်ရုံကို တည်ဆောက်နေကြောင်း ဖော်ပြထားသည်။[124] ယင်းစက်ရုံ မည်သည့်နေရာတွင် တည်ရှိသည်ဆိုသည့် အချက်အလက်ကို မသိရှိရပါ။

စိန်ဂဝတ်မှုန်ပိုင်ရှင် ဦးမောင်မြင့်က ကုမ္ပဏီ၏ ရော်ဘာစိုက်ခင်းများအားလုံးမှာ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင်ရှိသည်ဟု Global Witness မှ စုံစမ်းစစ်ဆေးသူများကို ပြောသည်။[125] သူက စိန်ဂဝတ်မှုန်သည် ဒေသတွင်းရှိ အခြားသော ပုဂ္ဂလိကကုမ္ပဏီများအားလုံးထက် မြေဧရိယာ အကျယ်ဆုံး ပိုင်ဆိုင်ကြောင်း ပြောဆိုသည်။ ယင်းအချက်ကို အခြားသတင်းရင်းမြစ်များ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ကွင်းဆင်းလေ့လာမှုများ အရ အတည်ပြုနိုင်သည်။[126] ၂၀၁၅ ခုနှစ် မတ်လအတွင်း ဦးမောင်မြင့်မှ Global Witness သို့ ရေးသားသည့်စာတွင် ဒေသတွင်း ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် လားရှိုးမြို့ပတ်ဂန်းကျင်တွင် ရော်ဘာစိုက်ပျိုးရန် ယခင် စစ်အစိုးရ၏ အမိန့်များအရ စိန်ဂဝတ်မှုန်အနေဖြင့် ရော်ဘာစိုက်ခင်းများ တည်ထောင်ရခြင်း ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

စိန်ဂဝတ်မှုန်၏ အင်တာနက်စာမျက်နှာအရ ၎င်းသည် ဤဒေသအတွင်း ရော်ဘာအတွက် ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော ပုဂ္ဂလိကကုမ္ပဏီ ဖြစ်သည်ဟုသိရသည်။ ယင်းစာမျက်နှာတွင် ၎င်းအနေဖြင့် အခြားသော ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာစေရန် လမ်းဖွင့်ပေးခဲ့ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ အဆမတန်များပြားလာစေကာ ဒေသခံ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို တိုးတက်စေခဲ့သည်ဟု ဖော်ပြထားသည်။[127] သို့သော် Global Witness ၏ စိန်ဂဝတ်မှုန် စိုက်ခင်းများရှိသော ဒေသများတွင် စုံစမ်းစစ်ဆေးခဲ့မှုများက ယင်းဖော်ပြချက်များမှာ အမှန်တရားနှင့် ဆန့်ကျင်ဖက် ဖြစ်နေကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်များ မဖန်တီးပေးနိုင်ရုံသာမက ဒေသခံများ၏ နေထိုင်ရှင်သန်မှုဘဝများကို ပျက်ဆီးစေခဲ့ကြောင်း ဖော်ပြနေသည်။

စိန်ဂဝတ်မှုန် ရော်ဘာစိုက်ခင်းများ၏ ပကတိ အကျယ်အဝန်းနှင့် တည်နေရာများ၏ တရားဝင် သတင်းအချက်အလက်များ ကို လုံးဝနီးပါး မရရှိနိုင်ဘဲ၊ ရရှိနိုင်သည့် အချက်အလက်များမှာလည်း ပြည့်စုံမှု မရှိပါ။ သို့ရာတွင် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း Global Witness ၏ စုံစမ်းစစ်ဆေးမှုများအရ ကုမ္ပဏီသည် အနည်းဆုံး ရော်ဘာ စိုက်ဧက ၄၆၀၈ ဧက (၁၈၆၅ ဟက်တာ) ပိုင်ဆိုင်ထားကြောင်းသိရှိခဲ့ရသည်။[128] ယင်းမှာ အကြမ်းဖျဉ်းအားဖြင့် ဘောလုံးကွင်းပေါင်း ၄၅၀၀ နှင့် ညီမျှသည်။ ကုမ္ပဏီအား တိုးချဲ့ရန် အစီအစဉ်ရှိမရှိ မေးမြန်းသည့်အပေါ်တွင် ဦးမောင်မြင့်က သူ့အနေနှင့် စိုက်ခင်းဧရိယာ တိုးချဲ့လိုသော်လည်း ဒေသခံ ပြည်သူများအများစု၏ မကျေနပ်မှုများနှင့် တိုင်ကြားမှုများကြောင့် အခက်အခဲကြုံနေရကြောင်း Global Witness အား ဖြေကြားခဲ့သည်။[129]

ကုမ္ပဏီ၏ စိုက်ခင်း တစ်ဆယ့်တစ်ခုသည် လားရှိုးမှ စိန်ဂဝတ်မှုန် ရော်ဘာစက်ရုံတည်ရှိရာ တရုတ်နယ်စပ်မြို့ ဖြစ်သော ချင်းရွှေဟော်သို့ သွားရာလမ်း၏ ၁၆ ကီလိုမီတာ (၁၀ မိုင်) အတွင်း တည်ရှိသည် (မြေပုံ ၁ တွင်ရှု)။ စိုက်ခင်းများ အားလုံးမှာ ဝ ပြည်နယ်ကဲ့သို့ သူပုန်များထိန်းချုပ်ရာ နယ်မြေများနှင့် နီးကပ်သော်လည်း အစိုးရ ထိန်းချုပ်ရာ

---

124 Sein Wut Hmon company website, Plantation page, http://swh.com.mm/?page_id=96 (Accessed 16th January 2015).

125 Interview with U Maung Myint, Owner/Director of Sein Wut Hmon, interview conducted by phone on 28th August 2014.

126 Interview with U Maung Myint, Owner/Director of Sein Wut Hmon, interview conducted by phone on 28th August 2014; Interview with an official from the Ministry of Agriculture and Irrigation (MoAI) for Lashio District, conducted on 25th September 2014; Interview with an official from the Ministry of Agriculture and Irrigation in Hopan, conducted on 14th October 2014; Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa Self-Administered Division in northeastern Shan State.

127 Sein Wut Hmon company website, Plantation page, http://swh.com.mm/?page_id=96 (Accessed 16th January 2015).

128 Estimated total of land compiled from figures given in more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

129 Interview with U Maung Myint, Owner/Director of Sein Wut Hmon, interview conducted by phone on 28th August 2014.

ဒေသများတွင်သာ ရှိကြသည်။[130] စိုက်ခင်းများကို ရှမ်းတိုင်းရင်းသားအများစုအပြင် ကချင်နှင့် ပလောင် တိုင်းရင်းသားများပါ နေထိုင်သော ကျေးရွာ ၁၁ ရွာ အတွင်းပိုင်းနှင့် အနီးတဝိုက်ရှိ သိမ်းယူထားသော မြေယာများပေါ်တွင် တည်ထောင်ထားသည်။[131] မြန်မာနိုင်ငံတွင် ကျေးရွာများကို စုပေါင်း၍ ကျေးရွာအုပ်စုများအဖြစ် ဖွဲ့စည်းထားသည်။ ကျေးရွာတစ်ခုချင်းစီရှိ လူဦးရေအနည်းအများပေါ်မူတည်၍ ကျေးရွာ တစ်ခုတည်းဖြစ်စေ သို့မဟုတ် ပိုမို၍ ဖြစ်စေ အခြေခံ အုပ်ချုပ်ရေး ယူနစ်တစ်ခုအဖြစ်သတ်မှတ်သည်။ အစိုးရ စာရင်းအင်းများမှာ အများအားဖြင့် ကျေးရွာတစ်ရွာချင်းစီထက် ကျေးရွာအုပ်စုအလိုက် ကောက်ယူလေ့ရှိသည်။[132] စိန်ဂျတ်မှ ရော်ဘာစိုက်ခင်းများ တည်ရှိသည့် ကျေးရွာ တစ်ဆယ့်တစ်ရွာမှာ ကျေးရွာအုပ်စု ၅ စုတွင် ပါဝင်သည်။[133] ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| **ဒေသ/ခရိုင်** | **ကျေးရွာအုပ်စု/မြို့** | **ကျေးရွာ** | **စိန်ဂျတ်မှုန် ရော်ဘာ စိုက်ခင်း အရွယ်အစား (ဧက)** |
|---|---|---|---|
| လားရှိုးခရိုင် | ဂိန်းထိန် ကျေးရွာအုပ်စု | ဂိန်းထိန်ရွာ | ၂၃၉၆ |
| | | ကောင်းခန်းရွာ | ၆၇ |
| | | ကောင်းလင်းရွာ | ၁၀၄ |
| | | နန်းမိုရွာ | ၄၄၆ |
| | တာပုန်း ကျေးရွာအုပ်စု | ဖိုင်တောင်ရွာ | ၄၃၃ |
| | | နာလျှန်းမာမိန်းရွာ | ၅၀ |
| | မန်ပိန်း ကျေးရွာအုပ်စု | မန်ပိန်းရွာ | ၂၀၀ |
| | | ဟိုနမ့်ရွာ (ဟိုနမ့်ရွာကို တခါတရံတွင် ဟိုနမ့်ကျေးရွာအုပ်စု၏ အစိတ်အပိုင်းအဖြစ်လည်း ဖော်ပြတတ်သည်) | ၁၂ |
| | | ကွန်ဟိုင်းရွာ | ၅၀၀ |
| | ဟိုမူ ကျေးရွာအုပ်စု | ဟိုမူရွာ (ဟိုမူဆယ် နှင့် အနောက် ဟိုမူ ဟုလည်း သိကြသည်။) | ၂၀၀ |
| ဝ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဟိုပန်မြို့ | မာမိန်းရွာ | ၂၀၀ |

သို့ရာတွင် ဦးမောင်မြင့်အား ယင်းမြေယာသိမ်းဆည်းမှုများအပေါ် ထင်မြင်ချက်တောင်းခံရာတွင် ၎င်းက စိန်ဂျတ်မှုန်၏ မြေယာ ပိုင်ဆိုင်မှုမှာ ၄၆၀၈ ဧက ထက်နည်းပါးကြောင်း ပြောဆိုသည်။ သူက ရော်ဘာစိုက်ပျိုးခွင့်ပါမစ်ကို စိန်ဂျတ်မှုန် ကုမ္ပဏီနာမည်ဖြင့် ရယူထားသော်လည်း မြေဧက ၁၆၀၀ သာလျှင် သူပိုင်ဆိုင်ပြီး၊ စိုက်ခင်းများမှာ ကုမ္ပဏီနှင့် မဆိုင်ကြောင်း ဖြေရှင်းခဲ့သည်။ သူ၏ စာထဲတွင် ကုမ္ပဏီသည် ဟိုမူရွာရှိ စိုက်ဧက ၁၂၅ ဧကကိုသာ ပိုင်ဆိုင်ကြောင်းကိုလည်း ဖော်ပြထားသည်။

---

130 Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.

131 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

132 Digital Agricultural Atlas website of the UN Food and Agriculture Organisation (FAO), http://dwms.fao.org/atlases/myanmar/index_en.htm (Accessed 28th January 2015).

133 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

ကျေးရွာသား ၁၂၄ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် စိန်ဂုတ်မှုန် ရော်ဘာစိုက်ခင်းများအတွက် သိမ်းယူခဲ့သော မြေယာများမှာ ယခင်က လူနေအိမ်ရာမြေများ မဟုတ်ဘဲ ရွာသား တစ်ဦးချင်းစီမှ ပိုင်ဆိုင်သော လယ်ယာမြေများ ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။[134] သို့ရာတွင် ကုမ္ပဏီမှ Global Witness သို့ ပေးပို့သောစာတွင်မူ သိမ်းဆည်းခဲ့ရာတွင် မည်သည့် လယ်ယာမြေမှ မပါရှိဟု ဖော်ပြထားသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံများရှိ ရော်ဘာစိုက်ပျိုးရန်အတွက် သိမ်းဆည်းခံခဲ့ရသော ရောမမြေယာများနှင့် နှိုင်းယှဉ်ပါက သေးငယ်သော်လည်း၊ Global Witness ၏ စုံစမ်းစစ်ဆေးခဲ့မှုများက ဒေသခံလူထုအပေါ် အကျိုးသက်ရောက်ခဲ့မှုများမှာ လုံးဝ အနှုတ်လက္ခဏာဆောင်ကြောင်း ပြသလျက်သည်။[135] ယင်းမှာ စိန်ဂုတ်မှုန် ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသော ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် လူနေမှုအဆင့်အတန်းကို တိုးတက်စေမည်ဆိုသော အချက်နှင့် လုံးဂဥသုံ  ဆန့်ကျင်လျက်ရှိသည်။[136]

## စိန်ဂုတ်မှုန်၏ ရော်ဘာ ထုတ်လုပ်မှုနှင့် တင်ပို့မှု

ရော်ဘာပင်များသည် အရွယ်ရောက်ရန် အချိန် ၆ နှစ်မှ ၇ နှစ်အထိကြာမြင့်လေ့ရှိသည်။ ထို့နောက်မှ ရော်ဘာခြစ်ခြင်း ဟုခေါ်သော လုပ်ငန်းစဉ်ဖြင့် လက်ဖြင့် ရော်ဘာအရည် (ရော်ဘာစေး) ကိုထုတ်ယူသည်။ စိန်ဂုတ်မှုန်၏ စိုက်ခင်းများအနက် တစ်ခုမှလွဲ၍ ကျန်စိုက်ခင်းများအားလုံးကို ၂၀၀၅ နှင့် ၂၀၀၈ ခုနှစ်အတွင်း တည်ထောင်ခဲ့ခြင်း ဖြစ်ရာ သဘောတရားအရ ရော်ဘာစေး ထုတ်ယူရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။[137]

သို့သော်လည်း တကယ့်လက်တွေ့တွင်မူ Global Witness မှ စုံစမ်းစစ်ဆေးသူများသည် ကွင်းဆင်းလေ့လာမှုများ အတွင်း ရော်ဘာခြစ်နေသော စိန်ဂုတ်မှုန် စိုက်ခင်းများနှင့် ရော်ဘာခြစ်နေသူများကို လုံးဝ နီးပါး မတွေ့မြင်ခဲ့ရပေ။ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက ဟိုပန်မြို့ ဆင်ခြေဖုန်းရှိ မာမိန်းရွာတွင်သာ ရော်ဘာခြစ်သူများကို တွေ့ရှိခဲ့သည်။ သို့ရာတွင် သူတို့က စိန်ဂုတ်မှုန်အတွက်မဟုတ်ဘဲ ဒေသတွင်းရှိ အခြားသော ရော်ဘာကုမ္ပဏီအတွက် အလုပ်လုပ်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။[138] ထို့အပြင် စိန်ဝတ်မှုန်အနေဖြင့် သိမ်းဆည်းမြေအားလုံးကို ရှင်းလင်းပြီး စိုက်ပျိုးထားသော်လည်း ကုမ္ပဏီ၏ ရော်ဘာပင်အများစုမှာ အပြည့်အဝ ရှင်သန်ကြီးထွားသည်ကို မတွေ့ရဘဲ ကုမ္ပဏီ၏ ရော်ဘာထုတ်လုပ်နိုင်စွမ်းမှာ အတော်ပင် နည်းပါးသည်။ Global Witness သို့ စိန်ဂုတ်မှုန်က ပေးပို့သော စာတစောင်တွင် ကုမ္ပဏီက ရော်ဘာပင်များမှာ ၉  နှစ်သက်တမ်းရှိသော်လည်း မြေဆီလွှာ အရည်အသွေး ညံ့ဖျင်းခြင်း၊ ရေမျက်နှာပြင်အထက် မြင့်မားခြင်းနှင့် စိုထိုင်းဆတို့ကြောင့် ယခုတိုင် ရော်ဘာစေးထုတ်ယူနိုင်ခြင်း မရှိသေးကြောင်း ရှင်းပြထားသည်။ ယင်းသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ရော်ဘာစိုက်ပျိုးသူများ ကြုံတွေ့နေရသော ပြဿနာများကို ထင်ဟပ်နေပြီး အခန်း ၁ တွင် ဖော်ပြထားသည့်အတိုင်း အရည်အသွေးနိမ့်သော ရော်ဘာ ထုတ်ကုန်များအတွက် မူလအဖြေဖြစ်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း Global Witness မှ စုံစမ်းစစ်ဆေးသူများသည် တရုတ်-မြန်မာနယ်စပ်ရှိ ချင်းရွှေဟော်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး စက်ရုံမှ အလုပ်သမားနှစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ သူတို့က စက်ရုံမှ

[134] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[135] Global Witness, ‘Rubber Barons: How Vietnamese companies and international financiers are driving a land grabbing crisis in Cambodia and Laos’, May 2013, p.7.
[136] Sein Wut Hmon company website, Plantation page, http://swh.com.mm/?page_id=96 (Accessed 16th January 2015).
[137] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).
[138] Interview with group of people working as rubber tappers, interview conducted on 22nd September 2014 near Marmane Village, Hopan Town.

သန့်စင်ထုတ်လုပ်သော ရော်ဘာအားလုံးကို တရုတ်နိုင်ငံသို့ ကုန်တင်ကားများဖြင့် ပို့ဆောင်ကြောင်း အတည်ပြု ပြောဆိုသည်။[139] ယင်းအချက်ကို ဦးမောင်မြင့်ကလည်း Global Witness အား ပြန်ကြားသောစာတွင် အတည်ပြုထားသည်။

## မြေယာသိမ်းယူခြင်း နည်းလမ်းများ - စိန်ဝတ်မှုန်က မြေယာတွေကို ဘယ်လို ရယူ ထိန်းချုပ်ခဲ့သလဲ

စိန်ဝတ်မှုန်က ဒေသခံပြည်သူများ၏ ဆန္ဒကို ဆန့်ကျင်လျှက် မြေယာများကို မည်သို့ သိမ်းယူခဲ့သည်ကို အနီးကပ်လေ့လာရာမှ မြန်မာ့ စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး ခရိုနီများ ပူးပေါင်းပြီး ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ ဖယ်ကြဉ်ခံထားရသော အသိုင်းအဝိုင်းထံမှ မြေယာများ မည်သို့ ရယူခဲ့သည် ဆိုသည်မှာပေါ်လွင်လာခဲ့သည်။ ယင်းမှာ ယခင် စစ်အုပ်ချုပ်ရေးအောက်တွင် ယင်း အုပ်စုသုံးစု အကြား မည်သည့်အတိုင်းအတာအထိ အပြန်အလှန် ပတ်သက်ဆက်နွယ်နေကြောင်းနှင့်  ဒေသခံများအတွက် အမွေဆိုးများ မည်မျှကျန်ရစ်စေခဲ့ကြောင်း ဖော်ပြလျက်ရှိသည်။

ဤအပိုင်းတွင် စိန်ဝတ်မှုန်ရော်ဘာစိုက်ခင်းအတွက် မြေယာများကို မည်သည့် နည်းလမ်းဖြင့် သိမ်းယူခဲ့ကြောင်း ဖော်ပြသွားပါမည်။ ယင်းနောက်တွင် ဤသိမ်းယူခြင်းများကြောင့် ရွာသားများအပေါ် မည်သည့် အကျိုးသက်ရောက်မှုများရှိကြောင်း ဆက်လက် ဖော်ပြပါမည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း တပ်မတော်သည် ခရိုင်အဆင့်အစိုးရ (အဓိကအားဖြင့် လားရှိုး မြေစာရင်းဦးစီးဌာန) နှင့် စိန်ဝတ်မှုန်တို့ဖြင့် ပူးပေါင်းပြီး ရှမ်းပြည် အရှေ့မြောက်ပိုင်း လားရှိုးခရိုင်နှင့် အစိုးရ ထိန်းချုပ်ထားသော ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးရွာပေါင်း ၁၁ ရွာမှ မြေယာများကို သိမ်းယူခဲ့သည်။[140]

**ဂိန်းထိန် ကျေးရွာအုပ်စု** သည် လားရှိုးမြို့မှ ၁၃ မှ ၁၆ ကီလိုမီတာ ( ၈ မိုင်မှ ၁၀ မိုင်) အကွာတွင် တည်ရှိပြီး ကျေးရွာ ၁၂ ရွာပါဝင်သည်။ အဓိက မြေယာ သိမ်းဆည်းခံရသည့် နယ်မြေဖြစ်ပြီး စိန်ဝတ်မှုန်သည် ကျေးရွာလေးရွာ တစ်လျှောက် ဖြန့်ကျက်တည်ရှိသော အနည်းဆုံး မြေ ၃၀၁၃ ဧကကို ထိန်းချုပ်ထားသည်။[141]

၂၀၀၂ ခုနှစ်တွင် ရှမ်းတိုင်းရင်းသား ၄၀၀၀ နေထိုင်သည့် ဂိန်းထိန်ကျေးရွာသို့ ရွာမှ မြေ ဧက ၅၀၀ ကို သိမ်းဆည်းရန် စစ်သားအုပ်စု တစ်စု ရောက်ရှိလာခဲ့သည်။ စစ်သားများသည် သူတို့မလာမီ ရွာသားများအား ကြိုတင် သတိပေးခြင်း သို့မဟုတ် တိုင်ပင်ခြင်း မရှိခဲ့ပါ။[142] ၂၀၀၆ ခုနှစ်တွင် ထိုဧက ၅၀၀ ကို ရော်ဘာစိုက်ခင်းများ ထူထောင်ရန်အတွက် စိန်ဝတ်မှုန်သို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။[143] မြေယာ လွှဲပြောင်းခြင်း မပြုမီတွင် ကုမ္ပဏီမှ သော်လည်းကောင်း တပ်မတော်မှ သော်လည်းကောင်း ရွာသားများအား ဆွေးနွေးတိုင်ပင်ခြင်း သို့မဟုတ် သတင်းအချက်အလက် တစုံတရာပေးခြင်းမျိုး မရှိခဲ့ပေ။[144] ၂၀၀၆ ခုနှစ်တွင် လယ်နစ်ဧက ဆုံးရှုံးခဲ့သော လယ်သမားတစ်ဦးက ရော်ဘာ စိုက်ပျိုးရန် ရွာသို့ လာသည့် စိန်ဝတ်မှုန်မှ အရာရှိများအား ကုမ္ပဏီ အနေဖြင့် တပ်မတော်ထံမှ မြေများ မည်သို့ရရှိခဲ့သည်ကို မေးမြန်းခဲ့သည်။ ကုမ္ပဏီမှ တာဝန်ရှိသူများက ဖြေဆိုရန် ငြင်းဆန်ခဲ့သည်။[145]

---

[139] Interview with two Sein Wut Hmon factory workers conducted at the Chin Shwe Haw factory in September 2014.

[140] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

[141] Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation in Lashio on 25th September 2014; Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

[142] Interview with villager from Wein Htein Village, on 24th September 2014 in Wein Htein Village; Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.

[143] Interview with a farmer from Wein Htein Village on 23rd September 2014 in Wein Htein Village.

[144] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.

[145] Interview with a farmer from Wein Htein Village on 23rd September 2014 in Wein Htein Village.

စိန်ဝတ်မှုန်သည် ၂၀၁၂ ခုနှစ်တွင် တပ်မတော်မှ သိမ်းယူခဲ့သော မြေယာများအပြင် ၂၀၁၆ ခုနှစ် တွင် ဂိန်းထိန်ရွာမှ ထပ်မံသိမ်းယူခဲ့သော နောက်ထပ်မြေဧက ၁၈၉၆ ကိုလည်း ထိန်းချုပ်ခဲ့သည်။[146] ဤဒုတိယအကြိမ်မှာ လားရှိုးရှိ မြေယာသိမ်းယူမှုများ မတိုင်မီကတည်းက စိန်ဂတ်မှုန်၏ ရော်ဘာစိုက်ခင်းများရှိရာ ရွာများသို့ သွားသည့် လမ်းပေါ်ရှိ လုံခြုံရေးဂိတ်နှင့် စစ်အခြေစိုက်စခန်းရှိသော ဒေသခံတပ်ဖြစ်သည့် ခြေမြန်တပ်မ ၆၈ မှ စစ်သားများက သိမ်းယူခဲ့ခြင်းဖြစ်သည်။[147] ခြေမြန်တပ်မ ၆၈ မှ စစ်သားများနှင့်အတူ ဗိုလ်မှူးမျိုးရီနှင့် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အခြားသော အရာရှိများ လိုက်ပါခဲ့ကြသည်။ ထိုအရာရှိများသည် ရွာသို့ ယူနီဖောင်းများနှင့် လာရောက်ခဲ့ကြပြီး စိန်ဝတ်မှုန်၏ ကိုယ်စားလှယ်များဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သူတို့သည် ရွာသားများအား ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ မြေများကို သိမ်းဆည်းရန် မှတ်တိုင်စိုက်ပြီး အမှတ်အသားပြုလုပ်ခဲ့သည်။ ရွာသားများမှာ တိုင်တန်း ရန် သို့မဟုတ် ဆန့်ကျင်ကန့်ကွက်ရန် အလွန်ကြောက်ရွံ့နေခဲ့ကြသည်။[148]

စစ်သားများနှင့်အတူ လားရှိုးမြေစာရင်းဦးစီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဦးအောင်မြင့်လွင်လည်း ပါရှိခဲ့သည်။ သူက ရွာသားများအား မြေယာများမှာ ‘မြေလွတ်’ များ (အခန်း ၁ တွင် ဖော်ပြထားသကဲ့သို့ ‘မြေရိုင်း’ များဟုလည်းခေါ်သည်) ဖြစ်သဖြင့် အစိုးရမှ သိမ်းယူလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမှန်တကယ်တွင်မူ ရွာသားများသည် နာနတ်သီးနှင့် ပြောင်းကဲ့သို့သော သီးနှံများ စိုက်ပျိုးရန် ယင်းမြေယာများကို အသုံးပြုနေခဲ့ကြသည်။ မြေယာသိမ်းယူမှုများ ပြုလုပ်စဉ် ရဲများလည်း ရှိနေခဲ့ပြီး ရွာသားများအား တုံ့ပြန်ပြောဆိုခြင်း သို့မဟုတ် ခုခံကာကွယ်ခြင်း မလုပ်ရန် ခြိမ်းခြောက်ခဲ့သည်။[149]

Global Witness က တွေ့ဆုံမေးမြန်းခဲ့သော ရွာသားအားလုံး၏ ထက်ဝက်ခန့်တွင် သူတို့၏ မြေယာများအတွက် ပေးဆောင်ထားသည့် မြေခွန် ပြေစာများရှိနေလင့်ကစား မြေယာများ သိမ်းယူခံခဲ့ရသည်။[150] အခန်း ၁ တွင် ဆွေးနွေးခဲ့သည့်အတိုင်း မြေတစ်နေရာထဲတွင် ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးခဲ့ကြသည့် ရွာသားအများစု အတွက် ယင်းမြေခွန်ပြေစာ များသည် တစ်ခုတည်းသော  ပိုင်ဆိုင်မှု သက်သေအထောက်အထားဖြစ်သည်။ ဂိန်းထိန်ရွာမှ လယ်သမားများတွင် ၁၉၈၀ ခုနှစ်မှ စ၍ ၂၀၀၀ ခုနှစ်အထိ လားရှိုး မြေစာရင်းရုံးသို့  နှစ်စဉ် မြေခွန်ပေးဆောင်ခဲ့သော ပြေစာဖြတ်ပိုင်းများ လက်ဝယ်တွင်ရှိသည်။[151] နောက်ခြောက်နှစ်ခန့်အကြာတွင် သူတို့ မြေယာများကို တပ်မတော်မှ သိမ်းယူရာတွင် မြေစာရင်းဦးစီးဌာနသည် ပါဝင်ကူညီ ခဲ့သည်။[152]

စိန်ဂတ်မှုန်၏ ရော်ဘာစိုက်ခင်းများ ရှိသော ဂိန်းထိန် ကျေးရွာအုပ်စုရှိ အခြားသော ရွာများသည်လည်း တထပ်တည်းနီးပါး တူညီသော အဖြစ်အပျက်များကို တွေ့ကြုံခဲ့ကြရသည်။ ၂၀၀၃ ခုနှစ်တွင် ရှမ်းတိုင်းရင်းသား ၃၀၀ နေထိုင်သည့် နောင်မိုရွာတွင်လည်း တပ်မတော်သည် ရွာသားများအား ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ ဧက ၁၂၀၀ ကို သိမ်းယူခဲ့သည်။ အဆိုပါသိမ်းယူမှုများကိုလည်း ခြေမြန်တပ်မ ၆၈ ကပင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[153] နောင်မိုရွာသား အများစုထံတွင် နှစ်စဉ်အခွန်ဆောင်ထားသော ပြေစာဖြတ်ပိုင်းများ ရှိကြသည်။[154]  သို့ရာတွင်

---

[146] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).
[147] Group interview with twenty-six villagers from Nuangmo Village on 27th September 2014 in Nuangmo Village; Global Witness field investigations between August and December 2014; Global Witness satellite imagery.
[148] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[149] Interview with a farmer from Wein Htein Village on 23rd September 2014 in Wein Htein Village.
[150] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[151] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village; Global Witness photos of villagers’ tax receipts.
[152] Interview with a farmer from Wein Htein Village on 23rd September 2014 in Wein Htein Village.
[153] Group interview with twenty-six villagers from Nuangmo Village on 27th September 2014 in Nuangmo Village.
[154] Group interview with twenty-six villagers from Nuangmo Village on 27th September 2014 in Nuangmo Village.

မြေယာသိမ်းယူချိန်တွင် ခြေမြန်တပ်မ ၆၈ သည် ရွာသူကြီးအား မြေခွန်ဆောင်ထားသည့် ပြေစာများကို သိမ်းယူရန် အမိန့်ပေးခိုင်းစေခဲ့သဖြင့် ရွာသားများသည် မြေယာပိုင်ဆိုင်မှုအား သက်သေပြနိုင်သည့် တစ်ခုတည်းသော အထောက်အထားကို ဆုံးရှုံးခဲ့ကြသည်။[155] ၂၀၀၆ ခုနှစ်တွင် စိန်ဂတ်မှုန်သည် သိမ်းယူထားသော မြေဧက ၁၂၀၀ အနက်မှ ၄၄၆ ဧကတွင် ရော်ဘာစိုက်ခင်းများ စိုက်ပျိုးခဲ့သည်။[156]

ဂိန်းထိန်ကျေးရွာအုပ်စုရှိ **ကောင်းလင်း** နှင့် **ကောင်းခန်း** ကျေးရွာများတွင် ရှမ်းတိုင်းရင်းသား ၅၀၀ ခန့် နေထိုင်သည်။[157] ၂၀၀၆ ခုနှစ်တွင် ယင်းရွာနှစ်ရွာရှိ စုစုပေါင်း မြေဧက ၁၇၁ ဧကကို ဗိုလ်မှူး မျိုးရီနှင့် ခြေမြန်တပ်မ ၆၈ မှ သိမ်းယူခဲ့ရာ ဤအကြိမ်တွင်လည်း ရွာသားများနှင့် တိုင်ပင်ဆွေးနွေးခဲ့ခြင်းမရှိပါ။ တစ်နှစ်အတွင်းမှာပင် စိန်ဂတ်မှုန်က သိမ်းယူထားခဲ့သည့် မြေယာများပေါ်တွင် လုပ်ငန်းများ စတင်ခဲ့သည်။[158]

Global Witness က ဂိန်းထိန်ကျေးရွာ အုပ်စုမှ ရွာသားများနှင့် တွေ့ဆုံမေးမြန်းရာတွင် လက်ရှိတွင် စိန်ဂတ်မှုန်သည် ယင်းနယ်မြေအတွင်း ရော်ဘာစိုက်ခင်း စုစုပေါင်း ၃၀၁၃ ဧက ကို ထိန်းချုပ်ထားကြောင်း ပေါ်ထွက်လာခဲ့သည်။[159] ယင်းသည် လားရှိုးမြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံးမှ ထုတ်ပြန်ခဲ့ပြီး Global Witness စုံစမ်းစစ်ဆေးသူများ ရရှိခဲ့သည့် တရားဝင် အစိုးရ စာရွက်စာတမ်းများတွင် ပါရှိသော ကိန်းဂဏန်းဖြစ်သည့် ၃၀၁၃.၃၁ ဧကနှင့် အတိအကျနီးပါး ကိုက်ညီနေသည်။ ယင်းစာရွက်စာတမ်းတွင် ကျေးရွာအုပ်စုအလိုက် ‘မြေလွတ် သို့မဟုတ် မြေရိုင်း’ လုပ်ကိုင်ခွင့်ချထားပေးမှုနှင့် ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဂိန်းထိန်ကျေးရွာအုပ်စုမှ မြေဧက ၃၀၀၀ ကို စိန်ဂတ်မှုန်ကုမ္ပဏီသို့ လုပ်ကိုင်ခွင့် ချထားပေးသည့် စာရင်းများကို ဖော်ပြထားသည်။ စာရင်းထဲတွင် ယင်းမတိုင်မီ တစ်လ အတိက ကုမ္ပဏီသို့ လုပ်ကိုင်ခွင့်ချထားပေးသည့် ၁၃.၃၁ ဧက လည်း ပါဝင်သည်။[160]

အမှန်တကယ်အားဖြင့် ကွင်းဆင်းသုတေသနနှင့် ဂြိုလ်တု ရုပ်ပုံများက ဖော်ပြပါမြေသည် အခြား မြေ မဟုတ်ဘဲ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း တပ်မတော်မှ သိမ်းယူပြီး စိန်ဂတ်မှုန်အား လွှဲပြောင်းပေးခဲ့သည့် မြေဧက ၃၀၀၀ ပင် ဖြစ်ကြောင်း ခိုင်မာစွာ ဖော်ပြနေသည်။[161] သိမ်းဆည်းပြီးနောက် ၄ နှစ်မှ ၈နှစ် အကြာမှ ထုတ်ပြန်ခဲ့သည့် ယင်းစာရွက်စာတမ်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာန၏ မြေယာ သိမ်းဆည်းမှုများကို နောက်ကြောင်းပြန် ‘တရားဝင်’ ဖြစ်စေရန် ကြိုးပမ်းမှုတစ်ခုသာဖြစ်ကြောင်း သိသာနေသည်။ ယခုအချိန်တွင် မည်သူမဆို ဤ စာရွက်စာတမ်းများကို လေ့လာစစ်ဆေးပါက အဆိုပါ သိမ်းဆည်းမှုများကို စိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနမှ မြေလွတ်မြေရိုင်းများကို မှန်ကန်သော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များအရ တရားဝင်

[155] Interview with a farmer from Nuangmo Village on 27th September 2014 in Nuangmo Village.

[156] Group interview with twenty-six villagers from Nuangmo Village on 27th September 2014 in Nuangmo Village; Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation in Lashio on 25th September 2014; Interview with an official from the Ministry of Agriculture and Irrigation (MoAI) for Lashio District, on 25th September 2014.

[157] Interview with a farmer from Kaung Lin Village on 26th September 2014 in Kaung Lin Village. Interview with a farmer from Kaung Khan Village on 26th September 2014 in Kaung Khan Village.

[158] Group interview with eighteen villagers from Kaung Lin Village on 26th September 2014 in Kaung Lin Village. Group interview with eight villagers from Kaung Khan Village on 24th September 2014 in Kaung Khan Village.

[159] Group and individual interviews with sixty-three villagers from Wein Htein, Nuangmo, Kaung Lin and Kaung Khan Villages between 24th and 29th September 2014 in Wein Htein Village-tract.

[160] Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation for Lashio District on 25th September 2014.

[161] Group and individual interviews with sixty-three villagers from Wein Htein, Nuangmo, Kaung Lin and Kaung Khan Villages between 24th and 29th September 2014 in Wein Htein Village-tract.

ခွင့်ပြုထားခြင်း ဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။ Global Witness မှ စုံစမ်းစစ်ဆေးသူများက ထိုစာရွက်စာတမ်း၏ ရည်ရွယ်ချက်မှာ  အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဟုတ်မဟုတ် လားရှိုးမြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးကို မေးမြန်းခဲ့ရာ သူက အမည်မဖော်လိုသူအဖြစ်နှင့်ပင် အဆိုပါကိစ္စရပ်ပေါ် ထင်မြင်ချက် မပေးရဲကြောင်း တုံ့ ပြန်ခဲ့သည်။[162]

၂၀၁၅ ဖေဖော်ဝါရီ ၁၆ ရက်တွင် Global Witness က လားရှိုးခရိုင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနရုံးသို့ အထက်ဖော်ပြပါ တွေ့ရှိချက်အပေါ် သူတို့၏ ထင်မြင်ချက်ပေးရန် တောင်းဆိုသည့် စာကို ရေးသားပေးပို့ခဲ့သည်။ သို့ရာတွင် ယခု ပုံနှိပ်ထုတ်ဝေသည့် အချိန်အထိ မည်သည့် တုံ့ ပြန်မှုကိုမျှ မရရှိခဲ့ပါ။ စိန်ဝတ်မှုန်အား အဆိုပါ စာရွက်စာတမ်းကိစ္စကို မေးမြန်းရာတွင် ကုမ္ပဏီအနေဖြင့် မြေယာပါမစ်များကို စိုက်ခင်းများ စတင်ထူထောင်သည့်နေ့မှ စတင်လျှောက်ထားခဲ့သော်လည်း ၂၀၁၀ ခုနှစ် တိုင်အောင် ယင်း ‘မြေလွတ် မြေရိုင်း’ ဧက ၃၀၀၀ အတွက် ခွင့်ပြုချက် မရရှိခဲ့ကြောင်း ပြောသည်။ ယင်းစာတွင် စိန်ဝတ်မှုန်မှ  ဧက ၃၀၀၀ အနက် ဧက ၁၄၀၀ သာ လိုအပ်ပြီး နောက်ထပ် ဧက ၁၆၀၀ ကို လိုအပ်မှု မရှိကြောင်း အာဏာပိုင်များအား အကြောင်းကြားခဲ့သည်ဟုလည်း ဖော်ပြပါရှိသည်။

***တာပုန်း ကျေးရွာအုပ်စုရှိ နာလျန်း မာမိန်းရွာ*** *သည် လားရှိုးမြို့နှင့် ဂိန်းထိန် ကျေးရွာ အုပ်စုအကြားတွင် တည်ရှိပြီး လားရှိုးမှ ၅ မိုင် (၈ ကီလိုမီတာ) သာ ကွာဝေးသည်။ ရှမ်းတိုင်းရင်းသား ကျေးရွာ ဖြစ်ပြီး လူဦးရေ ၁၈၀၀ ရှိသည်။ ၂၀၀၅ ခုနှစ် နို၀င်ဘာလ အတွင်းတွင် ကြိုတင်ညှိနှိုင်းမှုနှင့် သတိပေးမှု တစ်စုံတစ်ရာ မရှိဘဲ ခြေမြန်တပ်မ ၆၈ မှ စစ်သား နှစ်ဆယ်ကျော်သည် ကျေးရွာအတွင်း ဝင်ရောက်လာခဲ့သည်။[163] စစ်သားများက ဂါးတိုင်များကို အသုံးပြုကာ သိမ်းဆည်းရန် မြေနေရာများကို အမှတ်အသားပြုလုပ်ခဲ့သည်။ ယင်းမြေပေါ်တွင် ရွာသားများစိုက်ပျိုးထားသော စပါးနှင့် ပြောင်းများကို မြေထိုးစက် (ဘူဒိုဇာ) များ အသုံးပြုပြီး ရှင်းလင်းခဲ့သည်။[164] ထို့နောက် စစ်သားများသည် ရွာသူကြီးအိမ်သို့ သွားရောက်ခဲ့ကြပြီး ရွာသူကြီးကိုယ်တိုင်နှင့် အခြား ရွာသားများအား စိုက်ပျိုးခင်းများကို ကိုယ်တိုင်ကိုယ်ကျ ဖျက်ဆီးခိုင်းခဲ့သည်။ စစ်သားများသည် လုပ်ငန်းပြီးဆုံးသည်အထိ ရွာတွင်နေထိုင် စောင့်ကြည့်ခဲ့ကြသည်။[165] လယ်သမားတစ်ဦးက စုံစမ်းစစ်ဆေးသူများအား မည်သို့ဖြစ်ပျက်ခဲ့သည် ဆိုသည်ကို ‘လက်နက်ကိုင် စစ်သားတွေရောက်လာပြီး သီးနှံတွေကို ကုမ္ပဏီက ဘူဒိုဇာတွေနဲ့ ဖျက်ဆီးခဲ့တယ်။ စစချင်းတော့ သူတို့ ဘယ်သူတွေမှန်း ကျွန်တော်တို့ မသိဘူး။ ကျွန်တော်တို့ရဲ့ သီးနှံတွေကို မဖျက်ဆီးဖို့ တောင်းပန်တဲ့အခါမှာ သူတို့က ကျွန်တော့်ကို ဆဲတယ်’ ဟု ပြောပြခဲ့သည်။*

ခြေမြန်တပ်မ ၆၈ နှင့်အတူ စိန်ဝတ်မှုန်၏ မန်နေဂျာလည်း လိုက်ပါလာခဲ့သည်။ သူက ရွာသားတွေကို ဆန့်ကျင်ခြင်းမပြုရန် *“ကုမ္ပဏီက အရမ်းချမ်းသာတဲ့ ကုမ္ပဏီ ဖြစ်တယ်။ ခင်ဗျားတို့ ဆူဆူညံညံလုပ်ရင် ထောင်ထဲသွားရမယ်”* ဟုခြိမ်းခြောက်ပြောဆိုခဲ့သည်။ ။[166] ခြေမြန်တပ်မ ၆၈ က ရွာသားများ၏ မြေများကို သိမ်းယူပြီးနောက် သီးခြား ပုဂ္ဂလိကကုမ္ပဏီ သုံးခုသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ လက်ရှိ ဧက ၅၀၀ ရယူထားသော စိန်ဝတ်မှုန်လည်း တစ်ခုအပါအဝင်ဖြစ်သည်။[167]

လားရှိုးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံးမှ ထုတ်ပြန်ခဲ့သော တရားဝင် အစိုးရ စာရွက်စာတမ်း အရ ၂၀၁၀ ခုနှစ် ဇူလိုင် ၂ ရက်နေ့တွင် စိန်ဝတ်မှုန်အား တာပုံးကျေးရွာအုပ်စု၏ မြေဧက ၅၀၀ ကို လုပ်ကိုင်ခွင့် ချထားပေးခဲ့ကြောင်း တွေ့ရှိရသည်။[168] ယင်းကိန်းဂဏန်းမှာ Global Witness က ဖော်ထုတ်တွေ့ရှိထားသော

---

[162] Phone interview with an official from the Ministry of Agriculture and Irrigation (MoAI) for Lashio District, conducted on 19th January 2015.

[163] Interview with a farmer from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.

[164] Group interview with ten villagers from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.

[165] Interview with a farmer from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.

[166] Interview with a farmer from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.

[167] Group interview with ten villagers from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.

[168] Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village, on 7th August 2014.

ဂိန်းထိန်းကျေးရွာအုပ်စုကဲ့သို့ပင် တာပုံးကျေးရွာအုပ်စုရှိ ကျေးရွာ နှစ်ခု အမည်အားဖြင့် နာလျန်းမာမိန်း (၅၀ ဧက)နှင့် **ဖိုင်တောင်** (၄၃၃ ဧက) ဖြစ်ရာ စိန်ဂတ်မှုန်မှ ပိုင်ဆိုင်သော ရော်ဘာ စိုက်ခင်း စုစုပေါင်း ဧက ၄၃၈ ရှိသည် ဆိုသည်နှင့် အတိအကျ ထပ်တူညီနေသည်။[169] ယင်းသိမ်းဆည်းမှု နှစ်ခုစလုံးကို တပ်မတော်က ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။[170] အထက်တွင် အသေးစိတ်ဖော်ပြထားသကဲ့သို့ပင် ၄၊ ၅ နှစ်ကြာမှ ထုတ်ပြန်ခဲ့သော ဤစာရွက်စာတမ်း၏ ရည်ရွယ်ချက်မှာ ဤမြေယာသိမ်းဆည်းမှုများကို နောက်ကြောင်းပြန် 'တရားဝင်' ပြုခြင်း ဖြစ်ကြောင်း ပေါ်လွင်နေသည်။ လက်တွေ့တွင် ဤတရားဝင် 'လုပ်ကိုင်ခွင့်' မပြုမီ အချိန်အတော်ကြာကတည်းကပင် တပ်မတော်မှ ရွာသားများ၏ မြေများကို စိန်ဂတ်မှုန်သို့ လွှဲပြောင်းပေးခဲ့ပြီး၊ ရော်ဘာစိုက်ခင်းများ ထူထောင်ထားပြီး ဖြစ်သည်။

**ဟိုပန်မြို့** သည် လားရှိုးမြို့မှ ခန့်မှန်းခြေ ကီလို ၁၀၀ (မိုင် ၆၀) အကွာ တရုတ်-မြန်မာနယ်စပ်အနီး ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ ဒေသတွင် တည်ရှိသည် (မြေပုံ ၁ ကိုရှု)။ ဤမြို့သည် အစိုးရ ထိန်းချုပ်နယ်မြေတွင် ရှိသော်လည်း မြန်မာနိုင်ငံတွင် အင်အားအကြီးဆုံး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဟု ဆိုသည့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်၏ နယ်နမိတ်နှင့် ထိစပ်လျက်ရှိသည်။ ဟိုပန်မြို့ အထွက်တွင်ရှိသော မာမိန်းရွာတွင် စိန်ဂတ်မှုန်၏ ရော်ဘာစိုက်ခင်း ဧက ၂၀၀ ရှိသည်။[171] ယင်းမှာ စိန်ဂတ်မှုန်၏ လားရှိုးခရိုင် ပြင်ပရှိ တစ်ခုတည်းသော ရော်ဘာစိုက်ခင်း ဖြစ်ပုံရသည်။[172]

မာမိန်း ရွာတွင် လူဦးရေ ၃၇၇ ဦးရှိပြီး ရှမ်းနှင့် ပလောင် တိုင်းရင်းသားများနေထိုင်သည်။[173] ဤရွာသည် လူမျိုးစုံ၏ မြေယာသိမ်းဆည်းမှု အကြိမ်ကြိမ်ခံခဲ့ရသည်။[174] Global Witness က လယ်/ဆည် ဝန်ကြီးဌာန ဟိုပန်ခရိုင်ရုံးမှ ရရှိထားသည့် အစိုးရ အချက်အလက်များအရ စိန်ဝတ်မှုန်မှ ထိန်းချုပ်ထားသော ဧက ၂၀၀ မှာ ဟိုပန်မြို့ အနီးဝန်းကျင်တွင် ရော်ဘာစိုက်ပျိုးရန် ချထားပေးသော စုစုပေါင်း ဧက ၅၆၀၅ အနက်မှ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။[175] ရွာသားအများစုထံတွင် ၁၉၈၀ ခုနှစ်များမှ စ၍ နှစ်စဉ်မြေခွန်ဆောင်သော ပြေစာဖြတ်ပိုင်းများ ရှိသော်လည်း ဂိန်းထိန်းရွာမှာ ကဲ့သို့ပင် သိမ်းဆည်းမှုမတိုင်မီ မာမိန်းရွာသားများအား တိုင်ပင်ဆွေးနွေးခြင်းမရှိခဲ့ပါ။[176]

မြေ ၃ ဧကကို စိန်ဂတ်မှုန်ထံသို့ ဆုံးရှုံးခဲ့သည့် မာမိန်းရွာမှ လယ်သမား တစ်ဦးက တပ်မတော်မှ ဗိုလ်မှူးမြင့်စိုးက ရွာသားများအား ဟိုပန်ရှိ သူ၏ ရုံးခန်းသို့ လာရောက်ရန် ခေါ်ယူပြီး မြေယာများအား တရားဝင်စွန့်လွှတ်ရန် လက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း ပြောပြသည်။ သူ့အနေဖြင့် မည်သည့် တပ်က ကြိုးကိုင်သည်ကိုတော့ ပြောပြနိုင်ခြင်း

---

Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation office for Lashio District on 25th September 2014.

169 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

170 Group interview with ten villagers from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village. Group interview with twenty-two villagers from Phai Taung Village on 16th October 2014.

171 Document showing allocations of land for rubber in and around Hopan Town. Shown to Global Witness investigators on 14th October 2014 at the Ministry of Agriculture and Irrigation office in Hopan Town. However, not permitted to take a photo or a copy.

172 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

173 Interview with a farmer from Marmane Village, Hopan Town, conducted on 22nd September 2014 in Marmane Village, Hopan Town.

174 Group interview with six villagers from Marmane Village, Hopan Town, conducted on 22nd September 2014 in Marmane Village, Hopan Town.

175 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex); Document: Hopan district rubber data for 2013 to 2014, obtained by Global Witness from the Ministry of Agriculture and Irrigation office in Hopan district on 22nd September 2014.

176 Group interview with six villagers from Marmane Village, Hopan Town, conducted on 22nd September 2014 in Marmane Village, Hopan Town; Global Witness photos of tax receipts.

မရှိပါ။[177] "*သူ့(ဗိုလ်မှူးမြင့်စိုး) ရုံးခန်းကို မဆင့်ခေါ်ခင်၊ ကျွန်တော်တို့ကို လက်မှတ် ထိုးထိုးမထိုးထိုး မြေတွေကို သိမ်းယူမှာဘဲလို့ ခြိမ်းခြောက်ပါတယ်။ အဓိပ္ပာယ်လုံး၀ မရှိတဲ့အတွက် သူ့ရုံးကို မသွားခဲ့ပါဘူး။ ဒီလိုနဲ့ဘဲ ကျွန်တော်မြေတွေ အသိမ်းခံခဲ့ရပါတယ်။*"[178] ဗိုလ်မှူးမြင့်စိုးက ဆန့်ကျင်တဲ့သူ သို့မဟုတ် အခြားသူများကို ဆန့်ကျင်ရန် အားပေးသည့်သူ မည်သူမဆို ထောင်ချပစ်မည်ဟုလည်း ရွာသားများအား ခြိမ်းခြောက်ခဲ့သည်။[179] ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် Global Witness က ဗိုလ်မှူးမြင့်စိုးအား ဤအစီရင်ခံစာတွင် တင်ပြထားသော အထောက်အထားများအပေါ် မှတ်ချက်ပေးနိုင်ရန် အတွက် ဆက်သွယ်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် စာပေးစာယူအားလုံးကို ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း ခံရပြီး အစီရင်ခံစာထုတ်ဝေသည့် အချိန်အထိ မည်သည့် တုံ့ပြန်မှုမျှ မရရှိခဲ့ပါ။

အကျဉ်းချုပ်ရလျှင် စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများအတွက် မြေယာသိမ်းယူခဲ့သော ကျေးရွာ ၁၁ ရွာအနက် ရှစ်ရွာ၏ မြေယာများကို စိန်ဝတ်မှုန်အား လွှဲပြောင်းမပေးမီကတည်းကပင် တပ်မတော်မှ သိမ်းဆည်းထားခဲ့ပြီး ဖြစ်သည်။[180] ယင်းကျေးရွာများတွင် ဂိန်းထိန်၊ ဟိုမူနှင့် တာပုန်း ကျေးရွာအုပ်စု သုံးခုနှင့် ဟိုပန်မြို့တို့မှ ပါဝင်သည်။[181] တပ်မတော်သည် မြေယာသိမ်းဆည်းခဲ့သည့် ယင်းရှစ်ရွာအနက်မှ အနည်းဆုံး သုံးရွာတွင် လားရှိုးခရိုင် မြေစာရင်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။[182] ထို့အပြင် လားရှိုးမြို့ လယ်/ဆည် ဝန်ကြီးဌာနရုံးမှ ထုတ်ပြန်သည့် ၂၀၁၀ ဖေဖော်ဝါရီလနှင့် ၂၀၁၁ မေလအတွင်း စိန်ဝတ်မှုန် အပါအဝင် အခြားသူများထံသို့ 'မြေလွတ်နှင့် မြေရိုင်း' များချထားပေးသည့် စာမှာ လွန်ခဲ့သော နှစ်အနည်းငယ်အကြာက ဖြစ်ပျက်ခဲ့သည့် မြေယာသိမ်းဆည်းမှုများကို 'တရားဝင်' စေရန် နောက်ကြောင်းပြန် လုပ်ဆောင်ခြင်းဟု ယူဆရသည်။ Global Witness သို့ ပန်ကြားသည့် စာတွင် ဦးမောင်မြင့်က မြေယာသိမ်းဆည်းမှုများတွင် တပ်မတော်သားများနှင့် ပတ်သက်မှုရှိသည်ဆိုခြင်းကို ငြင်းဆိုခဲ့သည်။ သူက စိန်ဝတ်မှုန်သည် စစ်တပ်မှသိမ်းယူခဲ့သော မြေများပေါ်တွင် ရော်ဘာစိုက်ခင်းများ တည်ထောင်ခဲ့သည်ဆိုခြင်းကို ငြင်းဆိုခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် ခရိုင်အာဏာပိုင်များနှင့် တွဲဖက်ဆောင်ရွက်ခဲ့သည်ဆိုခြင်းကိုမူ တုံ့ပြန်ရန် ပျက်ကွက်ခဲ့သည်။

သိမ်းဆည်းထားသောမြေဧက ၇၁၂ ကို စိန်ဝတ်မှုန်၏ ကျန်ရော်ဘာစိုက်ခင်းများအဖြစ် **မန်ပိန်း၊ ကွန်ဟိုင်း**နှင့် **ဟိုနမ့်** ကျေးရွာများတွင် တွေ့ရှိရသည်။[183] ယင်းရွာများအားလုံးသည် မန်ပိန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ရှမ်းတိုင်းရင်းသား ဒေသခံ ၁၅၀၀ တို့ နေထိုင်ကြသည်။[184] ထိုသိမ်းဆည်းမှုများကို ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်းတွင် စိန်ဝတ်မှုန်၏

---

177 Interview with a farmer from Marmane Village, Hopan Town, conducted on 22nd September 2014 in Marmane village, Hopan Town.

178 Interview with a farmer from Marmane Village, Hopan Town, conducted on 22nd September 2014 in Marmane village, Hopan Town.

179 Interview with a farmer from Marmane Village, Hopan Town, conducted on 22nd September 2014 in Marmane Village, Hopan Town.

180 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

181 Note: in government documentation obtained by Global Witness, Homu is referred to as 'Humon'. However the inhabitants refer to the Village and Tract as 'Homu' and therefore so will this report.

182 Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).

183 Group interview with eight villagers from Mang Pane Village on 27th September 2014. Group interview with four villagers from Kunhi Village on 12th October 2014 conducted in Kunhi Village. Group interview with three villagers from Honam Village conducted in Honam Village on 12th October 2014; Note: inhabitants of Honam Village state that the village is in Mang Pane Village tract. However, government documentation lists Honam as a Village Tract. For the purpose of this report we will count Honam Village as part of Mang Pane Village Tract.

184 Interview with a farmer from Mang Pane Village, on 27th September in Mang Pane Village. Group interview with four villagers from Kunhi Village on 12th October 2014 conducted in Kunhi Village. Group interview with three villagers from Honam Village, on 12th October in Honam village.

ဝန်ထမ်းအရာရှိများက လုပ်ဆောင်ခဲ့ပြီး ယခင်သိမ်းဆည်းမှုများကဲ့သို့ တပ်မတော် သို့မဟုတ် ခရိုင် အစိုးရ တို့မှတိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိပါ။[185]

လားရှိုးမြို့ လယ်/ဆည် ဝန်ကြီးဌာနရုံးမှ ထုတ်ပြန်သော တရားဝင်စာရွက်စာတမ်းတွင် ၂၀၁၀ ခုနှစ် ဖွန်လ ၂ ရက်နေ့ ရက်စွဲဖြင့် စိန်ဝတ်မှုန်အား မန်ပိန်းကျေးရွာအုပ်စုရှိ 'မြေလွတ်' ဧက ၂၀၀ အား လုပ်ပိုင်ခွင့် ပေးခဲ့သည်ဟု ဖော်ပြထားသည်။[186] သို့ရာတွင် Global Witness ၏ တွေ့ဆုံမေးမြန်းမှုနှင့် ကွင်းဆင်းလေ့လာမှုများက လက်ရှိတွင် စိန်ဝတ်မှုန်သည် ယင်းအကျယ်အဝန်းထက် လေးဆမျှ ကျယ်သော မြေဧရိယာဖြစ်သည့် မန်ပိန်းကျေးရွာအုပ်စုတွင် မန်ပိန်းကျေးရွာ တစ်ခုတည်း၌ ဧက ၂၀၀၊ ဟိုနမ့်နှင့် ကွန်ဟိုင်း ကျေးရွာများတွင် ၁၂ ဧကနှင့် ဧက ၅၀၀ အသီးသီးတို့ကို ချုပ်ကိုင်ထားကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။[187] ထို့ကြောင့် ဂိန်းထိန်နှင့် တာပုန်း ကျေးရွာအုပ်စုများကဲ့သို့မဟုတ်ဘဲ စာရွက်ပေါ်တွင် ဖော်ပြထားသော ကိန်းဂဏန်းမှာ မြေပြင်တွင် ထိန်းချုပ်ထားသော မြေဧရိယာနှင့် ကိုက်ညီခြင်း မရှိသည်ကို တွေ့ရသည်။

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများ ရှိရာ ကျေးရွာ ၁၁ ရွာလုံးတွင် မြေယာများကို မည်သူက သိမ်းယူသည်ဖြစ်စေ မသိမ်းယူမီ ရွာသားများအား သူတို့၏ မြေများ သိမ်းယူခံရတော့မည့်အကြောင်းကို ကြိုတင်သတိပေးခြင်းမျိုး မရှိခဲ့ပါ။ မြေယာများ သိမ်းယူခြင်းမပြုမီ မည်သည့်ရွာသား တစ်ဦးတစ်ယောက်ကိုမျှ တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် သိမ်းဆည်းခံရမည့် မြေကို ပေးလိုသည် သို့မဟုတ် ဆက်လက် ဆုပ်ကိုင်ထားလိုသည် ဆိုသော သဘောတူညီချက်ကို ပေးပိုင်ခွင့် မရခဲ့ကြပါ။ ထို့အပြင် မြေယာသိမ်းဆည်းခြင်းကြောင့် ဖြစ်နိုင်ခြေရှိသော လူမှုနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများကို တပ်မတော်နှင့် စိန်ဝတ်မှုန် နှစ်ဖွဲ့လုံးက လုံးဝ မျက်ကွယ်ပြုထားပုံရသည်။ Global Witness အနေဖြင့် သက်ဆိုင်ရာ အကောင်အထည်ဖော်သူ တစ်ဦးတစ်ဖွဲ့က ဒေသခံလူထု သို့မဟုတ် သဘာဝပတ်ဝန်းကျင် အပေါ် မြေယာသိမ်းယူမှုကြောင့် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများအား လျော့နည်းသွားစေရန် လုပ်ဆောင်ခဲ့မှုများ သို့မဟုတ် ပတ်ဝန်းကျင်နှင့် လူမှုသက်ရောက်မှု လေ့လာစူးစမ်းမှုများ (ESIAs) မတွေ့ရှိခဲ့ရပါ။ Global Witness ကို တုံ့ပြန်ရာတွင် စိန်ဝတ်မှုန်က မြေယာများရယူသည့် လုပ်ငန်းစဉ်အတွင်း ရွာသားများကို ဆွေးနွေးတိုင်ပင်ရန် ပျက်ကွက်ခဲ့သည်ဆိုသည်ကို ငြင်းဆိုခဲ့သော်လည်း သူ၏ ရော်ဘာစိုက်ခင်းများအတွက် မြေများ သိမ်းယူမှုမလုပ်မီ ESIS များ မလုပ်ဆောင်ခဲ့မှု အတွက် တစ်စုံတစ်ရာ ဖြေရှင်းမှု မပြုလုပ်ခဲ့ပါ။

အမှန်တကယ်အားဖြင့် သိမ်းယူခဲ့သည့် အချိန်တွင် ကုမ္ပဏီ အနေဖြင့် မြေယာများ မရယူမီ ESIA များ လုပ်ဆောင်ရန် လိုအပ်ခြင်း မရှိသေးပါ (အခန်း ၁ တွင်ရှု)။ သို့သော် ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရက ပတ်ဝန်းကျင် သက်ရောက်မှုဆိုင်ရာ လေ့လာစမ်းစစ်ချက် နည်းဥပဒေများကို မူကြမ်းရေးဆွဲခဲ့ပြီး၊ ၂၀၁၅ ခုနှစ် အမျိုးသား မြေယာမူဝါဒအား အပြီးသတ်သည့်အချိန်တွင် ယင်းတို့ကို လူမှုသက်ရောက်မှု ဆန်းစစ်ချက်များနှင့်အတူ ထည့်သွင်း သတ်မှတ်ထားရန် မျှော်မှန်းထားသည်။[188] စိန်ဝတ်မှုန်အနေဖြင့် ရွာသားများအပေါ် တာဝန်ရှိသည့် ပြန်လည် ကုစားပေးမှုများအတွက် ESIA များကို နောက်ကြောင်းပြန် ပြုလုပ်ပေးရပါမည်။

---

[185] Group interview with eight villagers from Mang Pane Village on 27th September 2014. Group interview with four villagers from Kunhi Village on 12th October 2014 conducted in Kunhi Village. Group interview with three villagers from Honam Village conducted in Honam Village on 12th October 2014.
[186] Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation office in Lashio on 25th September 2014.
[187] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).
[188] Draft Environmental Impact Assessment Rules Burma Library Online http://www.burmalibrary.org/docs15/2013-03-draft_eia_rules-en.pdf (Accessed 25th February 2015); USAID, personal communications, November 2015.

## <u>ခရိုနီဂါဒ - စိန်ဝတ်မှုန်ကို မြေယာများ ထိန်းချုပ်နိုင်ရန် ပံ့ပိုးပေးသည့် စစ်တပ်နှင့် နိုင်ငံရေး အထက်တန်းလွှာများ</u>

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများထံ မြေယာများ ဆုံးရှုံးခဲ့ရသည့် ရွာသား အများအပြားသည် ထိုစဉ်အချိန်က မေးမြန်းရန် အလွန်ကြောက်ရွံ့နေခဲ့သဖြင့် သူတို့၏ မြေယာများကို မည်သည့် တပ်ရင်းတပ်ဖွဲ့က သိမ်းယူခဲ့သည်ကို မသိရှိခဲ့ကြပေ။ သို့ရာတွင် ဂိန်းထိန်း၊ ကောင်းခန်း၊ ကောင်းလင်း၊ နောင်မို၊ နာလျန်းမာမိန်း ရွာများမှ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားခဲ့သော ရွာသားများအားလုံးသည် သူတို့၏ရွာများတွင် ကိုယ်ထိလက်ရောက် သိမ်းယူသူများမှာ **ခြေမြန်တပ်မ ၆၈** မှ ဖြစ်ကြောင်း သေချာသည်ဟု ပြောကြား ခဲ့ကြသည်။[189]

ခြေမြန်တပ်မ ၆၈ ၏ စစ်အခြေစိုက်စခန်းနှင့် လုံခြုံရေးဂိတ်တစ်ခုသည် လားရှိုးမြို့မှ ရွာများသို့နှင့် စိန်ဂတ်မှုန် ရော်ဘာခင်းများသို့ သွားရာလမ်းကြောင်းပေါ်တွင် တည်ရှိသည် (မြေပုံ ၁ တွင်ရှု)။[190] စိန်ဝတ်မှုန် စိုက်ခင်းများကြောင့် အကျိုးသက်ရောက်မှုခံရသော ကျေးရွာ ၁၁ ရွာမှ ရွာသားများသည် ယင်းဂိတ်အား ပုံမှန် ဖြတ်သန်းသွားလာရမည်ဖြစ်သည်။ ရွာသားများအနေဖြင့် အခမဲ့ ဖြတ်သန်းခွင့် ရှိသော်လည်း၊ ယင်းသည် တပ်မတော်ထိန်းချုပ်ရာ နေရာများ ဖြစ်ကြောင်း၊ ခြေမြန်တပ်မ ၆၈ လည်း အမြဲတမ်း ရှိနေကြောင်း ရွာသားများမှ မေ့လျော့သွားမည် မဟုတ်ပေ။[191]

ခြေမြန်တပ်မ ၆၈ နှင့် ပတ်သက်သည့် သတင်းအချက်အလက်များမှာ လုံးဝနီးပါး မရရှိနိုင်ပါ။ သို့ရာတွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် ယင်းတပ်မမှ စစ်သား ၁၂ ဦးပါဝင်သော ကင်းလှည့်အဖွဲ့သည် ဘွမ်ပရီဘွမ်ရှိ KIA အုပ်ချုပ်ရေး ရုံးတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)မှ စစ်သား ၅ ဦးနှင့် အရပ်သား တစ်ဦးတို့ကို သွေးအေးအေးဖြင့် ပစ်သတ်ခဲ့ကြောင်း အစီရင်ခံမှုများ ရှိသည်။ အဆိုပါ ကင်းလှည့်အဖွဲ့ကို ခြေမြန်တပ်မ ၆၈ မှ ဗိုလ်မှူး လှမိုးက ဦးဆောင်သည်ဟုဆိုသည်။[192] Global Witness မှ စုံစမ်းစစ်ဆေးသူများက ခြေမြန်တပ်မ ၆၈ မှ တပ်ကြပ်ဟောင်း တစ်ဦးကို မေးမြန်းခဲ့မှုများအရ ဗိုလ်မှူးလှမိုးသည် လားရှိုးခရိုင်တွင် မြေယာ သိမ်းယူမှုများကို ကွပ်ကဲသော အရာရှိများ အနက်မှ တစ်ဦးဖြစ်ကြောင်း သိရသည်။[193] ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် Global Witness သည် ဤအစီရင်ခံစာတွင်ပါရှိသော တွေ့ရှိချက်များအပေါ် တုန့်ပြန်ချက်ပေးနိုင်ရန်အတွက် ခြေမြန်တပ်မ ၆၈ နှင့် ဗိုလ်မှူးလှမိုးတို့အား ဆက်သွယ်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် စာပေးပို့မှုကို ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း ခံရပြီး အစီရင်ခံစာ ထုတ်ဝေသည့် အချိန်အထိ မည်သူ တစ်ဦးတစ်ယောက်ထံကမှ တုန့်ပြန်မှု မရရှိခဲ့ပါ။

သို့ရာတွင် စိန်ဂတ်မှုန်ထံသို့ မြေယာများ ဆုံးရှုံးခဲ့ရသည့် ရွာသား ၁၂၀ ကျော်ကို တွေ့ဆုံမေးမြန်းသည့်အခါ အရာရှိ တစ်ဦး၏ အမည်ကို ထပ်တလဲလဲ ကြားခဲ့ရသည်။ ထိုသူမှာ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိ **ဗိုလ်မှူး မျိုးရီ** ဖြစ်သည်။[194]

---

[189] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village. Group interview with eight villagers from Kaung Khan Village on 24th September 2014. Group interview with eighteen villagers from Kaung Lin Village on 26th September 2014 in Kaung Lin Village. Group interview with twenty-six villagers from Nuangmo Village on 27th September 2014. Group interview with ten villagers from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.

[190] Global Witness field visits between August and December 2014; verified using satellite imagery.

[191] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.

[192] The Global Intelligence Files website, http://wikileaks.org/gifiles/docs/67/678214_thailand-myanmar-rok-kachin-rebels-seek-inquiry-into-burma.html (Accessed 20th January 2015); Irrawaddy website, Burma's Vice-President Implicated in Kachin Massacres, http://www2.irrawaddy.org/article.php?art_id=21705&page=2 (Accessed 28th January 2015).

[193] Interview with a former corporal from Light Infantry Division 68 (retired in 2004). Interview conducted on 12th December 2014.

[194] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village. Group interview with eight villagers from Kaung Khan Village on 24th September 2014. Group interview with eighteen villagers from Kaung Lin Village on 26th September 2014 in Kaung Lin Village . Group interview with twenty-two villagers from Phai Taung Village on 16th October 2014.

သူတို့၏မြေယာများ သိမ်းယူရန်အတွက် ဗိုလ်မှူးမျိုးရီက စစ်သားများကို ဦးဆောင်ပြီး ရွာထဲသို့ ဝင်လာပုံကို ဂိန်းထိန်၊ ကောင်းခန်း၊ ကောင်းလင်းနှင့် ဖိုင်တောင်ရွာများမှ ရွာသားများက ပြောပြခဲ့ကြသည်။[195] သူသည် ရွာသားများ၏ တောင်းပန်မှုကို အကြိမ်ကြိမ် လျစ်လျူရှုခဲ့ပြီး၊ ရွာသားများမှ သိမ်းဆည်းခံရမည့်မြေများပေါ်တွင် ရှိနေသည့် ထင်းအဖြစ် စိုက်ပျိုးထားသည့် သစ်ပင်များကို ခုတ်ယူခွင့်တောင်းခံရာ နှုတ်ဖြင့် ပြန်လည်စော်ကားခဲ့သည်။[196] တပ်မတော်တွင် ဗိုလ်မှူး အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေသလို၊ စစ်ယူနီဖောင်းကို ဝတ်ဆင်ထားသည့် ဗိုလ်မှူးမျိုးရီက မြေယာ သိမ်းဆည်းမှုများ လုပ်စဉ်တွင် ရွာသားများကို သူ့ကိုယ်သူ ကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။[197] ကျေးရွာ ၁၁ ရွာတွင် မြေယာသိမ်းဆည်းမှု အများစု ဖြစ်ပွားခဲ့သည့် ၂၀၀၅ မှ ၂၀၀၆ အတွင်း ဗိုလ်မှူးမျိုးရီသည် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ဗိုလ်မှူး တာဝန်အပြင် လားရှိုးဒေသ အုပ်ချုပ်ရေးမှူး အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်ဟု တွေ့ဆုံမေးမြန်းခံရသူများက ပြောဆိုကြသည်။[198] စိန်ဝတ်မှုန်၏ လုပ်ငန်းခွင်မန်နေဂျာ ဦးမောင်မောင်က ဗိုလ်မှူးမျိုးရီ (ယခုအခါ ဦးမျိုးရီ) သည် စစ်တပ်မှအငြိမ်းစားယူသည့် အချိန်မှစ၍ စိန်ဝတ်မှုန်၏ အထွေထွေ မန်နေဂျာဖြစ်လာခဲ့သည်ဟု Global Witness အား ပြောပြခဲ့သည်။[199] သူ့ကို မြေယာသိမ်းယူမှု ဖြစ်ပွားခဲ့သည် ကျေးရွာများတွင် ယခုတိုင်အောင် တွေ့မြင်နေရသော်လည်း ယူနီဖောင်းဝတ်ထားခြင်း မရှိတော့ပါ။[200] မေးမြန်းသည့်အခါတွင် စိန်ဝတ်မှုန်က ဗိုလ်မှူးမျိုးရီ (ယခုအခါ ဦးမျိုးရီ) အား ကုမ္ပဏီမှ 'စီမံကိန်း မန်နေဂျာ' အဖြစ် ခန့်အပ်ထားကြောင်း အတည်ပြုခဲ့သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် Global Witness သည် ဤအစီရင်ခံစာတွင်ပါရှိသော တွေ့ရှိချက်များအပေါ် တုံ့ပြန်ချက်ပေးနိုင်ရန်အတွက် ဗိုလ်မှူးမျိုးရီအား ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေသည့် အချိန်အထိ မည်သည့် တုန့်ပြန်မှုကိုမျှ မရရှိခဲ့ပါ။

အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးမျိုးရီနှင့် အခြားစစ်သားများသည် ရွာသားများ၏ မြေယာများကို သိမ်းယူနိုင်ရန်အတွက် **လားရှိုးမြေစာရင်းဦးစီးဌာန** အထူးသဖြင့် **ဦးအောင်မြင့်လွင်**ဆိုသူ အရာရှိနှင့် ပူးပေါင်း လုပ်ဆောင်ခဲ့ကြသည်။[201] ဗိုလ်မှူးမျိုးရီက သူ့ကိုယ်သူ စိန်ဝတ်မှုန်၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သည်ဟု ပြောဆိုပြီး ဂိန်းထိန်နှင့် ဖိုင်တောင်ရွာများမှ မြေယာများကို သိမ်းယူစဉ် ဦးအောင်မြင့်လွင်လည်း ရှိနေခဲ့ရာ၊ ၎င်းအနေဖြင့် တပ်မတော်သည် စိန်ဝတ်မှုန် သို့ လွှဲပြောင်းပေးရန်အတွက် မြေယာများ သိမ်းယူနေခြင်းဖြစ်ကြောင်း

[195] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein village. Group interview with eight villagers from Kaung Khan Village on 24th September 2014. Group interview with eighteen villagers from Kaung Lin Village on 26th September 2014 in Kaung Lin Village . Group interview with twenty-two villagers from Phai Taung Village on 16th October 2014.

[196] Interview with a landless villager and now casual labourer from Phai Taung Village conducted on 16th October.

[197] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village. Group interview with eight villagers from Kaung Khan Village on 24th September 2014. Group interview with twenty-two villagers from Phai Taung Village on 16th October 2014.

[198] Interview with a Party Organiser from the Shan Nationalities Democratic Party (SNLD) and a farmer from Homu village. Interviewed together on 8th December 2014.

[199] Interview with U Maung Maung, site manager of Sein Wut Hmon, on 7th August 2014 in the company's management office in the region of Homusel in Lashio; Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein village.

[200] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village. Group interview with eight villagers from Kaung Khan Village on 24th September 2014. Group interview with twenty-two villagers from Phai Taung Village on 16th October 2014.

[201] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village; Group interview with twenty-two villagers from Phai Taung Village on 16th October 2014; Group interview with twenty villagers from Homu Village on 18th and 19th September 2014 in Homu Village.

ကောင်းစွာသိရှိသည်။[202] ဦးအောင်မြင့်လွင်သည် အစိုးရ အရာရှိတစ်ဦးဖြစ်သော်လည်း ရွာသားများ၏ ထင်းခုတ်ခွင့်နှင့် ဘိုးဘွားတို့၏ သချိုင်းမြေများကို သိမ်းယူခြင်းမပြုရန် တောင်းပန်ချက်များကို လျစ်လျူရှုခဲ့သည်။[203]

ထိုအပြင် ဦးအောင်မြင့်လွင်နှင့် လားရှိုး မြေစာရင်းဦးစီးဌာနသည် စိန်ဂုတ်မှုန်အပြင် အခြားသော ပုဂ္ဂလိက ကုမ္ပဏီများ၏ မြေယာသိမ်းယူမှုများတွင်လည်း ပါဝင်ခဲ့ပုံပေါ်သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၇ ရက် ရက်စွဲဖြင့် မြန်မာနိုင်ငံ၏ ဒုတိယသမ္မတ နှစ်ဦးအနက်မှ တစ်ဦးဖြစ်သော ဒေါက်တာစိုင်းမောက်ခမ်းထံ တာပုန်း ကျေးရွာအုပ်စုမှ ရွာသား ၄၃၀ က အသနားခံစာ ပေးပို့ရာတွင် ယင်းတို့၏နာမည်ကို ထည့်သွင်းဖော်ပြခဲ့သည်။ အဆိုပါစာတွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က ရွာသားများက သူတို့၏ မြေယာများကို သိမ်းဆည်းထားသည်ဟု စွပ်စွဲထားသော ရော်ဘာကုမ္ပဏီတစ်ခု (စိန်ဝတ်မှုန်မဟုတ်) ၏ ရုံးခန်းသို့ ဦးအောင်မျိုးလွင်မှ မည်သို့မည်ပုံ သွားရောက်ခဲ့သည်ကို အသေးစိတ်ဖော်ပြထားသည်။ သို့ရာတွင် ထိုတွေ့ဆုံမှုမှ မည်သည့် ရ လဒ်မျှ ထွက်ပေါ်လာသည်ကို ရွာသားများ မတွေ့ရပေ။ စာထဲတွင် ၂၀၁၃ ခုနှစ် မေလ ၁၁ ရက်နေ့က လားရှိုးမြေစာရင်းဦးစီးဌာနမှ အရာရှိများသည် နာလျန်း မာမိန်းရွာသို့ လာရောက်ခဲ့ပြီး *'များများ ဆုတောင်း'* ကြရန် ရွာသားများအား ပြောသည်မှလွဲ၍ အခြား ဘာမျှလုပ်မပေးခဲ့ကြောင်းကိုလည်း အသေးစိတ်ထည့်သွင်းထားသည်။[204] ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် Global Witness သည် ဤအစီရင်ခံစာတွင် ပါရှိသော တွေ့ရှိချက်များအပေါ် တုံ့ပြန်ချက်ပေးနိုင်ရန်အတွက် ဦးအောင်မြင့်လွင်နှင့် လားရှိုး မြေစာရင်းဦးစီးဌာနသို့ စာရေးသား ပေးပို့ခဲ့သော်လည်း  အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေသည့် အချိန်အထိ မည်သည့် တုန့်ပြန်မှုကိုမျှ မရရှိခဲ့ပါ။

ခြေမြန်တပ်မ ၆၈ နှင့် အခြား ဒေသခံတပ်ရင်းများသည် ယခုအခါ စိန်ဂုတ်မှုန် ရော်ဘာစိုက်ခင်းများရှိရာ ကျေးရွာ တစ်ဆယ့်တစ်ရွာအနက်မှ ကျေးရွာ ရှစ်ရွာတွင် မြေသိမ်းဆည်းမှုများ ပြုလုပ်ခဲ့သော်လည်း တွေ့ဆုံမေးမြန်းခဲ့သူ လေးဦးလုံးက (ခြေမြန်တပ်ရင်း ၆၈ မှ အငြိမ်းစားတပ်ကြပ်နှင့် လားရှိုး လယ်/ဆည် ဝန်ကြီးဌာနရုံးမှ အရာရှိ တစ်ဦးအပါအဝင်) ဒေသခံ တပ်ရင်းများသည် **အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်**၏ တိုက်ရိုက်ကွပ်ကဲမှုအရ လုပ်ဆောင်ခဲ့သည်မှာ သေချာကြောင်း ပြောပြကြသည်။[205] မြန်မာ တစ်နိုင်ငံလုံးရှိ တိုင်းစစ်ဌာနချုပ် ဆယ့်သုံးခုအနက် တစ်ခုဖြစ်သည့် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို ခြေမြန်တပ်မ ၆၈ အပါအဝင် ခြေလျင်တပ်ရင်းပေါင်း ၃၀ ဖြင့် ဖွဲ့စည်းထားသည်။[206]

ခြေမြန်တပ်မ ၆၈ တွင် ၁၆ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်က အငြိမ်းစားယူခဲ့သော တပ်ကြပ်ဟောင်း တစ်ဦးက ဂိန်းထိန်၊ မန်ပိန်း၊ နောင်မို။ နှင့် ဖိုင်တောင် ရွာများတွင် မြေယာသိမ်းယူမှုများကို ခြေမြန်တပ်မ ၆၈ က အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တိုက်ရိုက်အမိန့်ပေးမှုအောက်တွင် လားရှိုး မြေစာရင်းဦးစီးဌာနနှင့် ပူးပေါင်း အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။[207] ထို့အပြင် အထက်တွင်ဖော်ပြခဲ့သည့် တာပုန်း ကျေးရွာအုပ်စု ရွာသား ၄၃၀ ဦးမှ ဒေါက်တာစိုင်းမောက်ခမ်း ထံပေးပို့သည့် အသနားခံစာတွင် *'၂၀၀၅ ခုနှစ် ဧပြီလ ၈ ရက်နေ့က အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ပျိုးပင် ၅၀၀ စိုက်ပျိုးလို၍ ဧက ၅၀၀ ကို သိမ်းဆည်းခဲ့ကြောင်း၊ ခြေမြန်တပ်မ ၆၈ က လုံခြုံရေး ယူပေးပြီး ခြေလျင်တပ်ရင်း ၅၀၇ က မြေများကို ခုတ်ထွင်ရှင်းလင်းခဲ့သည်..'* ဟု အသေးစိတ်

---

[202] Interview with a farmer from Wein Htein Village on 23rd September 2014 in Wein Htein Village. Group interview with twenty-two villagers from Phai Taung Village on 16th October 2014.

[203] Interview with  a landless villager and now casual labourer from Phai Taung Village on 16th October 2014 in Phai Taung Village; Interview with a farmer from Wein Htein Village on 23rd September 2014 in Wein Htein Village.

[204] Document: Report and Complaint About the Squatting Companies, Appeal letter from 430 villagers in Tarpone Village-tract  to Dr Sai Mauk Kham, Vice-President of Myanmar, dated 17th September 2014, obtained by Global Witness from a farmer from Narlyan Marmane Village on 16th October 2014.

[205] Interview with a Party Organiser from the Shan Nationalities Democratic Party (SNLD) and a farmer from Homu Village. Interviewed together on 8th December 2014. Interview with an official from the Ministry of Agriculture and Irrigation (MoAI) for Lashio District on 7th December 2014. Interview with a former corporal from Light Infantry Division 68 (retired in 2004). Interview conducted on 12th December 2014.

[206] Global Security website, http://www.globalsecurity.org/military/world/myanmar/army-orbat-1.htm (Accessed 19th January 2014).

[207] Interview with a former corporal from Light Infantry Division 68 (retired in 2004). Interview conducted on 12th December 2014.

ဖော်ပြထားသည်။ ယင်းစာတွင် မြေယာများပေါ်တွင် လက်ရှိလုပ်ငန်းလုပ်ဆောင်နေသည့် စိန်ဝတ်မှုန်အပါအဝင် ပုဂ္ဂလိကကုမ္ပဏီသုံးခု၏ အမည်စာရင်းလည်း ပါရှိသည်။[208]

အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ပါဝင်မှုကို အတည်ပြုရာတွင် လားရှိုးမြို့ရှိ လယ်/ဆည် ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက သူနှင့် သူတို့ရုံးမှ အခြားဝန်ထမ်းများအား စိန်ဝတ်မှုန်၏ ရော်ဘာစီမံကိန်းများတွင် ကူညီပေးရန် တပ်မတော်မှ မည်သို့ အမိန့်ပေးခဲ့သည်ကို ပြောပြ ခဲ့သည်။ *'ဒီမြေတွေကို ဘယ်လိုသိမ်းယူတယ်ဆိုတာကို ကျွန်တော်တို့ လုံးဝမသိမသိရပါဘူး။ ကျွန်တော်တို့အနေနဲ့ စစ်တပ်ရဲ့ အမိန့်ကို နာခံရုံသက်သက်ပါဘဲ'* ဟု ဆိုသည်။ သူ့အနေနှင့် အမိန့်များကို မည်သူက ပေးသည်ဆိုသည်ကို တိတိကျကျ မေးမြန်းရန် အနေအထားမရှိခဲ့သော်လည်း သာမာန် စစ်တပ် အရာရှိတစ်ဦး အနေဖြင့် မြေယာများသိမ်းယူနိုင်ခြင်းမဖြစ်နိုင်ဘဲ၊ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ထိပ်တန်း စစ်ဗိုလ်ချုပ်များ၏ အစီအစဉ်ဟု အခိုင်အမာ ယူဆသည်။ သူ၏ ထင်မြင်ချက်မှာ စိန်ဝတ်မှုန်သည် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အာဏာအရှိဆုံးသော ဗိုလ်ချုပ်များနှင့် အပေးအယူရှိရမည်ဟူ၍ ဖြစ်သည်။[209] Global Witness သည် ဤအစီရင်ခံစာတွင် ပါရှိသော တွေ့ရှိချက်များအပေါ် တုန့်ပြန်ချက်ပေးနိုင်ရန် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့က ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေသည့် အချိန်အထိ မည်သည့် တုန့်ပြန်မှုကိုမျှ မရရှိခဲ့ပါ။

မြေယာသိမ်းဆည်းမှု အများစု ဖြစ်ပွားခဲ့သည့် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တွင် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တာဝန်ရှိသော ပုဂ္ဂိုလ်မှာ လက်ရှိ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမြင့်လှိုင်ဖြစ်သည်။[210]

**ဦးမြင့်လှိုင်** သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ် မေလခန့် အထိ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ကွပ်ကဲရေးမှူးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တိုင်းမှူး ဖြစ်ခဲ့သည်။[211] စစ်တပ်ကသိမ်းယူခဲ့ပြီး ယခုအခါ စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများ ဖြစ်သွားခဲ့သော မြေယာများအနက် သုံးပုံ နှစ်ပုံမှာ ဤကာလအတွင်းက သိမ်းယူခဲ့ခြင်း ဖြစ်သည် (နောက်ဆက်တွဲ တွင်ရှု)။ တွေ့ဆုံမေးမြန်းမှုအား ဖြေကြားပေးသူ နှစ်ဦးက ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း တွင် တာဝန်ကျခဲ့သော ဗိုလ်ချုပ်များအနက် ဦးမြင့်လှိုင်သည် ဒေါသအကြီးဆုံးသောဗိုလ်ချုပ်ဖြစ်သည်ဟု Global Witness ကို ပြောပြသည်။[212] ထို့အပြင် သူသည် ထိုအချိန်က နိုင်ငံအနှံ့တာဝန်ထမ်းဆောင်နေသော စစ်တိုင်းမှူးများအနက် ခေါင်းအမာဆုံးဖြစ်သည် ဟုလည်း ကျယ်ကျယ်ပြန့်ပြန့် ညွှန်းဆိုကြသည်။[213]

အထူးသဖြင့် သူသည် တိုင်းရင်းသားအဖွဲ့ များကို ကိုင်တွယ်ရာတွင် ရက်စက်ကြောင်း အစီရင်ခံမှုများရှိပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဦးမြင့်လှိုင်သည် စစ်အစိုးရ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေး အမျိုးသားညီလာခံ တွင် နိုင်ငံတော်အပေါ် သစ္စာဖောက်မှုနှင့် နိုင်ငံတော် ဂုဏ်သိက္ခာထိခိုက်စေမှုတို့ဖြင့် ထင်ရှားသော ရှမ်းခေါင်းဆောင် အများအပြားကို ဖမ်းဆီးရန် ကြိုးကိုင်စီစဉ်ခဲ့သည်။[214] ထိုနည်းတူ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လှုပ်ရှားနေကြသော မူးယစ်ရာဇာ အများအပြားနှင့် နီးစပ်သော ဆက်ဆံရေးရှိပြီး မူးယစ်ဆေးဝါး ကုန်သွယ်မှုများတွင် ပါဝင်ခဲ့ကြောင်း

---

[208] Document: Report and Complaint About the Squatting Companies, Appeal letter from 430 villagers in Tarpone Village-tract to Dr Sai Mauk Kham, Vice-President of Myanmar, dated 17th September 2014, obtained by Global Witness from a farmer from Narlyan Marmane Village on 16th October 2014.

[209] Interview with an official from the Ministry of Agriculture and Irrigation (MoAI) in Lashio, on 7th December 2014.

[210] ALTSEAN_BURMA website, Cabinet Ministers page, http://www.altsean.org/Research/Regimepercent20Watch/Executive/Ministers.php (Accessed 20th January 2015).

[211] ALTSEAN_BURMA website, Cabinet Ministers page, http://www.altsean.org/Research/Regimepercent20Watch/Executive/Ministers.php (Accessed 20th January 2015).

[212] Interview with a Party Organiser from the Shan Nationalities Democratic Party (SNLD) and a farmer from Homu Village. Interviewed together on 8th December 2014.

[213] Irrawaddy website, Cover story: the faces of Burma, December 2005, http://www2.irrawaddy.org/article.php?art_id=5284&page=11 (Accessed 20th January 2015).

[214] Irrawaddy website, Cover story: the faces of Burma, December 2005, http://www2.irrawaddy.org/article.php?art_id=5284&page=11 (Accessed 20th January 2015); ALTSEAN_BURMA website, Cabinet Ministers page, http://www.altsean.org/Research/Regimepercent20Watch/Executive/Ministers.php (Accessed 20th January 2015).

စွပ်စွဲမှုများ ရှိသကဲ့သို့၊ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) မှလည်း ဦးမြင့်လှိုင်အား သူ့ လက်အောက်ရှိ စစ်သားများ၏ အလွန်အကျွံ အကြမ်းဖက်မှုကို ခွင့်ပြုခဲ့ခြင်းကို သူ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့်အတူ စွဲချက်တင်ထားသည်။[215]

ဟိုမူ ကျေးရွာရှိ လယ်သမားတစ်ဦးက ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း  အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အတွက် ရုံဖန်ရုံခါ တရားမဝင် ဘာသာပြန်သူအဖြစ် မည်သို့လုပ်ဆောင်ခဲ့သည်ကို Gloabal Witness စုံစမ်းစစ်ဆေးသူများအား ပြောပြခဲ့သည်။ သူ့အား တိုင်းမှူး ဦးမြင့်လှိုင် လားရှိုးပြင်ပ နယ်ဆင်းသည့် ခရီးစဉ်များတွင် ရွာသားများ ပြောသော ရှမ်းစကားမှ မြန်မာစကားသို့ ဘာသာပြန်ဆိုရန်အတွက် အတူလိုက်ပါရန် ငှားရမ်းခဲ့သည်။ ဦးမြင့်လှိုင်သည် မြေယာ သိမ်းဆည်းမှုများအကြောင်း ကောင်းစွာသိရှိပြီး အချို့နေရာများသို့ပင် သွားရောက်ခဲ့ကြောင်း သူက ပြောပြသည်။[216]

ဦးမြင့်လှိုင်သည် ယခုလက်ရှိ တာဝန်ထမ်းဆောင်နေသော လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး တာဝန်ကို ၂၀၁၁ ခုနှစ် မတ်လမှ စတင်ထမ်းဆောင်ခဲ့ရာ အငြင်းပွားဖွယ်ရာအချို့ရှိသည်။ ယင်းမှာ ၂၀၁၂ ခုနှစ် အတွင်းက ဖြစ်ပွားခဲ့သော အဖြစ်အပျက် နှစ်ခု  ဖြစ်ပြီး ပြည်တွင်းမီဒီယာများ၏ အထူးအာရုံစိုက်မှုကို ခံခဲ့ရသည်။ ပထမ ဖြစ်ရပ်မှာ ဧပြီလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြန်မာ့လွှတ်တော်က သူ့ဝန်ကြီးဌာန၏ အသုံးစရိတ်များကို ဖြတ်တောက်ခဲ့ရာ ဦးမြင့်လှိုင်က လွှတ်တော်ကို  ‘စဉ်းစားဉာဏ်မရှိသူများနှင့် ပညာမတတ်သူများ’ အဖြစ် စွပ်စွဲခဲ့သည်။ တစ်လခန့် အကြာတွင် လွှတ်တော်အား လူသိရှင်ကြား တောင်းပန်ခဲ့ရသည်။ ယင်းသည် မြန်မာ့သမိုင်းတွင် ဝန်ကြီးတစ်ဦး အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ပထမဆုံးအကြိမ် တရားဝင် တောင်းပန်ခဲ့ခြင်းလည်း ဖြစ်သည်။[217] ထိုနှစ်အတွင်းမှာပင် ဦးမြင့်လှိုင်က ဆင်းရဲသား လယ်သမားများကို တစ်နေ့လျှင် ထမင်းတစ်နပ်သာ စားရန် ပြောဆိုမှုကို မီဒီယာများက ဖော်ပြခဲ့ကြရာ မြန်မာနိုင်ငံတလွှားမှ ရွာသားများအား ဒေါသထွက်စေခဲ့ပြီး လူမှု မီဒီယာများတွင် အုတ်အော်သောင်းနင်းဖြစ်သွားခဲ့သည်။[218]

ထိုဖြစ်ရပ်များ ရှိခဲ့သော်လည်း ဦးမြင့်လှိုင်သည် လက်ရှိ အစိုးရအတွင်း ဩဇာအကြီးဆုံး ဝန်ကြီးများအနက် တစ်ဦး အဖြစ် ဆက်လက်ရှိနေပြီး ဦးသန်းရွှေ (၁၉၉၂ မှ ၂၀၁၁ ခုနှစ်အထိ မြန်မာစစ်အစိုးရအား ဦးဆောင်ခဲ့သော ဗိုလ်ချုပ်မှူးကြီး) နှင့် နီးစပ်မှု ရှိနေဆဲဖြစ်ကြောင်း ပြောကြသည်။ ဦးမြင့်လှိုင်၏ ဦးဆောင်မှုအောက်တွင် အမျိုးသား စိုက်ပျိုးရေး မူဝါဒသည် တစ်နိုင်တစ်ပိုင်လယ်သမားများအား နစ်နာစေသည့် စက်မှုလယ်ယာ စိုက်ပျိုးရေးကို ဦးစားပေးရေးဖြစ်သည်။[219] သူသည် *လယ်ယာမြေ ဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ* နှစ်ရပ်စလုံး၏ ရေးဆွဲမှုနှင့် အတည်ပြုမှုတွင် တာဝန်ရှိသူလည်း ဖြစ်သည်။ အခန်း ၁ တွင် ဆွေးနွေးခဲ့သည့် အတိုင်း ဥပဒေနှစ်ရပ်စလုံးသည် ဓလေ့ထုံးတမ်း မြေယာအသုံးပြုပိုင်ခွင့်များကို အသိအမှတ်ပြုရန် ပျက်ကွက်သောကြောင့် ဝေဖန်ခံရပြီး၊ ကျေးလက်ဒေသရှိ လယ်သမားများ အထူးသဖြင့် ရှမ်းပြည် အရှေ့မြောက်ပိုင်းကဲ့သို့ တောင်ပေါ်ဒေသ များတွင် နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးစုများ၏ မြေယာများ အမှန်တကယ် သိမ်းယူခံရစေရန် ခြိမ်းခြောက် နေသည်။

ထို့ကြောင့်  ဦးမြင့်လှိုင်သည် တပ်မတော်၏ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ်နှင့် နောက်ပိုင်း လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး တာဝန်နှစ်ရပ်စလုံးတွင် မြန်မာနိုင်ငံ၏ တစ်နိုင်တစ်ပိုင် လယ်သမားများကို ထိခိုက်နစ်နာစေသည့် စီးပွားဖြစ် ရောမ စိုက်ပျိုးရေးများကို အစဉ်တစိုက် မြှင့်တင်ခဲ့သူ ဖြစ်သည်။ တာဝန်နှစ်ရပ်စလုံးတွင် တိုင်းရင်းသား လူနည်းစု အုပ်စုများ၏ ဓလေ့ထုံးတမ်း မြေယာအလေ့အထများ အထူးသဖြင့် *တောင်ယာ* ကို ဘေးဖယ်ထားသည့် ဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့သည်။ Global Witness သည်

[215] ALTSEAN_BURMA website, Cabinet Ministers page, http://www.altsean.org/Research/Regimepercent20Watch/Executive/Ministers.php (Accessed 20th January 2015).
[216] Interview with a farmer from Homu Village on 8th December 2014.
[217] DVB Multimedia, Minister apologises for calling MPs ‘uneducated’, https://www.dvb.no/news/minister-apologises-for-calling-mps-‘uneducated’/21836 (Accessed 18th February 2015).
[218] Irrawaddy website, All the President’s Foul-Mouthed Men, 5th February 2014, http://www.irrawaddy.org/commentary/presidents-foul-mouthed-men.html (Accessed 18th February 2015).
[219] 2014 Myanmar Agriculture In Brief, Family Farming: Feeding the World, Caring for the Earth’, hard copy only, p.3, 11.

ဤအစီရင်ခံစာတွင် ပါရှိသော တွေ့ရှိချက်များအပေါ် တုံ့ပြန်ချက်ပေးနိုင်ရန်အတွက် ဦးမြင့်လှိုင်အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့က စာရေးသားခဲ့သော်လည်း အစီရင်ခံစာ ထုတ်ဝေသည့် အချိန်အထိ မည်သည့် တုံ့ပြန်မှုကိုမျှ မရရှိခဲ့ပါ။

**စိန်ဂုတ်မှုန် ရော်ဘာစိုက်ခင်းများ၏ ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှုများ**

၂၀၁၄ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း Global Witness မှ ကောက်ယူခဲ့သည့် ထွက်ဆိုချက်များအရ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတွင် စိန်ဂုတ်မှုန်မှ မြေယာသိမ်းယူခြင်း၏ ရွာသားများအပေါ် အကျိုးသက်ရောက်မှုများမှာ လုံးဝ အနုတ်လက္ခဏာ ဆောင်သည်။ အကျိုးသက်ရောက်မှုများတွင် နေထိုင်စားသောက်မှု ဘဝနှင့် ထုတ်ဖော်ခွင့်များ (လွတ်လပ်စွာ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်) အပါအဝင် မရေမတွက်နိုင်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ပါဝင်ပြီး ရွာသားများကို ဆင်းရဲတွင်း ပိုမိုနက်စေခဲ့ကာ သူတို့၏ ဝမ်းနည်းပူဆွေးမှုများကို မပြောဆိုနိုင်ခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုရန် ကြောက်လန့်နေစေခဲ့သည်။

**ကုမ္ပဏီ၏ ၄၆၀၈ ဧကသော ရော်ဘာစိုက်ခင်းများရှိရာ ကျေးရွာ တစ်ဆယ့်တစ်ရွာတွင် လူဦးရေ စုစုပေါင်း ၂၂၁၂၇ ဦးနေထိုင်သည်။[220] စိန်ဂုတ်မှုန်စိုက်ခင်းများကြောင့် သူတို့၏ ဘဝများအပေါ် သက်ရောက်မှုများကို အောက်ပါ အမျိုးအစားများအတိုင်း ဖော်ပြထားသည်။ ၎င်းတို့မှာ မြေယာဆုံးရှုံးခြင်း၊ လျော်ကြေးမရရှိခြင်း၊ နေထိုင်ရှင်သန်မှုဘဝ ဆုံးရှုံးခြင်းနှင့် အစားအစာ မလုံလောက်မှု၊ အလုပ်အကိုင် မရှိခြင်းနှင့် မိသားစုဘဝအပေါ် အကျိုးသက်ရောက်မှု၊ ရွာသားများအနေဖြင့် ကျွဲနွားများ မွေးမြူထိန်းကျောင်းရန် ခက်ခဲလာခြင်း၊ ထင်းရှားပါးမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရန် ပျက်ကွက်ခြင်းနှင့် ဘိုးဘွားများ မြှုပ်နှံရာ သင်္ချိုင်းမြေများနှင့် ဘာသာရေးနေရာများအား သိမ်းဆည်းခြင်း တို့ဖြစ်ကြသည်။**

***မြေယာ ဆုံးရှုံးမှု***

*'မြေယာတွေ မသိမ်းခင် ဆွေးနွေးညှိနှိုင်းမှု မရှိပါဘူး။ ကျွန်တော်တို့ဟာ ဘယ်သူတွေက ဘယ်လို သိမ်းဆည်းမယ်ဆိုတဲ့ အကြောင်းကို လုံးဝ မသိရပါဘူး'* [221]
မြေ ၄ ဧက သိမ်းဆည်းခံရသည့် နောင်မိုရွာမှ လယ်သမားတစ်ဦး။

၂၀၁၄ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း Global Witness စုံစမ်းစစ်ဆေးသူများသည် ရွာ ၁၁ ရွာမှ လူပေါင်း ၁၂၄ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ သူတို့အားလုံးသည် စိန်ဝတ်မှုန်မှ တိုက်ရိုက် မြေသိမ်းခြင်း သို့မဟုတ် တပ်မတော်မှ သိမ်းယူပြီး နောက်ပိုင်းတွင် ကုမ္ပဏီသို့ လွှဲပေးခြင်းကို ခံခဲ့ကြရသူများဖြစ်သည်။ ယခင်က လယ်သမားငယ်များအားလုံး၊ ယင်း လယ်သမားအများစုသည် မြေ တစ်ဧကမှ ငါးဧက အထိ သိမ်းဆည်းခံခဲ့ကြရပြီး သုံးပုံတစ်ပုံမှာ ၁၀ ဧက မှ ၃၀ ဧက အထိ သိမ်းဆည်းခံခဲ့ကြရသည်။ ယင်းဆုံးရှုံးမှုတွင် အမြဲတမ်းစိုက်ပျိုးသော မြေယာများနှင့် သိမ်းဆည်းသည့် အချိန်တွင် မြေလပ်များ အဖြစ်ရှိနေသည့် မြေများအပါအဝင် တောင်ယာများ ပါဝင်သည်။ တွေ့ဆုံမေးမြန်းသည့် ရွာသားများအားလုံး နီးပါးတွင် သူတို့ အသက်ရှင်မှုအတွက် မှီခိုနေရသည့် မြေယာ အချို့ကျန်ရှိသော်လည်း ယခင်ကထက် ပိုမို ခက်ခဲလာကြသည်။

အခန်း ၁ တွင် ညွှန်းဆိုထားသည့်အတိုင်း မြန်မာနိုင်ငံ၏ တောင်ပေါ်ဒေသများတွင် နေထိုင်သူ ရွာသားများသည် ဓလေ့ထုံးတမ်းစဉ်လာ မြေယာ လုပ်ပိုင်ခွင့် စနစ် အောက်တွင် နေထိုင်ခဲ့ကြသဖြင့် သူတို့ မြေယာများအပေါ် အမည်ပေါက် ပိုင်ဆိုင်ခြင်း မရှိကြပါ။ ပိုင်ဆိုင်မှုအတွက် တစ်ခုတည်းသော အထောက်အထားမှာ မြေခွန်ပေးထားသည့်

[220] Information compiled from more than 140 interviews and ten documents obtained by Global Witness between August and December 2014 (see Annex).
[221] Interview with a farmer from Nuangmo Village on 27th September 2014 in Nuangmo Village.

ပြေစာများဖြစ်ပြီး တွေ့ဆုံမေးမြန်းသည့် ရွာသား သုံးပုံတစ်ပုံခန့်တွင် သိမ်းထားသော ပြေစာများ ရှိနေဆဲဖြစ်သည်။ သုံးပုံတစ်ပုံခန့်မှာ မြေယာများ သိမ်းဆည်းခံရသည့်အချိန်တွင် သူတို့၏ ပြေစာဖြတ်ပိုင်းများ သိမ်းယူခံရခြင်း သို့မဟုတ် နောက်ပိုင်းတွင် အသုံးဝင်မှု မရှိဟု ထင်ကာ ဖျက်ဆီးပစ်လိုက်ခြင်းများ ရှိသည်။ ကျန်သည့် ရွာသားများမှာ မည်သည့် အခါကမျှ အခွန်ဆောင်ဖူးခြင်း မရှိသဖြင့် ပိုင်ဆိုင်မှုကို ပြသရန် မည်သည့် စာရွက်စာတမ်းမျှ မရှိကြပါ။[222] သို့ရာတွင် Global Witness က တွေ့ဆုံမေးမြန်းခဲ့သော ရွာသားများ၏ မြေယာများကို တပ်မတော်သည် မြေခွန် ပြေစာ ပြသနိုင်ခြင်း ရှိမရှိအပေါ် မူတည်ခြင်းမရှိဘဲ သိမ်းယူခဲ့ခြင်းဖြစ်သည်။ ဖိုင်တောင်ရွာမှ လယ်သမားတဦးက နာနတ်နှင့် မြေပဲ စိုက်ပျိုးထားသော သူ၏ မြေ ၁၅ ဧက ဆုံးရှုံးခဲ့ပုံကို *'ကျွန်တော်တို့ မိသားစုမှာ အခွန်ပြေစာတွေ ရှိပေမယ့် ကျွန်တော့်မြေကို ဘာလျော်ကြေးမှ မပေးဘဲ သိမ်းယူသွားခဲ့ပါတယ်'* ဟုပြောပြသည်။ [223]

ဂိန်းထိန်းကျေးရွာအုပ်စု နောင်မိုရွာမှ ဘိုးဘွားပိုင်မြေ ၃ ဧက ဆုံးရှုံးသွားခဲ့သော လယ်သမားတစ်ဦးက မည်သို့ ဖြစ်ခဲ့သည်ကို ယခုလို ပြောပြသည် *'တောင်စောင်းနေရာတွေ အားလုံးကို သိမ်းတယ်။ ကျန်တဲ့နေရာတွေက ကျွန်တော်တို့ စပါးစိုက်တဲ့ မြေပြန့်တွေဘဲ ကျန်တယ်။'*[224] ယင်းသည် ကျေးရွာ ၁၁ ရွာလုံးတွင် တစ်ပုံစံတည်းဖြစ်ပြီး တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားတိုင်းသည် ပြောင်း၊ နာနတ် နှင့် ထင်းအတွက်အသုံးပြုသော 'မယ်ဇလီ' ခေါ်သည့် အပင်များ စိုက်ပျိုးထားသည့် တောင်စောင်းများရှိ စိုက်ပျိုးမြေများအား ဆုံးရှုံးခဲ့ကြသည်။[225] ဤတောင်စောင်း မြေများကို သူတို့သည် ယခင်က တောင်ယာခင်းများအဖြစ် အသုံးပြုခဲ့ကြသည်။ အချို့ရွာသားများမှာ စပါးခင်းများ ဆုံးရှုံးမှုရှိသော်လည်း နည်းပါးသည်။[226] ယင်းသည် စစ်အစိုးရအနေဖြင့် *မြေယာ နိုင်ငံပိုင်သိမ်းခြင်း အက်ဥပဒေအရ* တောင်ယာများကို အသိအမှတ်ပြုခြင်း မရှိဘဲ စပါးခင်းများကိုသာ ထုတ်လုပ်နိုင်စွမ်းရှိသော မြေအဖြစ် အသိအမှတ်ပြုထားခြင်း ကြောင့်လည်း ဖြစ်နိုင်သည်။[227] ထို့ကြောင့် တောင်ပေါ် ရှိ လယ်သမားများ၏ ယာမြေများကို သိမ်းဆည်းခြင်းက တရားဝင်ဖြစ်ရန် လွယ်ကူသောကြောင့် စပါးခင်းများအား ချန်လှပ်ထားခြင်းလည်း ဖြစ်နိုင်သည်။

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများက တောင်ယာအဖြစ် အသုံးပြုသော မြေများကို သိမ်းယူရန် ပစ်မှတ်ထားခြင်းသည် ရွာသားများ၏ ဌာနေတိုင်းရင်းသား အခွင့်အရေးကို ထိပါးစေသည်။ ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသား အခွင့်အရေး ကြေငြာစာတမ်းတွင် ဥပဒေအရ လိုက်နာရန် မလိုအပ်သော်လည်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ၏ နိုင်ငံတကာ စံချိန်စံညွှန်းများကို ဖော်ပြထားသည်။ ဌာနတိုင်းရင်းသား မြေယာများကို စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်း အတွက် လုပ်ကိုင်ခွင့်ပေးခြင်းသည် ဤကြေငြာချက်ပါ ပြဋ္ဌာန်းထားသော ပုဒ်မ အများအပြား အထူးသဖြင့် ပုဒ်မ ၂၈ မှ ၃၂ အထိ ငြိစွန်းသည်။ ယင်းပုဒ်မများသည် ဌာနတိုင်းရင်းသားများကို အစဉ်အလာ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အလေ့အထများအရ မြေယာ အသုံးပြုခွင့်နှင့် ထိန်းသိမ်းခွင့်ကို ပေးထားသည်။[228]

ကောင်းခန်း၊ ဟိုမူနှင့် နောင်မို ရွာ များတွင် မြေယာသိမ်းဆည်းခံရသူ အချို့သည် ရွာမှ ပိုမိုဝေးလံသော အခြားသော ခြုံတောများကို သွားရောက် ရှင်းလင်းပြီး စိုက်ပျိုးမြေအသစ်များကို တည်ထောင်ကြသည်။ ယင်းနေရာများသည် ရွာမှ သုံးမိုင်မှ ခြောက်မိုင်အကြား ကွာဝေးသဖြင့် လယ်သမားများသည် သူတို့၏ သီးနှံများကို မကြည့်နိုင်ဘဲ ဝေးလံစွာ

---

[222] As under the 1963 Tenancy Law, The Tenancy Law 1963, Unofficial translation, Displacement Solutions http://displacementsolutions.org/wp-content/uploads/THE-TENANCY-LAW-1963.pdf (Accessed January 29th 2015).
[223] Interview with a farmer from Phai Taung Village, on 16th October 2014 in Phai Taung Village.
[224] Interview with a farmer from Nuangmo Village, on 26th September 2014 in Nuangmo Village.
[225] Thaung Naing Oo, Status of Forest Genetic Resources Conservation and Management in Myanmar, 2004, p.4, http://www.apforgen.org/Myanmar.pdf (Accessed 29th January 2015); Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[226] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[227] Giles Henley, Case Study on Land in Burma, Evidence on Demand: Climate and Environment, Infrastructure, Livelihoods, Overseas Development Institute, March 2014, p.7, http://www.burmalibrary.org/docs20/Henley-2014-03-Burma_case_study_land-red.pdf (Accessed January 27th 2015).
[228] United Nations Declaration on the Rights of Indigenous Peoples (2007) http://www.un.org/esa/socdev/unpfii/documents/DRIPS_en.pdf (accessed 27 January 2015).

လမ်းလျှောက်သွားရခြင်း သို့မဟုတ် မော်တော်ဆိုင်ကယ်အတွက် ငွေကုန်ကြေးကျ ခံရခြင်းများ ရှိသည်။[229] ဂိန်းထိန် ကျေးရွာအုပ်စု ကောင်းခန်းရွာမှ လယ်သမားတဦးက Global Witness စုံစမ်းစစ်ဆေးသူများကို *'ဒီနေရာသစ်တွေမှာ သီးနှံတွေ ထိန်းသိမ်းဖို့ သိပ်ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ ညပိုင်းတွေမှာ အဲဒီနေရာတွေမှာ အမြဲတမ်း မအိပ်နိုင်လို့ မျောက်တွေ၊ တောဝက်တွေက ကျွန်တော်တို့သီးနှံတွေကို ဖျက်ဆီးသွားကြတယ်'* ဟုပြောပြခဲ့သည်။ ယင်းသို့ သီးနှံများ ပျက်စီးခြင်းသည် ရွာသားများ၏ စားဝတ်နေမှုအပေါ် အနုတ်လက္ခဏာ သက်ရောက် စေသည်။[230]

Global Witness က တွေ့ဆုံခဲ့သည့် ရွာသား ၁၂၄ ဦးအနက် ၆ ဦးမှာ မြေယာသိမ်းဆည်းမှုများကြောင့် လုံးဝ မြေယာ လက်မဲ့ဖြစ်သွားခဲ့ပြီး ကျပန်း အလုပ်သမားများအဖြစ် အသက်မွေးကြရသည်။ ဟိုမူရွာမှ ရွာသားတစ်ဦးက မြေသိမ်းခံရသည့် ၂၀၀၆ ခုနှစ်တွင် မြေပေါ်တွင် ပြောင်း၊ ပဲနှင့် စပါးများ စိုက်ပျိုး ထားခဲ့သည်။ မြေယာမဲ့ဖြစ်သွားခဲ့ပြီး နောက်တွင် သူသည် လယ်သမားအဖြစ် မရပ်တည်နိုင်တော့ဘဲ ပုံကျ အလုပ်သမားအဖြစ်သို့ ရောက်ရှိသွားပြီး အခြားသူများ၏ မြေယာများတွင် ကူညီခြင်း နှင့် ရေသယ်ခြင်း စသည့် ခက်ခဲသော အလုပ်ကြမ်းများကို လုပ်ကိုင်ခဲ့ရသည်။ *'ကျွန်တော်အခုတော့ တစ်နေ့လုပ် တစ်နေ့စားဘဲ၊ ရွာမှာ ရရာအလုပ်လုပ်ရတယ်။ သီးနှံစိုက်ဖို့ ကျွန်တော့်မှာ မြေမရှိတော့ဘူး။'* [231] ဖိုင်တောင်ရွာမှ အခြား လယ်သမားတစ်ဦးမှာ ၂၀၀၆ ခုနှစ်တွင် နာနတ်နှင့် မြေပဲ စိုက်ပျိုးခင်း ဧက ၂၀ အသိမ်းခံခဲ့ရသည်။ သူသည်လည်း သူရင်းငှါး အဖြစ် အခြားရွာသားများ၏ မြေကွက်များတွင် အလုပ်လုပ်ကိုင်ကာ အသက်မွေးခဲ့ရသည်။[232] ဟိုပန်မြို့အနီး မာမိန်းရွာမှ အမျိုးသမီးတစ်ယောက်မှာလည်း မြေယာမဲ့ အဖြစ်ကျန်ရစ်သည်။ သူက Global Witness စုံစမ်းစစ်ဆေးသူများအား *'လယ်ယာတွေမှာတင် မကဘူး ကြုံရာ လုပ်ရတယ်။ မြေမရှိ၊ သီးနှံမရှိတော့ တခြားရွေးစရာမရှိဘူး'* ဟုပြောပြသည်။ [233]

**လျော်ကြေး မရခြင်း**

*'ကျွန်တော်တို့ မြေတွေကို ဘာကြောင့် သိမ်းတယ်ဆိုတာ သူတို့ ရှင်းမပြဘူး၊ နောက်ပြီး ကျွန်တော်တို့ ဘာလျော်ကြေးမှ မရဘူး၊ လျော်ကြေးဆိုလို့ တစ်ကျပ် (အမေရိကန်ဒေါ်လာ ဝ.ဝဝ၁) တောင်မရဘူး။'*[234]
**၂၀၀၆ ခုနှစ်တွင် မြေပဲခင်း ၁.၅ ဧက ဆုံးရှုံးသွားခဲ့သည့် လယ်သမားတစ်ဦးက ကောင်းလင်းရွာသား ၁၈ ဦးကိုယ်စား ပြောကြားချက်။**

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများ ရှိသည့် ကျေးရွာ ၁၁ ရွာအနက် ဆယ်ရွာတွင် မည်သည့် ရွာသား တစ်ဦးတစ်ယောက်မျှ သိမ်းဆည်းခံရသည့် မြေယာများအတွက် မည်သည့်ပုံစံဖြင့်မျှ လျော်ကြေး မရရှိပါ။[235] ဟိုမူဆဲရွာ (ဟိုမူရွာ၏ အရှေ့ခြမ်း) မှ ရွာသား ၂၁ ဦးသည် ပြည်ထောင်စု လွှတ်တော် ဥက္ကဋ္ဌထံသို့ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက် ရက်စွဲဖြင့် စိန်ဝတ်မှုံမှ သိမ်းဆည်းထားသော သူတို့၏ မြေဧက ၁၅၀ ကို ပြန်ပေးရန်အတွက် တောင်းဆိုသည့် အသနားခံစာကို ပေးပို့ခဲ့သည်။ *'လားရှိုးရှိ ဟိုမူဆဲမှ ဘိုးဘွားပိုင်မြေများကို ၂၀၀၆ ခုနှစ်တွင် သိမ်းဆည်းခံရပြီး ယခုအခါ ထိုနေရာသည် စိန်ဝတ်မှုန်ကုမ္ပဏီ၏ ရော်ဘာစိုက်ခင်းများ ဖြစ်လာပါသည်။ ကုမ္ပဏီက ထိခိုက်နစ်နာသော*

---

229 Group interview with eight villagers from Kaung Khan Village on 24th September 2014 in Kaung Khan Village. Group interview with twenty villagers from Homu Village on 18th and 19th September 2014 in Homu Village. Group interview with twenty-six villagers from Nuangmo Village on 27th September 2014 in Nuangmo Village.
230 Interview with a farmer from Kaung Khan Village, on 24th September in Kaung Khan Village.
231 Interview with an ex-farmer and casual labourer from Homu Village, on 18th September 2014 in Homu Village.
232 Interview with an ex-farmer and casual labourer from Phai Taung Village, on 16th October 2014 in Phai Taung Village.
233 Interview with an ex-farmer and casual labourer from Marmane Village, on 6th November 2014 in Marmane Village.
234 Interview with a farmer from Kaung Lin Village, on 26th September 2014 in Kaung Lin Village.
235 Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.

*ရွာသားများအား ငွေကြေးအရ လျော်ကြေးပေးခြင်းမရှိသကဲ့သို့ မြေနေရာ အသစ်လည်း ပေးခြင်း မရှိပါ’* [236] ဟု ဖော်ပြပါရှိသည်။

မန်ပိန်း ကျေးရွာအုပ်စုမှ ရှမ်းတိုင်းရင်းသား ၂၀၀ နေထိုင်သည့် ဂေးလံခေါင်ဖျားသော ကွန်ဟိုင်း ရွာသားအချို့သာ သိမ်းဆည်းခံရသော မြေများအတွက် ငွေသား လျော်ကြေးများ ရရှိခဲ့သည်။ ဤရွာရှိ ဧက ၅၀၀ သိမ်းဆည်းမှုကို စိန်ဝတ်မှုန် ဂန်ထမ်းများက ၂၀၁၁ ခုနှစ်တွင် လုပ်ဆောင်ခဲ့ပြီး ကျန်သိမ်းဆည်းမှုများကို နောက် ၃ နှစ်မှ ၆ နှစ်အတွင်း ဆက်လက် လုပ်ဆောင်ခဲ့သည်။ ခန့်မှန်းခြေအားဖြင့် ကွန်ဟိုင်းရွာရှိ ရွာသား ၅ ရာခိုင်နှုန်းခန့်သည် မြေခွန် ပြေစာများ မရှိသော်လည်း စိန်ဂတ်မှုန်ထံမှ ငွေသား လျော်ကြေးများ ရရှိခဲ့ကြသည်။[237]

စပါးခင်း ၂ ဧက အနက်မှ ၁ ဧက သိမ်းဆည်းခံရသော ကွန်ဟိုင်းရွာမှ လယ်သမားတစ်ဦးက စိန်ဂတ်မှုန် အနေနှင့် စေ့စပ်ဆွေးနွေးမှု သို့မဟုတ် ရှင်းပြမှုမရှိဘဲ မည်သို့ မြေယာများ လာရောက်သိမ်းယူခဲ့သည်ကို ရှင်းပြခဲ့သည်။ သူက လျော်ကြေးအဖြစ် ငွေကျပ် လေးသိန်း (အမေရိကန် ဒေါ်လာ ၄၀၀) ရရှိခဲ့ပြီး ကျန်ရှိသည့် တစ်ဧကတွင် ဆက်လက် လုပ်ကိုင်နေသည်။[238] ယင်းနှင့် ကွဲပြားသည်မှာ တစ်ရွာထဲမှ အမျိုးသမီးတစ်ဦးသည် သူမ၏ စပါးခင်း ၅ ဧက သိမ်းဆည်းခံခဲ့ရပြီး လျော်ကြေးအဖြစ် ငွေကျပ် ၁၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၀) သာ ရရှိခဲ့သည်။[239] Global Witness မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသား ၁၀ ဦးလုံးသည် စိန်ဝတ်မှုန်ထံမှ မတူညီသော လျော်ကြေးများကို ရရှိခဲ့ကြသည်။ ယင်းမှာ ကုမ္ပဏီ အနေနှင့် တစ်ဦးချင်းကို သီးခြား ကိုင်တွယ်သောကြောင့်လည်း ဖြစ်နိုင်သည်။ ရွာသားများအား ခွဲခြားဆက်ဆံသော နည်းစနစ်တခုဖြစ်ပြီး တစ်ခါတစ်ရံတွင် ပညာမတတ်ဆုံးနှင့် ဖယ်ကြဉ်မှု အခံရဆုံး ရွာသားများသည် လျော်ကြေးအနည်းငယ် သို့မဟုတ် လုံးဝ မရခြင်းများ ဖြစ်တတ်သည်။[240]

မကြာသေးမီက စိန်ဝတ်မှုန်မှ သိမ်းဆည်းမှု တစ်ခုထဲအတွက်သာ လျော်ကြေးအချို့ ပေးခြင်းမှာ အံ့သြစရာ သိပ်မရှိပါ။ ၂၀၁၁ ခုနှစ် ကွန်ဟိုင်းရွာမှ မြေဧက ၅၀၀ သိမ်းယူသည့် အချိန်တွင် ပြုပြင်ပြောင်းလဲထားသော အစိုးရ ရှိနေပြီ ဖြစ်သည်။ နိုင်ငံတွင်းရှိ သတင်းမီဒီယာများတွင် မြေယာသိမ်းခံရသည့် ဇာတ်လမ်းများ အများအပြား တွေ့မြင်နေရ ပြီးဖြစ်သည်။ ဤသို့သော အခြေအနေတွင် စိန်ဝတ်မှုန်သည် ရွာသားများနှင့် ပဋိပက္ခမဖြစ်စေရန် လျော်ကြေးပေးပြီး နာမည်ပျက်ခြင်းကို ရှောင်ရှားနိုင်မည်ဟု ယူဆနိုင်သည်။ ကွန်ဟိုင်း ရွာဖြစ်ရပ်သည် အခြားသော စိန်ဝတ်မှုန်ရော်ဘာ စိုက်ခင်းများကြောင့် သက်ရောက်မှုရှိသည့် ကျေးရွာ ဆယ်ရွာအတွက် နမူနာ ဖြစ်လာစေနိုင်ပြီး သူတို့၏ သိမ်းဆည်းခံရသော မြေများနှင့် ဘဝများဆုံးရှုံးခဲ့ရမှုများအတွက် အစားထိုးနိုင်ရန် နောက်ကြောင်းပြန် ကုစားမှုကို တောင်းဆိုလာနိုင်ဖွယ်ရာ ရှိသည်။

Global Witness က စိန်ဝတ်မှုန်အား သိမ်းဆည်းမြေများအတွက် မည်သည့် လျော်ကြေးမှ မပေးကြောင်း စွပ်စွဲချက်များနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။ ဟိုပန်ဒေသတွင် ပထမဆုံး ရော်ဘာစိုက်ခင်းအတွက် မြေယာများအစား ‘ရွာတွင် မူလတန်းကျောင်းတစ်ကျောင်း တည်ဆောက်ပေးခဲ့သည်’ ဟု တုန့်ပြန်ပြီး အခြားရွာများတွင် ကျေးရွာဖွံ့ဖြိုးရေး ရံပုံငွေ ထည့်ဝင်ခဲ့သည် ဟုပြောသည်။ သို့ရာတွင် အကျိုးခံစားခွင့်များအကြောင်း မေးမြန်းသည့်အခါတွင် Global Witness က တွေ့ဆုံမေးမြန်းသည့် ရွာသား ၁၂၄ ဦးစလုံးသည် ဤအကြောင်းအရာ နှစ်ခုစလုံးကို ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပါ။

---

236 Document: Appeal letter for the return of areas occupied by the Sein Wut Hmon rubber plantations, dated 17th September 2013, sent by 21 villagers from Homusel to the Speaker of the Union Parliament, and copied to the Chairman of the Parliamentary Land Investigation Commission, obtained by Global Witness from an ex-farmer and casual labourer from Homu Village on 19th September 2014. Note: Sein Wut Hmon confiscated 200 acres in Homu Village (see Annex). However this letter is only on behalf of 21 villagers who lost a total of 150 acres.

237 Group interview with four villagers from Kunhi Village on 12th October 2014 conducted in Kunhi Village.

238 Interview with a farmer from Kunhi Village, on 12th October conducted in Kunhi Village.

239 Interview with a farmer from Kunhi Village, on 12th October in Kunhi Village.

240 Group interview with four villagers from Kunhi Village on 12th October 2014 conducted in Kunhi Village.

***နေထိုင်ရှင်သန်မှုဘဝများ ဆုံးရှုံးခြင်းနှင့် စားနပ်ရိက္ခာ မလုံခြုံမှု***

*‘အရင်က ကျွန်တော်တို့ မချမ်းသာပါဘူး။ ဆင်းလည်းမဆင်းရဲပါဘူး။ ကျွန်တော်တို့ မြေပေါ်မှာ ကျွန်တော်တို့ ရပ်တည်နိုင်တယ်။ ဒါပေမယ့် အခု မြေနည်းသွားတဲ့အခါ ဘဝက အရမ်းခက်ခဲလာတယ်။’*
ကောင်းလင်းရွာမှ မြေ ၁.၅ ဧက သိမ်းခံရသော လယ်သမားတစ်ဦး။ [241]

မြေသိမ်းယူမှုများ၏ အကျိုးသက်ရောက်မှုများမှာ ရွာသားများ၏ နေထိုင်ရှင်သန်မှုဘဝအပေါ် ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခဲ့ပြီး၊ အကျိုးဆက်အဖြစ် ပြင်းထန်သည့်ဖြစ်ရပ်များတွင် အစားအစာလုံခြုံမှုကိုပါ ထိခိုက်စေသည်။ Global Witness က တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသား ၁၂၄ ဦးစလုံးအား စိန်ဂတ်မှုံရော်ဘာစိုက်ခင်းများက သူတို့၏ ဘဝအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို မေးမြန်းသောအခါ သူတို့ ယခုအခါတွင် မြေနည်းသွားသည်၊ သီးနှံထွက်မှုလျော့သည်၊ ဝင်ငွေနည်းသွားသည်ဟု တူညီစွာ ပြောဆိုကြသည်။ [242]

ကွန်ဟိုင်း ရွာမှ ရွာသား တစ်ဦးက သူ၏ စပါးခင်း နှစ်ဧကအနက်မှ တစ်ဝက် သိမ်းဆည်းခံရသည့် အချိန်မှစ၍ သူ၏ တစ်နှစ်ဝင်ငွေမှာ ထက်ဝက် လျော့နည်းသွားသည်ဟု ခန့်မှန်းသည်။[243] မန်ပိန်း ကျေးရွာအုပ်စု အနီးအနားရှိ ဟိုနမ့်ရွာမှ အခြား ရွာသားတစ်ဦးအတွက် ၂၀၀၈ ခုနှစ်တွင် စိန်ဂတ်မှုန်မှ သူ၏ မြေ ၇ ဧကသိမ်းယူလိုက်ချိန်မှစ၍ တစ်နှစ်ကို ကျပ် ခြောက်သိန်းခန့် (အမေရိကန် ဒေါ်လာ ၆၀၀ခန့်) ဆုံးရှုံးခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် တာပုန်းကျေးရွာအုပ်စု နာလျှန်းမာမိန်းရွာမှ လယ်သမားတစ်ဦး၏ မြေယာ ၈ ဧကကို ခြေမြန် တပ်မ ၆၈ မှ စိန်ဝတ်မှုန်ကိုယ်စား သိမ်းယူသွားခဲ့သည်။ ယခုအခါ သူ့ထံတွင် စပါးခင်း ၂ ဧက သာ ကျန်ရှိသည်။ မြေသိမ်းယူခံရမှုသည် သူ၏ ဝင်ငွေကို တစ်နှစ်လျှင် ကျပ် သုံးသန်း (အမေရိကန် ဒေါ်လာ ၃၀၀၀) ခန့် ဆုံးရှုံးစေကြောင်း သူက ခန့်မှန်းသည်။ သူက ရွာသားများသည် တစ်ဦးနှင့် တစ်ဦးဖြစ်စေ၊ ရွာသို့ ပုံမှန်လာလေ့ရှိသော ကုန်သည်များနှင့် ဖြစ်စေ သူတို့ စိုက်ပျိုးသော စပါးများကို အခြားအစားအစာများဖြင့် လဲလှယ်ခြင်းကဲ့သို့သော ပစ္စည်းဖလှယ်စနစ်ကို သုံးစွဲနေဆဲဖြစ်သဖြင့် ဆုံးရှုံးမှုကို ငွေကြေးသက်သက်ဖြင့် တိုင်းတာ၍ မပြည့်စုံနိုင်ကြောင်း ရှင်းပြသည်။ သူ၏ မြေ ၈၀ ရာခိုင်နှုန်း အသိမ်းခံရသော ကြောင့် ကုန်ပစ္စည်းဖလှယ်ရန် လုံလောက်သော စပါးကို ထုတ်လုပ်နိုင်ခြင်း မရှိတော့ဘဲ သူ့မိသားစု စားဝတ်နေရေးအတွက် ဆန်တစ်မျိုးတည်းကိုသာ မှီခိုလာရသည်။[244]

သိမ်းဆည်းမှုများတွင် မြေယာမဲ့ဖြစ်ကျန်ရစ်သူများ၏ စားဝတ်နေရေးဘဝမှာ အများဆုံး သက်ရောက်ခံခဲ့ရသည်။ ဖိုင်တောင်ရွာမှ ရွာသားတစ်ဦးက သူ၏ မြေဧက ၂၀မှ တစ်နှစ်လျှင် ကျပ် ၂ သန်း (အမေရိကန်ဒေါ်လာ ၂၀၀၀) ခန့် ဝင်ငွေ ရှိခဲ့ကြောင်း ပြောပြသည်။ ယခုအခါ သူသည် ပျံကျ အလုပ်သမား ဖြစ်သွားပြီး အလုပ်ရှာနိုင်သော နေ့များတွင် တစ်ရက်လျှောင် ကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၁ မှ ၃) သာ ရတော့သည်။ တစ်ခါတစ်ရံ သူ့ လုပ်အားခကို  ဆန်ဖြင့် ပေးချေခံရပြီး၊ ခက်ခက်ခဲခဲ ရှင်သန်ရုန်းကန်နေရသည်။[245]

*မာမိန်းရွာမှာ အခြား ရွာသူတစ်ဦးကလည်း အလားတူ အဖြစ်အပျက်မျိုးကို ပြောပြသည်။ မြေယာမဲ့ ဖြစ်သွားချိန်မှ စ၍ သူမသည် မည်သည့် အလုပ်မျိုးမဆို ရနိုင်သမျှ လုပ်ခဲ့ရသည်။ သို့သော်လည်း သူမက “ကျွန်မ မြေးတွေက အရွယ်ရောက်လာတယ်။ ကျွန်မက (ပျံကျအလုပ်သမားဘဝနဲ့) အိမ်မှာရှိတဲ့ လူ ၆ ယောက်စာလုံးအတွက် မရှာနိုင်တော့ဘူး” ဟုပြောပြသည်။ ။ သိမ်းဆည်းခံရမှုသည် သူမ၏ အစားအစာလုံခြုံမှုကိုလည်း ထိခိုက်စေသည်။ သူမတွင် သူမ၏ ကြီးမားသော မိသားစုအတွက် လုံလောက်သော စပါးပမာဏ ရရှိလောက်သည့် စပါးခင်းများ ရှိခဲ့သည်။ ထို့ထက်ပို၍ ရောင်းချရန်ပင် ကျန်ရှိသေးသည်။ ‘တောင်စောင်းတွေမှာ ကျွန်မက ပြောင်း စိုက်တယ်။*

[241] Interview with a farmer from Kaung Lin Village on 26th September 2014 in Kaung Lin Village.
[242] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[243] Interview with a farmer from Kunhi Village, on 12th October conducted in Kunhi Village.
[244] Interview with a farmer from Narlyan Marmane Village, on 11th October 2014 in Narlyan Marmane Village.
[245] Interview with an ex-farmer and now casual labourer from Phai Taung Village, on 16th October 2014 in Phai Taung Village.

*အခုတော့ အဲဒီမှာ ရော်ဘာတွေ ဖြစ်ကုန်ပြီ။ ဒါကြောင့် ကျွန်မတို့ မီးဖိုချောင်အတွက် ချက်ပြုတ်ဖို့ အဆင်သင့်ရှိမယ့် အစားအစာ တစ်အိတ်ရဖို့ ခက်ခဲသွားပြီ’ ဟုပြောပြသည်။*[246]

*ဒေသတွင်း နေထိုင်ရှင်သန်မှုဘဝများ ဖျက်ဆီးခံရခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ဆန့်ကျင်နေသည်။ အထူးသဖြင့် လူတိုင်းတွင် လုံလောက်သော နေထိုင်မှု အဆင့်အတန်းရှိခွင့်နှင့် ဆန့်ကျင်သည်။ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး သဘောတူညီချက် ပုဒ်မ ၁၁(၁) တွင် ‘နေထိုင်မှု အခြေအနေများ အဆက်မပြတ် တိုးတက်နေရမည်’ ဟု ပါရှိသည်။ ICESCR ကို မြန်မာနိုင်ငံက သဘောတူ လက်မှတ်ရေးထိုးခြင်းမရှိသေးသော်လည်း ဤစံချိန်စံညွှန်းသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ထင်ဟပ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ လိုက်နာကျင့်သုံးရန် အကြံပြုထားချက်တွင် ပါဝင်သည်။*[247] *မြေယာ သိမ်းဆည်းမှုများသည် ရွာသားများ၏ အစားအစာရပိုင်ခွင့်ကိုလည်း ချိုးဖောက်သည်။ အစားအစာရပိုင်ခွင့် အပေါ် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ‘ပုံမှန်၊ အစဉ်အမြဲနှင့် အကန့်အသတ်မရှိသော လက်လှမ်းမီမှုကို တိုက်ရိုက်သို့မဟုတ် ငွေကြေးဖြင့် ဝယ်ယူခြင်းဖြင့် ဖြစ်စေ၊ အရေအတွက်နှင့် အရည်အသွေး အရ လူများ ပိုင်ဆိုင်သော ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် အညီ လုံလောက်သော အစားအစာရပိုင်ခွင့်နှင့် ယင်းသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူပုဂ္ဂိုလ် တဦးချင်းနှင့် အစုအဖွဲ့အလိုက်။ အကြောက်တရားမှ ကင်းဝေးသည့် ပြည့်စုံသော ဂုဏ်သိက္ခာရှိသော အစားအစာ’ ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။*[248] *မြေယာများ သိမ်းဆည်းခံရသော လယ်သမား အများအပြားသည် အစားအစာ ပမာဏနှင့် အမျိုးအစားကွဲပြားမှု နှစ်ရပ်စလုံး လျော့နည်းသွားမှုကို ခံစားကြရသည်။*

မေးမြန်းသည့်အခါတွင် စိန်ဝတ်မှုန်က ကုမ္ပဏီ၏ စိုက်ခင်းများသည် ဒေသခံ ရွာသားများ၏ လူနေမှု ဘဝ အဆင့်အတန်းများကို မြင့်မားစေသည်ဟု ဖြေဆိုခဲ့သည်။

***အလုပ်အကိုင် ရှားပါးခြင်းနှင့် မိသားစုဘဝအပေါ် အကျိုးသက်ရောက်မှုများ***

*‘ကျွန်တော်တို့ရွာဟာ တချိန်က သာယာစိုပြေခဲ့တယ်။ အခုတော့ ခြောက်ကပ်ကပ်ဖြစ်သွားပြီ။ လူငယ်တွေက အခြားမြို့တွေကို သွားပြီး အလုပ်ရှာကြတယ်။ သူတို့အတွက် လုပ်စားစရာ မြေမရှိတော့ဘူး။’*[249]
၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း နာလျန်း မာမိန်းရွာမှ လယ်သမားတစ်ဦး။

စိန်ဂတ်မှုန်က သူ၏ အင်တာနက်စာမျက်နှာတွင် ဟိုပန်ရှိ ပထမဆုံး စိုက်ခင်းအား *‘ယခင် ဘိန်းစိုက်တောင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့်’* တည်ထောင်ခဲ့ပြီး *‘ယခုအခါ စိုက်ပျိုးရေး လုပ်ငန်းသည် လူပေါင်း ၁၅၀ ကျော်ကို အလုပ်ပေးနိုင်ခဲ့သည်။’* ဟုဖော်ပြထားသည်။[250] သို့ရာတွင် Global Witness စုံစမ်းစစ်ဆေးမှုများက ကုမ္ပဏီသည် ဒေသခံ ရွာသားများအား မည်သည့်အလုပ်ကိုမျှ ကမ်းလှမ်းခြင်း သို့မဟုတ် ခန့်အပ်ခြင်း မရှိသည်ကို ဖော်ပြနေသည်။ ထို့အပြင် စိန်ဝတ်မှုန်က ဖော်ပြသော အလုပ် ၁၅၀ ခန့်အပ်ခဲ့သည်ဆိုခြင်းမှာ မှန်ကန်နေသည့်တိုင် ထိုမျှ နည်းပါးသော အလုပ်များဖြင့် မြေယာသိမ်းဆည်းမှုများ၏ ဒေသခံ လူနေမှုဘဝများအပေါ် အကျိုးသက်ရောက်မှုများကို လျော့ကျသွားအောင် လုပ်ဆောင်နိုင်မည် မဟုတ်ပေ။

---

[246] Interview with an ex-farmer and now casual labourer from Marmane Village, on 6th November 2014 in Marmane Village.
[247] Article 19 (2013) Myanmar: National Human Rights Commission recommends ratifying key human rights treaties, 21 June 2013, http://www.article19.org/resources.php/resource/37119/en/myanmar:-national-human-rights-commission-recommends-ratifying-key-human-rights-treaties#sthash.k6STuYcq.dpuf (accessed 27 January 2015).
[248] United Nations Office of the High Commissioner for Human Rights (UNOHCHR), Special Rapporteur on the right to food page, http://www.ohchr.org/EN/Issues/Food/Pages/FoodIndex.aspx (Accessed February 18th 2015).
[249] A farmer speaking in a group interview in Narlyan Marmane Village on 11th October 2014.
[250] Sein Wut Hmon company website, Plantation page, http://swh.com.mm/?page_id=96 (Accessed 16th January 2015).

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများ တည်ရှိရာ ကျေးရွာများတွင် နေထိုင်ကြသည့် လူဦးရေမှာ ၂၂၀၀၀ ကျော်ရှိသည်။ သို့ဖြစ်ရာ ၁၅၀ မျှသော အလုပ်သည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် သိသာထင်ရှားသည့် အားထုတ်မှု မဖြစ်လာနိုင်ပေ။ ထို့အပြင် မေးမြန်းခဲ့မှုများတွင် ရွာသားများက သူတို့အနေနှင့် စိန်ဝတ်မှုန်အပေါ် အယုံအကြည်မရှိတော့ဘဲ ကုမ္ပဏီ၏ ရော်ဘာစိုက်ခင်းများတွင် လုပ်ကိုင်လိုခြင်း မရှိကြောင်း ဖြေကြားကြသည်။[251]

ဒေသခံ ရွာသားများအား အလုပ်ပေးမည့်အစား စိန်ဝတ်မှုန်သည် မြန်မာနိုင်ငံ အောက်ပိုင်းမှ လူများ သို့မဟုတ် ရှမ်းပြည်နယ် အခြားဒေသများမှ လူများကို စိုက်ခင်းများ စောင့်ရှောက်ရန်နှင့် ရော်ဘာစေး စုဆောင်းရန် ရော်ဘာခြစ်သူများအဖြစ် ငှားရမ်းခဲ့သည်။[252] ယင်းသည် မြေယာ ဆုံးရှုံးမှုများနှင့်ပေါင်းစပ်လိုက်သည့်အခါ ဂိန်းထိန်ရွာရှိ လူငယ်အများအပြားကို အလုပ်လက်မဲ့ ဖြစ်သွားစေခဲ့သည်။ မျိုးဆက်ပေါင်းများစွာ ဂမ်းစာဖူလုံသည့်မြေယာ လုပ်ငန်းဖြင့် ရှင်သန်ခဲ့သည့် ကျေးရွာအတွက် အခြေအနေသစ်တစ်ရပ် ဖန်တီးသွားခဲ့သည်။[253]

စိန်ဝတ်မှုန်က Global Witness ကို တုံ့ ပြန်ရာတွင် ကုမ္ပဏီအနေဖြင့် *'ဒေသတွင်း အလုပ်အကိုင် ၁၀၀ ရာခိုင်နှုန်း'* ဖန်တီးခဲ့ကာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လယ်သမားများကို အစဉ်အမြဲ ဦးစားပေးခဲ့သည် ဟု ပြောသည်။ ထို့အပြင် သူတို့၏ လုပ်သားအင်အား ၅၀ ရာခိုင်နှုန်းမှာ ဒေသခံရွာများမှ ဖြစ်ပြီး အခြားဒေသများမှ လူများကို ဒေသတွင်း လုပ်အားရရှိနိုင်မှု မလုံလောက်မှသာ ငှားရမ်းသည်ဟု ပြောသည်။

သိမ်းဆည်းမှုသည် ရွာများရှိ မိသားစုဘဝများအပေါ်လည်း အကျိုးသက်ရောက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဂိန်းထိန်ကျေးရွာမှ လယ်သူမတစ်ဦး၏ မြေ ၁၀ ဧကကို ခြေမြန်တပ်မ ၆၈ မှ သိမ်းဆည်းခဲ့သည်။ ထိုအချိန်မှစ၍ သူမသည် သားသမီးများကို ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် စေလွှတ်ခဲ့ရသည်။ *'ကျွန်မသူတို့ကို ထိုင်းမှာ အလုပ်ပေး မလုပ်စေချင်ဘူး။ ခက်ခက်ခဲခဲ အခြေအနေနဲ့ နိုင်ငံခြားမှာ လုပ်ရမယ့်အစား သူတို့ကို ဒီက (ရွာက) မြေယာတွေမှာဘဲ လုပ်စေချင်တယ်။ ကျွန်မကလေးတွေအတွက် အမြဲဘဲ စိတ်ပူနေရတယ်။ သူတို့ အိမ်နဲ့ ဝေးနေတုန်း ဒုက္ခတွေ့နိုင်တယ်။ သူတို့ တစ်နှစ်တစ်ခါတောင် အိမ်ကို ပြန်မလာနိုင်ဘူး။ ကျွန်မမြေတွေ ပြန်ရမယ်ဆိုရင် ကျွန်မကလေးတွေကို ထိုင်းကနေ ပြန်ခေါ်မယ်။ အခုဘဝနဲ့ ကျွန်မ မပျော်ဘူး။'*[254] နာလျန်းမာမိန်းရွာမှ အခြားလယ်သမားတစ်ဦးကလည်း သူ၏ အတွေ့အကြုံကို ပြောပြသည်။ သူ၏ မြေ ၂ ဧကစလုံးကို ခြေမြန်တပ်မ ၆၈ မှ သိမ်းယူလိုက်သည့် ၂၀၀၅ ခုနှစ်မှစ၍ သူ့သားသမီးများသည် ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကြရသည်။ ယခုအခါတွင် သူတို့မှ အိမ်သို့ ပြန်ပို့သည့် ငွေဖြင့် ရပ်တည်နေရသည်။[255] မေးမြန်းသည့်အခါ စိန်ဝတ်မှုန်က လူငယ် ရွာသားများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက စစ်သားစုဆောင်းမည်ကို ကြောက်ရွံ့၍ ထွက်ခွာသွားကြခြင်းဖြစ်ပြီး သူတို့ စိုက်ခင်းများနှင့် မသက်ဆိုင်ကြောင်း ပြန်ကြားသည်။

***ရွာသားများအနေဖြင့် ကျွဲနွားများ မွေးမြူထိန်းကျောင်းရန် ခက်ခဲလာခြင်း***

*'အခုဆို စားကျက်တွေ မရှိတော့ ကျွဲနွားတွေ မမွေးမြူနိုင်တော့ဘူး။ လယ်သမားတစ်ယောက်အနေနဲ့ ရပ်တည်ဖို့ ပိုခက်လာတယ်'*[256]
နောင်မိုရွာမှ  မြေ ၁၀ ဧက သိမ်းဆည်းခံရသော လယ်သမားတစ်ဦး။

---

[251] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[252] Group interview with three villagers from Honam Village, on 12th October in Honam Village. Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[253] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[254] Interview with a farmer from Wein Htein Village, on 5th November 2014 in Wein Htein Village.
[255] Interview with an ex-farmer and now casual labourer from Narlyan Marmane Village, on 11th October 2014 2014 in Narlyan Marmane Village.
[256] Interview with a farmer from Naungmo Village, on 27th September 2014 in Nuangmo Village.

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများ၏ အနုတ်လက္ခဏာဆောင်သော သက်ရောက်တစ်ခုဖြစ်သည့် ဝမ်းနည်းဖွယ်ရာများ အနက် တစ်ခုမှာ ကျေးရွာ ၁၁ ရွာလုံး မကြာခဏ ကြုံရသည့် ရွာသားများ၏ ကျွဲနွားများ မွေးမြူ ထိန်းကျောင်းရန် ခက်ခဲလာခြင်းဖြစ်သည်။ သီးနှံများစိုက်ပျိုးရန်အတွက် မြေယာများ သာမက ရွာသားအများအပြား၏ စားကျက်မြေများ သိမ်းဆည်းခံရသောကြောင့် စားကျက်မြေ ပမာဏမှာ မလုံလောက် တော့ပါ။ စိန်ဝတ်မှုန်သည် ကျွဲနွားများကြောင့် ရော်ဘာစိုက်ခင်းများအပေါ်တွင် တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့ပါက ရွာသားများအား ဒဏ်ရိုက်သည်။[257] *'ရော်ဘာခင်းတွေထဲမှာ နွားခြေရာ တစ်ခုတွေ့ရင်တောင်မှ ကုမ္ပဏီက ဒဏ်ရိုက်တယ်'* ဟု ဟိုမူရွာမှ လယ်သမား တစ်ဦးက ပြောသည်။[258] ဝိန်းထိန်းရွာ ဒေသခံတစ်ဦးကလည်း *'ကုမ္ပဏီအစောင့်တွေက ရော်ဘာစိုက်ခင်း နယ်မြေထဲမှာ ကျွဲတစ်ကောင် ဖမ်းမိတဲ့အခါ အဲဒီကျွဲကို ပြန်ရချင်တယ်ဆိုရင် ကျွန်တော်တို့ကို ဒဏ်ငွေကျပ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀) ဒဏ်ရိုက်တယ်'* ဟုပြောပြသည်။[259] တစ်ချိန်တည်းမှာပင် နောင်မိုရွာမှ ဒေသခံများ မှာလည်း နွား သို့မဟုတ် ကျွဲ တစ်ကောင် ကြောင့် ပျက်စီးသော ရော်ဘာပင် တစ်ပင်အတွက် ငွေကျပ် ၇၀၀၀ (အမေရိကန်ဒေါ်လာ ၇) ဒဏ်ရိုက်ခံရသည်။[260]

ရွာသားများသည် ယင်းဒဏ်ရိုက်မှုများ၏ ရလဒ်အဖြစ် သူတို့၏ ကျွဲနွားများကို ရောင်းထုတ်လိုက်ကြသဖြင့် နောင်မိုကဲ့သို့ ကျေးရွာများရှိ ရွာသားအများစုထံတွင် ကျွဲနွားများ ရှားပါးကုန်သည်။[261] ကျွဲနွားများ မရှိသည့်အခါ ရွာသားများသည် ထွန်ယက်ရန် တခြားနည်းလမ်းများကို ရှာကြံကြရပြီး မြေသြဇာအတွက် နောက်ချေးအစား ဓါတ်မြေသြဇာကို ဝယ်ယူကြရသည်။ ယင်းတို့အားလုံးသည် စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျစရိတ် ပိုများလာပြီး သူတို့၏ စားဝတ်နေရေးဘဝများအပေါ် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ် စေသည်။[262]

***ထင်းရှားပါးမှု***

***'မယ်ဇလီပင်တွေ မရှိတော့ဘူး။ ကျွန်တော်တို့က သူ့အပေါ်မှာဘဲ ထင်းအတွက်မှီခိုနေရတာ။ အားလုံးက ရော်ဘာတွေဘဲ ဖြစ်ကုန်ပြီ။'*** [263]
မြေ ၆ ဧက သိမ်းဆည်းခံခဲ့ရသော မန်ပိန်းရွာမှ လယ်သမားတစ်ဦး။

Globa Witness စုံစမ်းစစ်ဆေးမှု လုပ်ခဲ့သည့် ကျေးရွာ ၁၁ ရွာမှ ရွာသားများသည် သူတို့၏မြေယာများ သိမ်းဆည်းခံခဲ့ရသည့်အချိန်မှစ၍ ထင်းရှားပါးမှုကို အကြီးအကျယ် ကြုံတွေ့နေရသည်။ ယခင်အချိန်က သူတို့သည် ထင်းအတွက် ရည်ရွယ်စိုက်ပျိုးထားသော မယ်ဇလီပင်များအပေါ် မှီခိုခဲ့ကြသည်။[264] သို့ရာတွင် ရော်ဘာစိုက်ခင်းများ အတွက် မြေရှင်းလင်းရာတွင် တောင်စောင်းများ၌ စိုက်ပျိုးထားသော ဤသစ်မာပင်များကို ခုတ်ထွင်ရှင်းလင်း ခဲ့ကြသည်။ ယခုအခါ ထင်းမှာ အလွန်ရှားပါးနေပြီး၊ ထင်းရှာရန် ဝေးလံသော အရပ်များသို့ သွားရောက်ကြရသည်။[265] ရွာသားများ၏မြေပေါ်တွင် ယခင်ကရှိနေသော သစ်ပင်ကြီးများ နေရာတွင် သစ်ငုတ်တိုများသာ ကျန်ရစ်ခဲ့ကြသည်။[266]

---

[257] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[258] Interview with a farmer from Homu Village, on 19th September 2014, in Homu Village.
[259] Interview with a farmer from Wein Htein Village, on 24th September 2014, in Wein Htein Village.
[260] Interview with a farmer from Nuangmo Village, on 27th September 2014 in Nuangmo Village.
[261] Interview with a farmer from Nuangmo Village, on 27th September 2014 in Nuangmo Village; Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[262] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[263] Interview with a famer from Mang Pane Village, on 27th September 2014 in Mang Pane Village.
[264] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[265] Interview with a farmer from Homu Village, on 19th September 2014, in Homu Village.
[266] Interview with a farmer from Phai Taung Village, on 16th October 2014 in Phai Taung Village.

၂၀၀၆ ခုနှစ်က ဖိုင်တောင်ရွာတွင် မြန်မာစစ်တပ်က ရွာသားများ၏ မြေပေါ်ရှိ မယ်ဇလီပင်များ အပါအဝင် အပင်အားလုံးကို ခုတ်ထွင်ရှင်းလင်းခဲ့သည်။[267] မြေယာ သိမ်းဆည်းသည့်အချိန်တွင် သူပိုင်ဆိုင်သော မြေဧက ၂၀ လုံး သိမ်းယူခံသည့် လယ်သမားတစ်ဦးက အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူး မျိုးရီနှင့် လားရှိုးမြေစာရင်းဦးစီးဌာနမှ ဦးအောင်မြင့်လွင်တို့အား အနည်းဆုံး သူပိုင် သစ်ပင်များကို ထင်းအဖြစ် ခုတ်ယူခွင့်ပြုရန် တောင်းပန်ခဲ့သည်။ သို့သော် နှုတ်ဖြင့် အစော်ကားခံခဲ့ရသည်။ *'အသိမ်းခံရတဲ့ စိုက်ခင်းထဲက အပင်တစ်ချို့ကို ထင်းအဖြစ် ခုတ်ချင်တယ်။ ဒါပေမယ့် ကျွန်တော့်ကို ဝင်ခွင့်မပေးဘူး။ ကျွန်တော်လည်း သူတို့နဲ့ ခံပြီး မငြင်းရဲဘူး။ ဒါကြောင့် ကျွန်တော် တိတ်တိတ်လေးဘဲ နေလိုက်တယ်။'*[268] သူ့မြေပေါ်မှ ခုတ်ထွင်ရှင်းလင်းထားသော သစ်များကို စစ်သားများက သယ်ယူသွားသည်ကို တွေ့ခဲ့ရသည်။ ယင်းသစ်များအား မည်သို့အသုံးချမည်ကို မသေချာသော်လည်း သူကဲ့သို့ပင် ထင်းအဖြစ်သုံးစွဲမည်ဟု ယူဆသည်။[269] စိန်ဝတ်မှုန်က သူတို့၏ စိုက်ခင်းများကြောင့် ရွာသားများ၏ ကျွဲနွား မွေးမြူရန် ခက်ခဲလာခြင်း သို့မဟုတ် ထင်းရှားပါးခြင်း စသည့် အနှုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများ ရှိသည်ဆိုခြင်းကို ထင်မြင်ချက်ပေးရန် ငြင်းဆန်ခဲ့သည်။

### *ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရန် ပျက်ကွက်ခြင်း*

စိန်ဝတ်မှုန်သည် သူ၏ ရော်ဘာစိုက်ခင်းများရှိသော ကျေးရွာများအတွက် မည်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းကိုမျှ ထိရောက်စွာ လုပ်ဆောင်ပေးခြင်း မရှိပါ။ ဥပမာ အခြား ကျေးရွာ ၁၁ ရွာများနှင့် အလားတူ နောင်မိုရွာတွင် ကျောင်း၊ ကျန်းမာရေး ဆေးပေးခန်း သို့မဟုတ် လျှပ်စစ်မီး မရှိပါ။ ယင်းအခြေအနေတွင်ပင် စိန်ဝတ်မှုန်သည် ကျေးရွာ ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်အား မီးစက်အသေးတစ်လုံး လှူဒါန်းသည်မှလွဲ၍ ကျေးရွာအတွက် အခြား မည်သည့်အရာမျှ ကူညီပံ့ပိုးပေးခြင်းမရှိပါ။[270] မန်ပိန်းရွာတွင်လည်း အလားတူပင် ဖြစ်သည်။ ကုမ္ပဏီက ရွာအတွက် တစ်စုံတစ်ရာ ကူညီပေးရမည့်အစား ရွာသို့ ကျပ် ၁၅၀၀၀၀ (အမေရိကန် ဒေါ်လာ ၁၅၀) လှူဒါန်းကာ ကျေးရွာ၏ ကျောင်းဆရာ ပိုင်သော အိမ်ပြန်လည်ပြုပြင် ရန် သွပ်ပြား အချပ် ၃၀ ပေးခဲ့သည်။[271] ယေဘုယျအားဖြင့် ရွာတစ်ရွာတွင် ဩဇာအကြီးဆုံးဖြစ်သော ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် ကျောင်းထိုင်ဘုန်းကြီးနှင့် ကျောင်းဆရာအား လှူဒါန်းမှု အနည်းအကျဉ်း ပြုလုပ်ခြင်းသည် ဒေသခံများအပေါ် အသာစီးရအောင် လုပ်ရိုးလုပ်စဉ် တစ်ခုဖြစ်သည်။

ဖိုင်တောင်ရွာတွင် မြေယာသိမ်းဆည်းမှုများ ပြုလုပ်ပြီး နှစ်အနည်းငယ်အကြာ ၂၀၀၆ ခုနှစ်တွင် ဒေသခံ ရွာသားတစ်ဦး က ရော်ဘာစိုက်ခင်းများ၏ အခြေအနေကို လေ့လာရန် ရွာထဲသို့ ရောက်လာသော စိန်ဝတ်မှုန် အရာရှိများအား ချဉ်းကပ်ခဲ့သည်။ အဆိုပါရွာသားက ကုမ္ပဏီအား ရွာအတွက် ကတ္တရာလမ်း တစ်ခုဖောက်လုပ်ပေးရန် အကူအညီတောင်းခံခဲ့ရာ လစ်လျူရှုခံရသည်။[272] ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၇ ရက်စွဲဖြင့် တာပုန်း ကျေးရွာအုပ်စုမှ ရွာသား ၄၃၀ တို့က မြန်မာနိုင်ငံ၏ ဒုတိယ သမ္မတဖြစ်သော ဒေါက်တာ စိုင်းမောက်ခမ်း ထံ အသနားခံစာတစ်စောင် ပေးပို့ခဲ့သည်။ စာထဲတွင် ရွာသားများအနေနှင့် စိန်ဝတ်မှုန်နှင့် အခြားသော ကုမ္ပဏီများ၏ မြေယာများ သိမ်းဆည်းမှု ကြောင့် *'ဘာသာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးကိစ္စရပ်များ'* တွင် အခက်အခဲများ မည်သို့ ရင်ဆိုင် ကြုံတွေ့နေရကြောင်း ဖော်ပြထားသည်။[273] ယင်းစာအတွက် မည်သည့် ပြန်ကြားစာမျှ ရောက်မလာပါ။[274] စိန်ဝတ်မှုန်မှ Global Witness သို့ ပြန်ကြားသော စာတွင် ကုမ္ပဏီ အနေဖြင့် ရွာသားများအား အကူအညီ

---

[267] Group interview with twenty-two villagers from Phai Taung Village on 16th October 2014.
[268] Interview with an ex-farmer and now casual labourer from Phai Taung Village, on 16th October 2014 in Phai Taung Village.
[269] Interview with an ex-farmer and now casual labourer from Phai Taung Village, on 16th October 2014 in Phai Taung Village.
[270] Interview with a farmer from Nuangmo Village, on 26th September 2014 in Nuangmo Village.
[271] Group interview with eight villagers from Mang Pane Village on 27th September 2014.
[272] Interview with an ex-farmer and now casual labourer from Phai Taung Village, on 16th October 2014 in Phai Taung Village.
[273] Document: Report and Complaint About the Squatting Companies, Appeal letter from 430 villagers in Tarpone Village-tract, to Dr Sai Mauk Kham, Vice-President of Myanmar, dated 17th September 2014, obtained by Global Witness from a farmer from Narlyan Marmane Village on 16th October 2014.
[274] Interview with a farmer from Narlyan Marmane Village, on 7th August 2014 in Narlyan Marmane Village.

အထောက်အပံ့ လိုအပ်သည်ထက် ပေးထားပြီး ရွာသားတို့၏ တောင်းဆိုမှုများကို မည်သည့်အခါမျှ ငြင်းပယ်ခြင်း မရှိကြောင်း ဖော်ပြထားသည်။

**ဘိုးဘွားစဉ်ဆက် သချိုင်းမြေနှင့် ဘာသာရေး နေရာများအား သိမ်းဆည်းခြင်း**

*'မင်းတို့ရွာသားတွေက ဘယ်တော့မှ သေမှာ မဟုတ်ဘူး။ ဒါကြောင့် သချိုင်းကိုလည်း ငါတို့ ယူလိုက်မယ်'* [275]
**ဂိန်းထိန်ရွာမှ ရွာသားများက သူတို့၏ ဘိုးဘွားစဉ်ဆက် သချိုင်းမြေကို သိမ်းယူခြင်းမပြုရန် တောင်းပန်သည့်အခါ လားရှိုးမြေစာရင်းဦးစီးဌာနမှ အောင်မြင့်လွင် မှပြောခဲ့သော ဟာသ။**[276]

စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများသည် ရွာသားများ၏ စားဝတ်နေရေးနှင့် လူနေမှု အဆင့်အတန်းအပေါ် သက်ရောက်မှု ရှိရုံသာမက သူတို့၏ ယုံကြည်မှုနှင့် ရိုးရာဓလေ့များကိုပါ ထိခိုက်စေခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ခြေမြန်တပ်မ ၆၈ က ဂိန်းထိန်နှင့် နာလျန်းမာမိန်းကျေးရွာများတွင် မြေယာ သိမ်းဆည်းမှုများ ပြုလုပ်သောအခါ ရွာသားများ၏ ရိုးရာ သချိုင်းမြေများလည်း ပါဝင်ခဲ့သည်။[277] မန်ပိုင်းရွာသည်လည်း ၂၀၀၇ ခုနှစ် စိန်ဝတ်မှုန် ကုမ္ပဏီအရာရှိများက သူတို့ မြေများ သိမ်းယူသည့် အခါ ဘိုးဘွားအစဉ်အဆက် သချိုင်းမြေကို ဆုံးရှုံးခဲ့ရသည်။[278] ရွာသားများ၏ ဘိုးဘွား အစဉ်အဆက် မြှုပ်နှံခဲ့သော ထိုသချိုင်းမြေ သုံးခုလုံးသည် ယခုအခါ စိန်ဝတ်မှုန်၏ ရော်ဘာစိုက်ခင်းများ အောက်တွင် ရောက်ရှိသွားပြီဖြစ်သည်။[279]

သိမ်းဆည်းမှုများကြောင့် ကျေးရွာအများအပြားသည် သူတို့၏ နတ်စင်များကို ဆုံးရှုံးခဲ့ကြရသည်။ ယင်းနတ်စင်များကို အဓိကအားဖြင့် တိုင်းရင်းသား လူနည်းစု ကျေးရွာများတွင် တွေ့ရှိရပြီး ဝါးဖြင့်ပြုလုပ်ထားကာ ရွာစောင့်နတ်များအား ပူဇော်ပသကြသည်။ နောင်မိုနှင့် မန်ပိန်းကျေးရွာနှစ်ရွာလုံးမှ ရွာသားများက သူတို့၏ နတ်စင်များ ဆုံးရှုံးမှုကို အမှတ်ရ နေကြသည်။ နောင်မိုရွာ နတ်စင်မှာ ခြေမြန်တပ်မ ၆၈ မှသိမ်းယူခဲ့သော မြေ ဧက ၁၂၀၀ တွင် ပါသွားခဲ့ပြီး၊ မန်ပိန်းရွာ၏ နတ်စင်ကိုမူ စိန်ဝတ်မှုန်မှ အရာရှိများက သိမ်းယူခဲ့ကြသည်။[280] မေးမြန်းသည့် အခါ စိန်ဝတ်မှုန်က သူတို့ သိမ်းယူသည့် မြေများတွင် ရွာ၏ သချိုင်း သို့မဟုတ် နတ်စင်များ ပါသည်ဆိုခြင်းကို ငြင်းဆိုခဲ့သည်။

အချုပ်အားဖြင့် ဆိုရသော် စိန်ဝတ်မှုန်သည် ဒေသခံ ရွာသားများအတွက် အပြုသဘောဆောင်သော သက်ရောက်မှုများ ဆောင်ကြဉ်းပေးရန် ပျက်ကွက်ခဲ့ရုံသာမက လက်တွေ့တွင် ကုမ္ပဏီ၏ ရော်ဘာစိုက်ခင်းများသည် ပြင်းထန်ကျယ်ပြန့်သော အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများကို ဖြစ်စေခဲ့သည်။ အထက်တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီသည် လျော်ကြေးပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း သို့မဟုတ် ဒေသအတွင်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းများ မရှိခဲ့ပါ။ မြေယာ သိမ်းဆည်းမှုများသည် ရွာသားများ၏ ကျွဲနွား မွေးမြူထိန်းကျောင်းမှုကို ခက်ခဲစေခဲ့ပြီး၊ ထင်းရှားပါးမှု အကြီးအကျယ် ဖြစ်စေခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သည် လူပုဂ္ဂိုလ် တစ်ဦးစီတိုင်း၏ စားဝတ်နေမှုအပေါ် ဆိုးကျိုးများ သက်ရောက်ခဲ့ပြီး၊ အချို့သော ဖြစ်ရပ်များတွင် စားနပ်ရိက္ခာ လုံခြုံမှုကိုပါ ခြိမ်းခြောက်နေသည်။ မြေယာသိမ်းယူမှုများ၏ အကျိုးဆက်များတွင် ဘာသာရေးနေရာများ သိမ်းဆည်းခံရခြင်းနှင့် ရွာသားများသည် သူတို့၏ သားသမီးများကို အဝေးတွင် အလုပ်ရှာရန် စေလွှတ်ရခြင်းတို့ဖြင့် ရိုးရာအစဉ်အလာများနှင့် ဘဝ ရှင်သန်မှုများအတွက် စိန်ခေါ်မှုများဖြစ်လာခဲ့သည်။

---

[275] Interview with a farmer from Wein Htein Village, on 23rd September 2014 in Wein Htein Village.
[276] Interview with a farmer from Wein Htein Village, on 23rd September 2014 in Wein Htein Village.
[277] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village; Interview with a farmer from Narlyan Marmane Village, on 11th October 2014 in Narlyan Marmane Village.
[278] Interview with a resident of Mang Pane Village, interview conducted on 10th August 2014 in Mang Pane Village.
[279] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village; Interview with a farmer from Narlyan Marmane Village, on 11th October 2014 in Narlyan Marmane Village; Interview with a resident of Mang Pane Village, interview conducted on 10th August 2014 in Mang Pane Village.
[280] Interview with a resident of Mang Pane Village, interview conducted on 10th August 2014 in Mang Pane Village; Interview with a farmer from Nuangmo Village, on 26th September 2014 in Nuangmo Village.

နောက်ဆုံးအနေဖြင့် သိမ်းဆည်းမှုများကို စော်ကား၊ အနိုင်ကျင့်မှုများမှ တဆင့် ပြုလုပ်ခဲ့ရာ ရွာသားများ၏ အစိုးရနှင့် စစ်တပ်အပေါ် ကြောက်ရွံ့မှုအတိုင်းအတာကို မြင့်တက်စေခဲ့ပြီး လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ကို ချိုးဖောက်ခံကြရသည်။

**အကြောက်တရားများနှင့် ရွာသားများ၏ တရားမျှတမှုအတွက် ကြိုးပမ်းမှု**

*'တစ်ယောက်ယောက်ကို (တပ်မတော်က) ခေါ်သွားမှာကို မလိုလားဘူး။ ဒါကြောင့် ကျွန်တော်တို့ မြေတွေကို တပ်မတော်က သိမ်းတဲ့ အခါမှာ ခပ်မဆိတ်ဘဲ နေခဲ့တယ်။ ကျွန်တော်တို့ ထောင်မကျချင်ဘူး။'* [281]
*၂၀၀၆ ခုနှစ်က ခြေမြန်တပ်မ ၆၈မှ မြေယာများသိမ်းဆည်းမှုကို ရည်ညွှန်းသည့် ဂိန်းထိန်ရွာမှ လယ်သမား တစ်ဦး၏ ပြောကြားချက်။*

ကျေးရွာ ၁၁ ရွာမှ ရွာသားများအားလုံးသည် မြေယာ သိမ်းဆည်းသည့် အချိန်တွင် တပ်မတော်မှ အငြိုးအတေးထား လက်စားချေမည်ကို ကြောက်ရွံ့၍ ကန့်ကွက်ခြင်း သို့မဟုတ် တိုင်ကြားခြင်း မလုပ်ရဲခဲ့ပါ။ ရွာသားများ အထူးသဖြင့် တိုင်းရင်းသားလူနည်းစု နယ်မြေများတွင် သူတို့၏ အခွင့်အရေးဖြစ်သော လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ကို အသုံးပြု ရန် အစိုးရိမ်လွန်နေခဲ့သည်။ ယင်းသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်၏ မြန်မာ့လူ့အခွင့်အရေးများအပေါ် မည်သို့အကျိုးသက်ရောက်ကြောင်း ပြယုဂ်ဖြစ်သည်။ ဂိန်းထိန်ရွာမှ ရွာသားများသည် Global Witness မှ စုံစမ်းစစ်ဆေးသူများကို ပဋိပက္ခများအတွင်း တပ်မတော်မှ စစ်သားများလာသည်ဟု ကြားလျှင် မည်သို့ ထွက်ပြေးခဲ့ကြသည် ဆိုသည့်အကြောင်းကို ပြန်လည် ပြောပြကြသည်။ အခန်း ၂ တွင် ဖော်ပြထားသည့် အတိုင်း လွတ်အောင် မပြေးနိုင်သူများမှာ စစ်တပ်အတွက် ပေါ်တာအဖြစ် တာဝန်ထမ်းဆောင်ကြရပြီး စစ်သားများ၏ ပစ္စည်းကိရိယာများကို အခမဲ့ သယ်ဆောင်ပေးရသည်။ အချို့မှာ ရွာသို့ မည်သောအခါမျှ ပြန်မလာကြတော့ပါ။[282]

စိန်ဝတ်မှုန် အရာရှိများကိုယ်တိုင် ၂၀၀၇ နှင့် ၂၀၁၁ ခုနှစ်များတွင် မြေယာသိမ်းယူခဲ့သည့် မန်ပိန်း ကျေးရွာအုပ်စုမှ ရွာသုံးရွာရှိ ရွာသားများထံတွင်လည်း တူညီသော အကြောက်တရားများကို တွေ့ရသည်မှာ မှတ်သားဖွယ် ကောင်းသည်။ မန်ပိန်းရွာမှ လယ်သမားတစ်ဦးက *'ကျွန်တော်တို့အားလုံး ကြောက်နေလို့ အဲဒါကို ဆန့်ကျင်ပြီး မပြောရဲကြဘူး'* ဟု ပြောပြသည်။[283] ရွာသားများအနေဖြင့် သူတို့မြေယာများကို သိမ်းယူသည့် လက်နက်ကိုင် စစ်သားများဖြစ်စေ သို့မဟုတ် ကုမ္ပဏီ အရာရှိများဖြစ်စေ မည်သူမဆိုအား ဆန့်ကျင်ရန် ကြောက်ရွံ့ကြခြင်းသည် စစ်တပ်နှင့် ပုဂ္ဂလိက အကြား အကျိုး စီးပွားများ အပြန်အလှန် ဆက်နွယ်နေသည်ကို မီးမောင်းထိုးပြနေသည်။ မြေယာသိမ်းဆည်းသည့်အချိန်တွင် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှ ရွာသားများအတွက် တပ်မတော်နှင့် ပုဂ္ဂလိက ကုမ္ပဏီများအား ခွဲခြားနိုင်ပုံ မရပေ။

မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှုများ ရှိနေသော်လည်း လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့ခြင်းက စိန်ဂတ်မှုန် ရော်ဘာစိုက်ခင်းများ ကြောင့် ထိခိုက်ခံခဲ့ရသော ရွာသားအများစုကို ယနေ့ထိတိုင်အောင် ဖွင့်ဟပြောဆိုခြင်းမှ ပိတ်ပင်တားဆီးထားသည်။ ၂၀၀၃ ခုနှစ်အတွင်း ခြေမြန်တပ်မ ၆၈ မှ မြေဧက ၁၂၀၀ သိမ်းယူခဲ့သော နောင်မို ကျေးရွာမှ ရွာသားများသည် အငြင်းပွားမှုများနှင့် ပတ်သက်၍ အာဏာပိုင်များအား ချဉ်းကပ်ခြင်း မရှိခဲ့ကြပါ။[284] မြေ ၃ ဧက ဆုံးရှုံးခဲ့ရသော လယ်သမားတစ်ဦးက Global Witness မှ စုံစမ်းစစ်ဆေးသူများကို *'ကျွန်တော်တို့ ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ဘယ်အရာရှိကိုမှ ဂေဖန်ဖို့ မရဲဘူး။ အဲဒီအချိန်တုန်းက ဖြစ်ခဲ့တာတွေအတွက် တိုင်တန်းဖို့ ရွာထဲက တစ်ယောက်ယောက်က ဦးဆောင်မယ်ဆိုရင်တောင် ရွာသားတွေကကြောက်လို့ သူ့ကို ထောက်ခံမှာ မဟုတ်ဘူး။'* ဟုပြောပြခဲ့သည်။[285]

---

[281] Interview with a farmer from Wein Htein Village, on 24th September 2014, in Wein Htein Village.
[282] Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.
[283] Interview with a farmer from Mang Pane Village, on 27th September 2014 in Mang Pane Village.
[284] Group interview with twenty-six villagers from Nuangmo village on 27th September 2014 in Nuangmo Village.
[285] Interview with a farmer from Nuangmo Village, on 26th September 2014 in Nuangmo Village.

သို့ရာတွင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲသည် ဤနယ်မြေသို့ အပြောင်းအလဲအချို့ကို ဆောင်ကြဉ်းလာသည်။ ရွာသား အများစုမှာ ဆန့်ကျင်ရန် ကြောက်နေသေးသော်လည်း စိန်ဂုတ်မှုန် ရော်ဘာစိုက်ခင်းများ ရှိရာ ကျေးရွာ ၁၁ ရွာမှ ၃ ရွာသည် အာဏာပိုင်များထံ ပြန်လည်ကုစားမှုပေးရန် တောင်းဆိုခဲ့သည်။ ၂၀၀၆ ခုနှစ်အတွင်း တပ်မတော်မှ ရွာရှိ မြေ ဧက ၂၀၀ သိမ်းယူမှုကို ရည်ညွှန်း၍ ဟိုမူရွာသား တဦးက *'အဲဒီအချိန်တုန်းက စစ်အုပ်ချုပ်ရေး အောက်မှာ။ ကျွန်တော်တို့အားလုံး ကြောက်ရတယ်။'* ဟုဆိုသည်။[286] သို့ရာတွင် ဟိုမူရွာသားများသည် အကြောက်တရားများ ယခင်လို မရှိတော့ဘဲ သူတို့၏ ဆုံးရှုံးသွားသော မြေများအတွက် လျော်ကြေးရရှိရန် စတင်ကြိုးပမ်းလာကြသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ရွာသား ၂၁ ဦးက လွှတ်တော် ဥက္ကဌထံ စာတစ်စောင်ပေးပို့ခဲ့သည်။ ယင်းစာတွင် *'စိန်ဂုတ်မှုန် ကုမ္ပဏီပိုင် ရော်ဘာစိုက်ခင်းများအား ပြန်ပေးရန်'* [287] တောင်းဆိုခဲ့ကြသည်။ သို့သော် ရွာသားများသည် မည်သည့် အကြောင်းပြန်မှုကိုမျှ မရရှိခဲ့ပါ။[288]

တာပုန်းကျေးရွာ အုပ်စုမှ ရွာသားများသည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၇ ရက် ရက်စွဲဖြင့် မြန်မာနိုင်ငံ၏ ဒုတိယ သမ္မတ ဖြစ်ပြီး ရှမ်းတိုင်းရင်းသားလည်းဖြစ်သော ဒေါက်တာစိုင်းမောက်ခမ်းထံ မြေယာသိမ်းဆည်းမှုအပေါ် အသနားခံစာ တစ်စောင် ပေးပို့ခဲ့သည်။[289] ရှည်လျားပြီး အသေးစိတ်ရေးသားထားသော ဤစာတွင် *'ကျူးကျော်ဝင်ရောက်လာသော ကုမ္ပဏီများအပေါ် အစီရင်ခံစာနှင့် တိုင်ကြားလွှာ'* ခေါင်းစဉ်ဖြင့် ရွာသားများ၏ မြေယာများ သိမ်းဆည်းခံရသည့် အဖြစ်အပျက်များနှင့် သူတို့အပေါ် သက်ရောက်ခဲ့သော ဆိုးကျိုးများကို ဖော်ပြထားသည်။ စာထဲတွင် သမ္မတရုံးအား ရွာသားများ၏ မြေယာများကို သိမ်းယူခဲ့သော စိန်ဝတ်မှုန်နှင့် အခြား ကုမ္ပဏီနှစ်ခုအပေါ် အရေးယူပေးရန်တောင်းဆိုထားသည်။ ယင်းတွင် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မ ၆၈ တို့၏ ပါဝင်မှုကိုလည်း အသေးစိတ်ထည့်သွင်းဖော်ပြထားသည်။[290] ၂၀၁၁ ခုနှစ် မတိုင်မီ ယခင် စစ်အစိုးရ လက်ထက်ကဆိုလျှင် ဩဇာကြီးမားသော စစ်တပ်နှင့် ပုဂ္ဂလိကပုဂ္ဂိုလ်များအား ဤသို့ သော စွပ်စွဲချက်များကို ရေးသားရန်မှာ ဖယ်ကြဉ်ခံထားရသော တိုင်းရင်းသား ရှမ်းရွာသားများအဖို့ စဉ်းစားရန်ပင် ပုံ့ရဲမည်မဟုတ်ပေ။

ဤကဲ့သို့ အကြောက်တရားများ နည်းပါးလာခြင်းသည် ကောင်းမွန်သော ရှေ့ဆက်ရမည့်ခြေလှမ်းဖြစ်သော်လည်း ရွာသားများ၏ စာများအပေါ် တုံ့ပြန်မှုများ မည်သည့်အခါမှ ပြန်လည်မရရှိခြင်းက သူတို့၏ နေ့စဉ်ဘဝများအပေါ် မြေသိမ်းယူခြင်းများ ၏ အကျိုးဆက်များကို ဆက်လက်ခံစားနေရသည်။[291] ရွာသားများ ယုံကြည်မှုအနည်းငယ် ပြန်လည်ရရှိလာသော်လည်း သူတို့အနေဖြင့် မခံမရပ်နိုင်သော လယ်သမားများမှ အာဏာပိုင်များအား အံတုရန် သိမ်းယူထားသောမြေပေါ်တွင် ဆန့်ကျင်ဆန္ဒပြသည့် 'ထွန်တုံးတိုက်ပွဲ' ဟုခေါ်သော လှုပ်ရှားမှုများ ပြုလုပ်ရန် ကြောက်ရွံ့နေဆဲပင်ဖြစ်သည်။ ဤကဲ့သို့ ဆန့်ကျင်ဆန္ဒပြမှုမျိုးကို မြန်မာနိုင်ငံ၏ မြေပြန့်ဒေသများတွင် တဖြည်းဖြည်း လုပ်ဆောင်လာကြပြီး လယ်သမားများနှင့် မြေယာ အရေးလှုပ်ရှားသူ အများအပြားမှာ ဖမ်းဆီးထိန်းသိမ်းခံရပြီး ပိုင်နက်ကျူးကျော်မှုဖြင့် တရားစွဲဆိုခံကြရသည်။[292]

နာလျှန်းမာမိန်းနှင့် ဟိုမူ ကျေးရွာများမှ ရွာသားများက ၂၀၁၂ ခုနှစ် ဇူလိုင်လ မြေယာသိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို စတင်တည်ထောင်သည့် အချိန်မတိုင်မီအထိ သူတို့၏ သိမ်းဆည်းခံရသော မြေယာများကိစ္စကို

---

286 Interview with  a farmer from Homu Village, on 19th September 2014, in Homu Village.
287 Document: Appeal letter for the return of areas occupied by the Sein Wut Hmon rubber plantations, dated 17th September 2013, sent by 21 villagers from Homusel to the Speaker of the Union Parliament, and copied to the Chairman of the Parliamentary Land Investigation Commission, obtained by Global Witness from an ex-farmer and now casual labourer from Homu Village on 19th September 2014.
288 Group interview with twenty villagers from Homu Village on 18th and 19th September 2014 in Homu Village.
289ALTSEAN_BURMA website, Vice-Presidents page, http://www.altsean.org/Research/Regimepercent20Watch/Executive/VPs.php (Accessed 25th January 2015).
290 Document: Report and Complaint About the Squatting Companies, Appeal letter from 430 villagers in Tarpone Village-tract, to Dr Sai Mauk Kham, Vice-President of Myanmar, dated 17th September 2014, obtained by Global Witness from a farmer from Narlyan Marmane Village on 16th October 2014.
291 Group interview with ten villagers from Narlyan Marmane Village on 11th October 2014 in Narlyan Marmane Village.
292 South Morning China Post, Vincent MacIsaac: Ploughing protesters highlight land grab grievances in Myanmar, 6th April 2014, http://www.scmp.com/news/asia/article/1465825/ploughing-protesters-highlight-land-grab-grievances-myanmar (Accessed 29th January 2015).

အာဏာပိုင်များထံ တင်ပြရန် မပံ့ရဲခဲ့ပါဟု Global Witness အား ပြောပြသည်။[293] ၂၀၁၄ ခုနှစ် အစောပိုင်းတွင် ယင်းကော်မတီမှ အရာရှိ အချို့ နာလျန်း မာမိန်းရွာသို့ ရောက်ရှိလာပြီး ရွာသားများနှင့် မြေသိမ်းဆည်းမှုများ အကြောင်းကို ဆွေးနွေးကြသည်။[294] ယင်းအဖွဲ့တွင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စိုင်းစံမိန်းနှင့် ရွာသားများ အမည်မသိသည့် သူ၏ လုပ်ဖော်ကိုင်ဖက်များလည်း ပါဝင်သည်။ သို့သော်လည်း ထိုသို့ လာရောက်ပြီးနောက်ပိုင်းတွင် ရွာသားများအနေဖြင့် အာဏာပိုင်များထံမှ ထပ်မံကြားသိရခြင်းမရှိသည့်အပြင် လွှတ်တော်အမတ်များ လာရောက်ခြင်းလည်း မရှိတော့ပါ။[295]

## ရွာသားတွေက ဘာဖြစ်စေချင်သနည်း။

*'ဆုံးရှုံးသွားတဲ့ မြေအတွက် လျော်ကြေးမလိုချင်ပါဘူး။ ကျွန်တော့်မြေကိုဘဲ ကျွန်တော် ပြန်လိုချင်တယ်'* [296]
**နာလျန်းမာမိန်းရွာမှ လယ်သမားတစ်ဦး။**

Global Witness က တွေ့ဆုံမေးမြန်းခဲ့သော ကျေးရွာ တစ်ဆယ့်တစ်ရွာမှ ရွာသား ၁၂၄ ဦးလုံးသည် သူတို့ထံမှ သိမ်းယူသွားသော မြေယာများကို တညီတညွတ်တည်း ပြန်လည်ရရှိလိုကြသည်။[297]

ကောင်းလင်းရွာမှ မ ၃ ဧက ဆုံးရှုံးခဲ့သော လယ်သမားတစ်ဦးက အုပ်စုလိုက်တွေ့ဆုံမေးမြန်းမှု တစ်ခုတွင် ရွာသား ၁၇ ယောက်ကိုယ်စား *'ကျွန်တော်တို့ မျိုးဆက် တစ်ခုကနေ တစ်ခု လွှဲပြောင်းပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ မြေတွေကို ပြန်ရမယ်ဆိုရင် တကယ်ကို ဂမ်းသာမှာဘဲ'* ဟုပြောကြားသည်။[298] ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ရက်စွဲဖြင့် လွှတ်တော်ဥက္ကဌထံ ပေးပို့ခဲ့သော ရွာသား ၂၁ ဦး၏ အသနားခံစာတွင် ငွေသားလျော်ကြေးကို တောင်းဆိုထားခြင်း မရှိဘဲ တောင်းဆိုမှု တခုကိုသာ ထည့်သွင်းထားသည်။ ၎င်းမှာ စိန်ဝတ်မှုန် ရော်ဘာစိုက်ခင်းများက သိမ်းပိုက်ထားသော မြေ ဧက ၁၅၀ ကို ပြန်ပေးရန် ဖြစ်သည်။[299] ကွန်ဟိုင်းကျေးရွာမှ စိန်ဂတ်မှုန်ထံမှ လျော်ကြေးငွေ အနည်းငယ်စီ ရရှိခဲ့သော ရွာသားအချို့သည်ပင် သူတို့၏ သိမ်းဆည်းခံရသော မြေများကို ပြန်လည်တောင်းဆိုရန် ညီညွတ်လျက်ရှိသည်။  သူတို့ထံမှ အတင်းအဓမ္မသိမ်းယူသွားသော မြေများကို ကုမ္ပဏီမှ လျော်ကြေးပေးသည် ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပြန်လိုချင်ကြသည်။[300]

သို့ရာတွင် သူတို့၏ မြေများမှာ ယခုအခါ စိန်ဂတ်မှုန် ရော်ဘာစိုက်ခင်းများဖြစ်နေပြီး ရွာသားများအတွက် မည်သည့် ပြန်လည်ကုစားမှုမျိုးက လက်တွေ့ကျမည်ကို အဖြေရှာရန်လည်း လိုအပ်သည်။ သိမ်းဆည်းမှုအတွင်း မြေ ၁၀ ဧက ဆုံးရှုံးခဲ့သည့် ဂိန်းထိန်ရွာမှ လယ်သမားတစ်ဦးက Global Witness စုံစမ်းစစ်ဆေးသူများအား *'ဖြစ်နိုင်ရင် ကျွန်တော်တို့ မြေတွေ ပြန်ရချင်တယ်။ အဲလိုမှ မဟုတ်ရင် (ကုမ္ပဏီအနေနဲ့) ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးရချင်တယ်'* ဟုပြောသည်။[301]

---

[293] Interview with a farmer from Narlyan Marmane Village, on 16th October 2014 in Narlyan Marmane Village; Group interview with twenty villagers from Homu Village on 18th and 19th September 2014 in Homu Village.
[294] Interview with a farmer from Narlyan Marmane Village, on 16th October 2014 in Narlyan Marmane Village; Myanmar Times, Commission will report over 300 land grabs to Myanmar MPs, December 17th 2012 http://www.mmtimes.com/index.php/national-news/3591-commission-will-report-over-300-land-grabs-to-hluttaw.html (Accessed February 2015).
[295] Interview with a farmer from Narlyan Marmane Village, on 16th October 2014 in Narlyan Marmane Village.
[296] Quote from a farmer in a group interview with villagers in Narlyan Marmane Village conducted on 11th October 2014.
[297] Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.
[298] Interview with a farmer from Kaung Lin Village, on 26th September 2014 in Kaung Lin Village.
[299] Document: Appeal letter for the return of areas occupied by the Sein Wut Hmon rubber plantations, dated 17th September 2013, sent by 21 villagers from Homusel to the Speaker of the Union Parliament, and copied to the Chairman of the Parliamentary Land Investigation Commission, obtained by Global Witness from an ex-farmer and now casual labourer from Homu Village on 19th September 2014.
[300] Group interview with four villagers from Kunhi Village on 12th October 2014 conducted in Kunhi Village.
[301] Interview with a farmer from Wein Htein Village, on 5th November 2014 in Wein Htein Village.

## အခန်း ၄။ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း မြေယာသိမ်းဆည်းမှုတွင် ပါဝင်ပတ်သက်သူများ

မြေယာထိန်းချုပ်မှုနှင့် တိုင်းတာပါက စိန်ဂတ်မှုန်သည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် အကြီးမားဆုံး ရော်ဘာ ကုမ္ပဏီ ဖြစ်သော်လည်း အခြား ပါဝင်ပတ်သက်သူအများအပြားရှိသေးသည်။ ယင်းတို့တွင် ရော်ဘာစိုက်ခင်းများ ထူထောင်ရန်နှင့် အခြားသော ဈေးကွက် စိုက်ပျိုးရေး စီမံကိန်းများကို ဒေသအတွင်း လုပ်ကိုင်ရန် မြေယာသိမ်းဆည်းမှုများတွင် ပါဝင်ကြသော ပုဂ္ဂလိက ကုမ္ပဏီများပါဝင်သည်။ သို့ရာတွင် မည်သူက မြေယာများကို သိမ်းယူခဲ့ပြီး လက်ရှိတွင် မည်သူက မည်သည့်မြေကို ထိန်းချုပ်ထားသည်ကို တိကျသော ရုပ်ပုံကားချပ် ဖြစ်ပေါ်လာနိုင်ရန်မှာ အလွန်ကြီးမားသော စိမ်ခေါ်မှုဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် မြေယာလွှဲပြောင်း ရောင်းဝယ်မှု ကိစ္စများကို လျှို့ဝှက်စွာ လုပ်ကိုင်ကြပြီး လက်ရှိမြေပြင်တွင် တွေ့မြင်နေရမှုမှာ ရှုပ်ထွေးနေသည်။ ပွင့်လင်းမြင်သာမှု လုံးဝမရှိခြင်းက လက်နက်ကိုင် တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုများ၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်သွားသော ဘိန်းရာဇာဟောင်းများ၊ နိုင်ငံရေး ပါတီများနှင့် ပုဂ္ဂလိက ကုမ္ပဏီများသည် ရွာသားများ၏ မြေယာများကို သတိပေးခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းများ မရှိဘဲ သိမ်းယူနိုင်ကြသည်။

Global Witness က ရရှိထားသော တရားဝင် အစိုးရစာရွက်စာတမ်း တစ်ခုအရ မြေယာများကို စိုက်ပျိုးရေး လုပ်ငန်းများအတွက် လားရှိုးနှင့် လားရှိုးခရိုင် ပတ်ဝန်းကျင်တွင် ၂၀၁၀ ဖေဖော်ဝါရီ မှ ၂၀၁၁ ခုနှစ် မေလအတွင်း ချထားပေးသော စာရင်းတွင် နောက်ထပ် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ ၂၀ ပါဝင်သည်။ ယင်း ပုဂ္ဂလိက ကုမ္ပဏီများသည် စိန်ဝတ်မှုန်နှင့် အဆက်အစပ်ရှိပုံမရသော်လည်း မဲခေါင်ဒေသ နိုင်ငံများကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီများက ဖယ်ကြဉ်ခံထားရသော ပြည်သူများထံမှ မြေယာများကို သိမ်းယူပြီး ကမ္ဘာ့ ရော်ဘာလိုအပ်ချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းနေသည့် ကျယ်ပြန့်သော ရေစီးကြောင်း၏ အစိတ်အပိုင်းအဖြစ် ပါဝင်နေသည်။ အစိုးရ၏ ယင်း စာရွက်စာတမ်းတွင် တပ်မတော်၏ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အား အမည်ပေါက် လုပ်ကိုင်ခွင့်ပေးထားသော သီးခြား မြေယာ ၆ ခုပါဝင်သည်။ ယင်း ခွင့်ပြုပေးမှုအားလုံးသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ သို့မဟုတ် မေလ အတွင်းတွင်ဖြစ်ပြီး စိန်ဝတ်မှုန်၏ ရော်ဘာစိုက်ခင်းနှစ်ခုရှိသော တာပုန်းကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု ခြောက်ခုအတွင်း စုစုပေါင်း ၃၃၄၉ ဧက ဖြစ်သည်။[302] သို့ရာတွင် Global Witness သည် စာရွက်စာတမ်း တစ်စိတ်တစ်ပိုင်းကိုသာ ရရှိခဲ့သဖြင့် သက်ဆိုင်ရာ ဇာတ်ကောင်များနှင့် မြေယာ ချထားပေးမှု စာရင်းအပြည့်အစုံသည် ယခုထက် ရှည်လျားဖွယ်ရှိသည်။

ဤအမျိုးမျိုးသော ပါဝင်ပတ်သက်သူများ၏ မြေယာသိမ်းဆည်းမှုများကြောင့် ဖြစ်ပေါ်သော ဒေသခံ ရွာသားများအပေါ် သက်ရောက်မှုများသည် ဆိုးကျိုးများနှင့် ပြည့်နှက်နေပြီး ယခင်အခန်းတွင် ဖော်ပြထားသော စိန်ဝတ်မှုန်၏ သိမ်းဆည်းမှုများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များနှင့် ထပ်တူပင်ဖြစ်သည်။ ထို့အပြင် စိန်ဂတ်မှုန်က သူ၏ မြေအများစုကို တပ်မတော်ထံမှ ရယူသော နည်းလမ်းသည်လည်း အသုံးများသော ပုံစံတစ်ခုပင် ဖြစ်သည်။[303]

အခြား ပုဂ္ဂလိက ကုမ္ပဏီများကို ဖော်ပြမည့်အစား ဤအခန်းတွင် အခြားသော ဇာတ်ကောင် အချို့၏ မြေယာ သိမ်းဆည်းမှုများတွင် ပါဝင်ပုံကို စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး အထက်လွှာများအကြား ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာကို ဖော်ပြနိုင်ရန် အကျဉ်းချုပ် တင်ပြသွားမည်။

---

302 Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village, on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation for Lashio District, conducted on 25th September 2014.

303 Information compiled from 124 interviews with villagers in eleven villages. Interviews conducted between August and December 2014 in the Lashio district and Wa self-administered region in northeastern Shan State.

## လက်နက်ကိုင်အဖွဲ့များ

ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတလျှောက်တွင် ‘ပြည်သူ့စစ်အဖွဲ့များ’ အများအပြား ရှိသည်။[304] ၁၉၆ဝ ခုနှစ်များတွင် ပထမဆုံး အနေဖြင့် တပ်မတော်၏ သောင်းကျန်းသူ ဆန့်ကျင်ရေး မဟာဗျူဟာ အစိတ်အပိုင်းအဖြစ် စတင်ဖန်တီးခဲ့ပြီး တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အတိုက်အခံအဖွဲ့များအကြားတွင် ကြားခံအဖြစ် ရည်ရွယ်ခဲ့သည်။ တပ်မတော်၏ တိုက်ရိုက် ထိန်းချုပ်မှုအောက်တွင် ရှိပြီး တစ်ခါတစ်ရံတွင် တပ်မတော်ကိုယ်စား တိုက်ခိုက်ပေးရခြင်းဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ မြေယာ၊ အရင်းအမြစ်နှင့် လူထုအပေါ် ထိန်းချုပ်နိုင်မှုကို ရပ်တန့်စေသည့် အခန်းကဏ္ဍမှ ပါဝင်ရသည်။[305] ပြည်သူ့စစ်များသည် ရှမ်းပြည် အရှေ့မြောက်ပိုင်းတွင် အတော်အတန် ဩဇာလွှမ်းမိုးမှု ရှိပြီး ဒေသခံ ပြည်သူများအပေါ် အခွန်ကောက်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းနှင့် ကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် နာမည်ပျက်ဖြင့် ကျော်ကြားသည်။[306]

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ (SNLD) မှ စည်းရုံးရေးမှူး တစ်ဦးကေ တပ်မတော်သည် မြေယာများ သိမ်းဆည်းပြီး ပြည်သူ့စစ် အဖွဲ့များအား ပေးခြင်းဖြင့် ယုံကြည်မှု တည်ဆောက်ခြင်း သို့မဟုတ် ဆက်ဆံရေး ခိုင်မာစေခြင်းတို့ကို လုပ်ဆောင်ကြောင်း Global Witness စုံစမ်းစစ်ဆေးရေးမှူးများအား ပြောပြသည်။ သူက အချို့သော ပြည်သူ့စစ်အဖွဲ့များသည် ကိုယ်ပိုင် ရော်ဘာကုမ္ပဏီများတည်ထောင်ပြီး ရော်ဘာစိုက်ခင်းများ စိုက်ပျိုးကြကာ၊ အချို့မှာ မြေများကို ပုဂ္ဂလိကကုမ္ပဏီများထံသို့ ပြန်ရောင်းကြကြောင်း ရှင်းပြသည်။[307]

**မန်ပန်ပြည်သူ့စစ်အဖွဲ့** (MPF) ကို ဦးဗိုလ်မွန် (ဦးစိုင်းမွန်ဟုလည်း သိကြသည်) က ခေါင်းဆောင်ပြီး သူသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် ဩဇာအာဏာ အကြီးမားဆုံး လူတစ်ဦးဖြစ်ကြောင်း အစီရင်ခံမှုများ ရှိသည်။[308] ထိုအုပ်စုကို ၁၉၉ဝ ခုနှစ်များ အလယ်ပိုင်းတွင် စတင်ထူထောင်သည်ဟု ဆိုကြသည်။ ကောလာဟာလများ အဆိုအရ ရှမ်းပြည် အရှေ့မြောက်ပိုင်းတွင် စိန်ဝတ်မှုန်ပြီးလျှင် ဒုတိယအများဆုံး ရော်ဘာ စိုက်ပျိုးသူဟု ဆိုကြပြီး MPF ၏ ရော်ဘာ ကုမ္ပဏီကို ရှမ်းရိုးမ အေးချမ်းရေး ဟု ခေါ်ဆိုသည်။ ယင်းသည် ၂ဝဝ၆ ခုနှစ် ပတ်ဝန်းကျင်တွင် မန်ပိန်းကျေးရွာအုပ်စုမှ မြေဧက ၁၂ဝဝ ကိုသိမ်းယူခဲ့သည်။[309]

---

[304] Shan Herald Agency for News website, About 1,000 militia forces involved in attacks against SSPP/SSA, 10th November 2014, http://www.shanland.org/index.php?option=com_content&view=article&id=5971:about-1000-militia-forces-involved-in-attacks-against-ssppssa&catid=86:war&Itemid=284 (Accessed 27th January 2015).

[305] Transnational Institute (TNI), Bouncing Back; Relapse in the Golden Triangle, Conflict Crime and Corruption, Undated, p8-9, http://www.tni.org/sites/www.tni.org/files/download/tni-2014-bouncingback-conflictcrimecorruption.pdf (Accessed 27th January 2015).

[306] Paul Keenan, Burma Centre for Ethical Studies, Peace and Reconciliation, Briefing Paper No. 4, March 2012, p.1-2, http://www.burmaethnicstudies.net/pdf/BCES-BP-No.4.pdf (Accessed 30th January 2015).

[307] Interview with a Party Organiser from the Shan Nationalities Democratic Party (SNLD) on 8th December 2014.

[308] Shan Herald Agency for News, KIA slipping into Burma Army back door, 18th April 2012 http://www.shanland.org/index.php?option=com_content&view=article&id=4596:kia-slipping-into-burma-army-back-door (Accessed 29th January 2015); Shan Herald Agency for News, Hand in Glove, Undated, p. 42, http://www.burmalibrary.org/docs07/HandinGlove.pdf (Accessed 17th February 2014); Shan Herald Agency for News, Shan Drug Watch Newsletter, October 2010, p.13, http://www.burmalibrary.org/docs09/Shan-Drug-Watch-2010-red.pdf (Accessed 29th January 2015).

[309] Separate interviews with approximately 12 people including lawyers, journalists, NGO workers and land activists based in Lashio Town. Interviews all conducted from 5th to 11th August 2014 in Lashio Town; Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village, on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation office in Lashio, conducted on 25th September 2014; Tom Kramer, Ernestien Jensema, Martin Jelsma, Tom Blackman, Transnational Institute (TNI), Bouncing Back: Relapse in the Golden Triangle, June 2014, p.16, http://www.tni.org/files/download/tni-

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် အစိုးရ၏ 'ရှမ်းပြည်နယ်မြောက်ပိုင်း မြေလွတ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ချပေးခြင်းနှင့် စီမံခန့်ခွဲရေး' ဟု ခေါင်းစဉ်တပ်ထားသည့် တရားဝင် စာရွက်စာတမ်းက ၂၀၁၀ ခုနှစ် ဇွန် ၁၁ ရက်နေ့ရက်စွဲဖြင့် မန်ပိန်းကျေးရွာအုပ်စုမှ မြေယာ ၁၂၀၀ ဧကအား *'စိုင်းမွန် (ရှမ်းရိုးမအေးချမ်းရေး ကုမ္ပဏီ)'* ဆိုသူအား ခွင့်ပြုထားမှုကို ပြသနေသည်။ စိန်ဝတ်မှုန်၏ စိုက်ခင်းအများအပြားကိုလည်း ဤစာရွက်စာတမ်းတွင် ဖော်ပြထားရာ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများနှင့် ဂြိုလ်တု ဓါတ်ပုံများက ယင်းသည် နှစ်အတန်ကြာကတည်းက သိမ်းယူထားသော မြေယာများကို နောက်ကြောင်းပြန် တရားဝင်ဖြစ်အောင် ပြန်လည်လုပ်ဆောင်ထားကြောင်း ပြသနေသည်။ ယင်းအစိုးရ စာရွက်စာတမ်းတွင် နမ့်ပေါင်ကျေးရွာအုပ်စုမှ နောက်ထပ် မြေ ဧက ၁၀၀၀ ကိုလည်း *'စိုင်းမွန် (ရှမ်းရိုးမအေးချမ်းရေး)'* သို့ ချထားပေးကြောင်း ဖော်ပြထားသည်။[310] Global Witness အနေဖြင့် ယင်းဒုတိယ မြေယာချထားပေးမှုကို ဆက်လက် စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ပါ။

Global Witness သည် ၂၀၁၅ ခုနှစ် ဖေဖော်ရီလတွင် ဦးပိုလ်မွန်ကို ဤအစီရင်ခံစာတွင်ပါသော အထောက်အထားများအပေါ် သူ၏ သဘောထားမှတ်ချက် ရယူနိုင်ရန်အတွက် ဆက်သွယ်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် သူနှင့် အဆက်အသွယ် မရရှိခဲ့ပါ။

## ပြည်ခိုင်ဖြိုး ပါတီ (USDP)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ (USDP) သည် မြန်မာအစိုးရ၏ လူထုအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (USDA) အား ဆက်ခံသော ပါတီဖြစ်သည်။[311] ပြည်ခိုင်ဖြိုးပါတီသည် ၂၀၁၀ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ခဲ့ပြီး ယင်းပါတီကို လက်ရှိ မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်က ဦးဆောင်သည်။[312] ရွာသားများအား တွေ့ဆုံမေးမြန်းခြင်းနှင့် အစိုးရ တရားဝင် စာရွက်စာတမ်းများအရ ပြည်ခိုင်ဖြိုးပါတီသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း မြေယာသိမ်းဆည်းမှုများတွင် ပါဝင်သူများအနက် တစ်ခု ဖြစ်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၇ ရက် ရက်စွဲဖြင့် တာပုန်း ကျေးရွာအုပ်စုမှ ရွာသား ၄၃၀ ၏ အသနားခံစာတွင် "… *ကုမ္ပဏီ သုံးခုခန့်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ဗဟို) တို့သည် တာပုန်းကျေးရွာအုပ်စု ကျေးရွာများမှ မြေယာများကို ၂၀၀၅ ခုနှစ်မှ စတင်၍ သိမ်းဆည်းခဲ့ပါသည်။ မိမိတို့အနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ သူတို့အပေါ် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးပါရန် တောင်းဆိုအပ်ပါသည်*" ဟု ဖော်ပြပါရှိသည်။[313] အစိုးရ၏ တရားဝင် စာရွက်စာတမ်းက တာပုန်းကျေးရွာအုပ်စုတွင် ပြည်ခိုင်ဖြိုးပါတီကို မြေဧက ၃၀၀ ချထားပေးပြီး ဂိန်းထိန်ကျေးရွာအုပ်စုတွင် နောက်ထပ် မြေဧက ၁၀၀၀ ကိုလည်း ၂၀၁၀ ခုနှစ် ဇူလိုင် ၂၈ ရက်နေ့တွင် ချထားပေးခဲ့ကြောင်း အတည်ပြုနေသည်။ စာရွက်စာတမ်းက မြေယာချထားပေးမှုများသည် ဒေသခံ ပါတီဌာနခွဲအတွက်မဟုတ်ဘဲ ပြည်ခိုင်ဖြိုးပါတီ(ဗဟို)အတွက် ချထားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ [314]

---

2014-bouncingback-web-klein.pdf (Accessed 31st January 2015); Group interview with eight villagers from Mang Pane Village on 27th September 2014.

[310] Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village, on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation office in Lashio, conducted on 25th September 2014.

[311] Network for Democracy and Development, Burma: A Violent Past to a Brutal Future, 2007, p.4, http://burmacampaign.org.uk/images/uploads/NDD_-_A_Violent_Past_to_a_Brutal_Future.pdf (Accessed 17th February 2015).

[312] Mizzima Election 2010 website, Union Solidarity Development Association/ Party page, http://archive-2.mizzima.com/political-pro/military/usdausdp.html (Accessed 17th February 2015).

[313] Document: Report and Complaint About the Squatting Companies, Appeal letter from 430 villagers in Tarpone Village-tract, to Dr Sai Mauk Kham, Vice-President of Myanmar, dated 17th September 2014, obtained by Global Witness from a farmer from Narlyan Marmane Village on 16th October 2014.

[314] Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village, on 7th August 2014.

သို့ရာတွင် Global Witness စုံစမ်းစစ်ဆေးသူများက ဂိန်းထိန်ကျေးရွာသို့ ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် သွားရောက်သည့်အခါတွင် ပြည်ခိုင်ဖြိုးက ထိန်းချုပ်ထားသည့် မြေနှင့်ဆိုင်သည့် မည်သည့် လက္ခဏာကို မှ မတွေ့ရှိခဲ့ရပါ။ ထို့ကြောင့် ပြည်ခိုင်ဖြိုးပါတီသည် သူ့အတွက် ချထားပေးသည့် မြေကို အသုံးပြုပုံမရဘဲ ယင်းအစား ရွာပတ်ဝန်းကျင်ရှိ မြေများအားလုံးကို ယခုအခါ စိန်ဝတ်မှုန် အပါအဝင် ပုဂ္ဂလိက ကုမ္ပဏီများက ပိုင်ဆိုင်ထားသည်။[315] ထိုအတွက် ရှင်းလင်းချက်တစ်ခုမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ချထားပေးသည့်နောက်ပိုင်း ပြည်ခိုင်ဖြိုးပါတီသည် ပုဂ္ဂလိက ကုမ္ပဏီများသို့ လွှဲပြောင်းပေးခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ ဂိန်းထိန် ကျေးရွာအုပ်စုတွင် စုစုပေါင်း မြေဧက ၃၀၁၃ ကို ထိန်းချုပ်ထားသည် စိန်ဝတ်မှုန်ကုမ္ပဏီသည် အကြီးမားဆုံး ရော်ဘာ ရင်းနှီးမြှုပ်နှံသူဖြစ်ရာ ကုမ္ပဏီအနေနှင့် ပြည်ခိုင်ဖြိုး၏ မြေကို ဝယ်ယူရန် ဖြစ်နိုင်ခြေ အများဆုံးဖြစ်သည်။[316]

မြေယာများကို ယခု မည်သူ ထိန်းချုပ်ထားသည်ဖြစ်စေ နိုင်ငံပိုင်မ ဧက ၁၃၀၀ ကို ပြည်ခိုင်ဖြိုးပါတီသို့ ချထားပေးခြင်းမှာ တရားမဝင်ဘဲ ယင်းသည် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၇ (ဂ) ကို ချိုးဖောက်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေး ပါတီများသည် နိုင်ငံပိုင် မြေယာများ ပိုင်ဆိုင်ခြင်းကို ခွင့်ပြုမထားပေ။[317] ၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို ယှဉ်ပြိုင်ရာတွင် ပြည်ခိုင်ဖြိုးအသင်းကြီးကို ဖျက်သိမ်းလိုက်ပြီး ယင်း၏ ပိုင်ဆိုင်မှုများအားလုံးကို ပြည်ခိုင်ဖြိုးပါတီက လွှဲပြောင်းယူခဲ့သည်။[318] သို့ရာတွင် ပြည်ခိုင်ဖြိုးအသင်းကြီး၏ ပိုင်ဆိုင်မှုအများအပြားမှာ နိုင်ငံပိုင်များဖြစ်ရာ ပြည်ခိုင်ဖြိုးပါတီသည် ယင်းတို့ကို ၂၀၁၀ ခုနှစ် ဇွန်လ ၈ ရက်နေ့ တရားဝင်မှတ်ပုံမတင်မီတွင် ရောင်းချရန် လိုအပ်သည်။[319] စိတ်ဝင်စားဖွယ်ကောင်းသည်မှာ တာပုန်းနှင့် ဂိန်းထိန် ကျေးရွာအုပ်စုများရှိ နိုင်ငံပိုင် 'မြေလွတ်၊ မြေရိုင်း' ဧက ၁၃၀၀ ကို ပြည်ခိုင်ဖြိုးပါတီသို့ ပေးအပ်သည့် ရက်စွဲမှာ ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၈ ရက်ဖြစ်သည်။[320] ယင်းမှာ ပါတီအနေနှင့် နိုင်ငံပိုင် ပိုင်ဆိုင်မှုများကို လက်ဝယ်ထားရှိမှု မပြုလုပ်ရန်နှင့် ထားရှိပါက တရားမဝင် ဖြစ်မည့် ရက်စွဲနောက်ပိုင်း ရက်သတ္တပတ် ၇ ပတ်အကြာတွင် ဖြစ်သည်။ Global Witness သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဤအစီရင်ခံစာတွင် တင်ပြထားသော အထောက်အထားများ အပေါ် ပြည်ခိုင်ဖြိုးပါတီ၏ တုန့်ပြန်ချက်ကို တောင်းခံရန် စာရေးသားခဲ့သည်။ သို့ရာတွင် အစီရင်ခံစာ ထုတ်ဝေသည့် အချိန်အထိ တစ်စုံတစ်ရာ တုန့်ပြန်မှုမျှ မရရှိခဲ့ပါ။

---

Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation office in Lashio, conducted on 25th September 2014.

315 Group interview with seven villagers from Wein Htein Village on 24th September 2014 in Wein Htein Village.

316 Group and individual interviews with sixty-three villagers from Wein Htein, Nuangmo, Kaung Lin and Kaung Khan Villages between 24th and 29th September 2014 in Wein Htein Village-tract.

317 Political Parties Registration Law, Art 7(c): Any of the following organizations shall not have the right to apply for registration as a political party: an organization that accepts and uses directly or indirectly money, buildings, vehicles and property owned by the State. Available at http://www.networkmyanmar.org/images/stories/PDF3/l2b.pdf (Accessed 2nd February 2015).

318 Irrawaddy website, USDA 'Abolished': Official, http://election.irrawaddy.org/news/375-usda-abolished-official.html (Accessed 17th February 2015).

319 Political Parties Registration Law, Art 7(c): Any of the following organizations shall not have the right to apply for registration as a political party: an organization that accepts and uses directly or indirectly money, buildings, vehicles and property owned by the State. Available at http://www.networkmyanmar.org/images/stories/PDF3/l2b.pdf (Accessed 2nd February 2015).

320 Document: Allocation & Management of Vacant and Fallow Land in Northern Shan State, undated, obtained by Global Witness from a farmer and land activist from Narlyan Marmane Village, on 7th August 2014. Document issued by the Ministry of Agriculture and Irrigation office in Lashio. Document confirmed as authentic and correct by an official from the Ministry of Agriculture and Irrigation office in Lashio, conducted on 25th September 2014.

## လွှတ်တော် ကိုယ်စားလှယ်များ (MPs)

ရှမ်းပြည်နယ်အတွင်းရှိ မြေယာသိမ်းယူမှုများကို ပိုမိုရှုပ်ထွေးသွားစေမှုမှာ ပြည်ခိုင်ဖြိုးပါတီ၏ ကိုယ်စားလှယ် တစ်ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပတ်သက်နေခြင်း ဖြစ်သည်။[321]

စိန်ဂတ်မှုန်၏ ရော်ဘာစိုက်ခင်း ဧက ၂၀၀ ရှိသော မာမိန်းရွာအပါအဝင် ဟိုပန်မြို့အနီးမှ ရွာသားများသည် အမျိုးမျိုးသော ပုဂ္ဂိုလ်များ၏ မြေယာသိမ်းယူမှုကို ခံခဲ့ကြရသည်။ အစိုးရ၏ တရားဝင် အချက်အလက်များအရ ဟိုပန်မြို့နယ်တွင် ရော်ဘာစိုက်ဧက ၅၆၀၅ ရှိနေကြောင်း ဖော်ပြနေသည်။[322] လက်နက်ကိုင် အဖွဲ့များနှင့် အဆက်အသွယ်ရှိခဲ့ပြီး ယခင်က စစ်ဘုရင်များအဖြစ် စွပ်စွဲခံရသည့် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးသည် ဟိုပန်မြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ရော်ဘာခင်းများကို ပိုင်ဆိုင်သည်။[323] ၎င်းတို့မှာ ကွန်လုံမြို့ ပြည်ခိုင်ဖြိုး ကိုယ်စားလှယ် ဦးရှောက်ချန်းနှင့် ဝ ဒီမိုကရက်တစ်ပါတီ၏ ဟိုပန်မြို့ ကိုယ်စားပြု ဦးကျင်ဝမ်း တို့ ဖြစ်သည်။[324] Global Witness စုံစမ်းစစ်ဆေးသူများအား ဟိုပန်မြို့ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိတစ်ဦး ပြသခဲ့သည့် တရားဝင် အစိုးရ အချက်အလက်များအရ ဦးရှောက်ချန်းတွင် ရော်ဘာစိုက်ခင်း ၃၅၀ ဧက ရှိပြီး ဦးကျင်ဝမ်းတွင် ဧက ၂၅၀ ရှိကြောင်း ပြသနေသည်။[325]

လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ရော်ဘာစိုက်ခင်းများအတွက် မြေယာသိမ်းဆည်းမှုကြောင့် ဆိုးကျိုးများ ခံစားနေရသော ဟိုပန်မှ ရွာသားများ၏ အသေးစိတ်အကြောင်းအရာနှင့် စိတ်ခံစားချက်များ ပါဝင်သော အိတ်ဖွင့်ပေးစာကို သျှမ်းသံတော်ဆင့် သတင်းစာ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ စာသည် ၂၀၁၃ ခုနှစ် ဇန်နဂါရီ ၂၁ ရက် နေ့ရက်စွဲဖြင့် သမ္မတ ဦးသိန်းစိန်ထံ လိပ်မူထားသည်။ စာတွင် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ ရော်ဘာစိုက်ခင်းများက ဒေသခံပြည်သူများအပေါ် အဆိုးရွားဆုံးသော အကျိုးသက်ရောက်မှုအချို့ကို အသေးစိတ်ဖော်ပြထားပြီး၊ ဦးရှောက်ချန်းအား အစိုးရအရာရှိများကို လာဘ်ပေးကြောင်း စွပ်စွဲထားသည်။[326] ၂၀၁၅ ခုနှစ် ဖေဖော်ဂါရီလ ၁၆ ရက်နေ့တွင် Global Witness သည် ဤအစီရင်ခံစာတွင် တင်ပြထားသော အထောက်အထားများအပေါ် ဦးရှောက်ချန်းနှင့် ဦးကျင်ဝမ်းတို့ နှစ်ဦးစလုံး၏ တုန့်ပြန်ချက်ကို တောင်းခံရန် စာရေးသားခဲ့သည်။ သို့ရာတွင် အစီရင်ခံစာ ထုတ်ဝေသည့် အချိန်အထိ တစ်စုံတစ်ရာ တုန့်ပြန်မှုမျှ မရရှိခဲ့ပါ။

---

321 Document: Open letter to the President by residents of Hopan, 21st January 2013, found on the Shan Herald Agency for News website, http://panglongburmese.blogspot.co.uk/2013/01/blog-post_21.html (Accessed 29th January 2015); Myanmar Parliament website, MP profile page of U Shauk Chang, http://www.myanmarparliament.gov.mm/?p=3265 (Accessed 17th Feb 2015).

322 Document: Hopan district rubber data for 2013 to 2014, obtained by Global Witness from the Ministry of Agriculture and Irrigation office in Hopan district on 22nd September 2014.

323 Interview with a farmer from Homu Village, on 11th August 2014 in Lashio Town; Document: Open letter to the President by residents of Hopan, 21st January 2013, found on the Shan Herald Agency for News website, http://panglongburmese.blogspot.co.uk/2013/01/blog-post_21.html (Accessed 29th January 2015).

324 Myanmar Parliament website, MP profile page of U Shauk Chang, http://www.myanmarparliament.gov.mm/?p=3265 (Accessed 17th Feb 2015); Myanmar Parliament website, MP profile page of U Kyin Wong, http://www.myanmarparliament.gov.mm/?p=3248 (Accessed 17th February 2015)

325 Document showing allocations of land for rubber in and around Hopan Town. Shown to Global Witness investigators on 14th October 2014 at the Ministry of Agriculture and Irrigation office in Hopan Town. However, not permitted to take a photo or a copy.

326 Document: Open letter to the President by residents of Hopan, 21st January 2013, found on the Shan Herald Agency for News website, http://panglongburmese.blogspot.co.uk/2013/01/blog-post_21.html (Accessed 29th January 2015).

## သုံးသပ်ချက်နှင့် အကြံပြုချက်များ

၂၀၁၁ ခုနှစ် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းချိန်မှစတင်၍ မြန်မာ့အရပ်သားအစိုးရသည် ခြစားမှု တိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် နိုင်ငံ၏ ဆိုးရွားနေသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ ဖြေရှင်းရေးတို့အတွက် ခိုင်မာသော ကတိကဝတ်များ ပေးခဲ့ သည်။[327] ကတိများစွာ ပေးခဲ့လင့်ကစား တိုင်းပြည်မှာ ကမ္ဘာပေါ်တွင် ခြစားမှု အများဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရှိနေခဲ့ပြီး၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစုများ နေထိုင်ရာ ဒေသများတွင် လူ့အခွင့်အရေးများ ကျယ်ပြန့်စွာ ချိုးဖောက်ခံနေရဆဲဖြစ်သည်။[328] အားလုံးကိုခြုံကြည့်ပါက စာရွက်ပေါ်မှ ပြုပြင်ပြောင်းလဲမှုများနှင့် အစိုးရ၏ နောက်ပြန်သွားမှုများကြောင့် ပကတိတွင် အမှန်တကယ် ပြောင်းလဲမှုများ ဖြစ်ပေါ်လာရန် အလှမ်းဝေးလျက်ရှိသည်။ ထို့ကြောင့် အစိုးရသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လို၍သာ ကတိကဝတ် အများအပြားပေးခဲ့ခြင်းဖြစ်ပြီး အမှန်တကယ်လုပ်ဆောင်မှုမှာ အနည်းအကျဉ်းသာ ရှိသည်ဟု ဝေဖန်သူများက ထောက်ပြခဲ့သည်။

ဤထင်မြင်ချက်ကို မိမိတို့၏ *သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ* အစီရင်ခံစာတွင် ဖော်ပြထားသော အထောက်အထားများက ပိုမိုခိုင်မာစေသည်။ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့သော တိုင်းရင်းသား လူနည်းစုများအတွက်မူ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးစတင်ခဲ့သည့် အချိန်မှ လက်ရှိအချိန်အထိ တိုးတက်မှု တစ်စုံတစ်ရာမရှိပါ။ သူတို့သည် တိုင်းပြည်၏ ပုဂ္ဂလိကပိုင်ပြုရေးအစီအစဉ် ကာလအတွင်း တပ်မတော်မှ မြေယာသိမ်းဆည်းခဲ့မှုများ၏ ဆိုးကျိုးများနှင့်သာ ဆက်လက်ရင်သန်နေကြသည်။ သူတို့သည် အသနားခံစာများ ပေးပို့ခဲ့သော်လည်း လက်ရှိအစိုးရအနေဖြင့် မြေယာ ပြဿနာများ ဖြေရှင်းပေးခြင်း သို့မဟုတ် အခြား ကုစားမှု တစ်စုံတစ်ရာကိုမျှ လုပ်ဆောင်ပေးခြင်း မရှိခဲ့ပါ။

သိမ်းဆည်းထားသော မြေဧက ၄၅၀၀ ကျော်ပေါ်ရှိ ရော်ဘာစိုက်ခင်းများအား ထိန်းချုပ်ထားသည့် ပုဂ္ဂလိကပိုင် စိန်ဝတ်မှုန် ကုမ္ပဏီသည်လည်း ရွာသားများအား ၎င်းတို့၏ ဆုံးရှုံးနစ်နာမှုများအတွက် ပေးလျော်ခြင်း လုံးဝနီးပါး မရှိပါ။ ကုမ္ပဏီအနေဖြင့် သိမ်းဆည်းမှုများတွင် အစိုးရ အာဏာပိုင်များလည်း ပါဝင်ပတ်သက်နေသည် ဟူသော အချက်ကြောင့် ပြန်လည်ကုစားပေးရန်ရှိသော တာဝန်ကို ရှောင်လွှဲရန် မဖြစ်နိုင်ပါ။ စိန်ဝတ်မှုန်သည် ၎င်း၏ ရော်ဘာစိုက်ခင်းများကြောင့် အနှုတ်သဘောဆောင်သော အကျိုးသက်ရောက်ခဲ့မှုများအပေါ် မဖြစ်မနေ တာဝန်ခံရန် လိုအပ်ပြီး၊ ၎င်း၏ မြေယာသိမ်းဆည်းမှုများကြောင့် ထိခိုက်နစ်နာခဲ့သည့် ဒေသခံများအား ပြန်လည်ကုစားမှု ပေးနိုင်မည့် ထိရောက်သော နစ်နာချက်များဖြေရှင်းပေးသည့် စနစ်တစ်ခု လုပ်ဆောင်ပေးရန် လိုအပ်သည်။

မြန်မာ့ နိုင်ငံရေးနှင့် မီဒီယာ အဝန်းအဝိုင်းတွင် မြေယာသိမ်းဆည်းမှု ကိစ္စရပ်များသည် ပျံ့နှံ့လာနေပြီး၊ ဥပမာအားဖြင့် လူသိများ ထင်ရှားသော ကိစ္စရပ်များဖြစ်သည့် လက်ပံတောင်း ကြေးနီစီမံကိန်းအတွက် မြေယာ သိမ်းယူမှုများသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဂုဏ်သတင်းမေးမှိန်စေကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကိုလည်း အဟန့်အတား ဖြစ် စေသည်။[329] မြေယာသိမ်းဆည်းမှုများတွင် တပ်မတော်၏ ပါဝင်ပတ်သက်မှုများကို အဓိက ပြဿနာအဖြစ်

---

[327] Department for International Development, DfID's Anti-Corruption Strategy for Burma, p.2-3, https://www.gov.uk/government/uploads/system/uploads/attachment_data/file/213922/anti-corruption-strategy-bu.pdf (Accessed 3rd March 2015); 'Framework for Economic and Social Reforms: Policy Priorities for 2012-2015 towards the Long-Term Goals of the National Comprehensive Development Plan', Republic of the Union of Myanmar, 14 December 2012, p.10; Irrawaddy website, Burma's President Seeks Less EU Scrutiny Amid 'Backsliding' Concerns, 21st October 2014, http://www.irrawaddy.org/burma/burmas-president-seeks-less-eu-scrutiny-amid-backsliding-concerns.html (Accessed 3rd March 2015).

[328] United Nations Development Programme (UNDP), Human Development Index 2014, data can be found at http://hdr.undp.org/en/data (Accessed 3rd March 2015); Transparency International, Corruption Perception Index 2014, http://www.transparency.org/cpi2014/results (Accessed 3rd March 2015); Human Rights Watch, World Report 2014: Burma, January 2014, p.4, http://www.hrw.org/sites/default/files/related_material/burma_6.pdf (Accessed 3rd March 2015).

[329] Burma Partnership, Letpadaung Crisis Takes a Turn for the Worse, 12th January 2015, http://www.burmapartnership.org/2015/01/letpadaung-crisis-takes-a-turn-for-the-worse/ (Accessed 3rd March 2015); Irrawaddy website, Letpadaung: Fields of Fire, 26th February 2015, http://www.irrawaddy.org/feature/letpadaung-fields-fire.html (Accessed 3rd March 2015).

သိရှိလာကြပြီး *အမျိုးသားလွှတ်တော်* (မြန်မာ့ပါလီမန်၏ အထက်လွှတ်တော်) တွင်လည်း မည်သို့ ဖြေရှင်းရမည် ဆိုသည်ကို ဆွေးနွေးလျက်ရှိသည်။[330]

ထို့အပြင် ၂၀၁၁ ခုနှစ်မှစတင်၍ နိုင်ငံတကာ အလှူရှင်များစွာသည် မြန်မာနိုင်ငံသို့ စုပြုံဝင်ရောက်လာခဲ့ရာ၊ မြေယာ ကဏ္ဍနှင့် ဆိုင်သော အလှူရှင်အချို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအား တိုက်ရိုက် ငွေကြေးထောက်ပံ့မှုများ ရှိ သည်။[331] အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ယူခဲ့စဉ်က ဤအစီရင်ခံစာတွင်ဖော်ပြထားသော မြေယာသိမ်းဆည်းမှုများကို အမိန့်ပေးခဲ့သည့် ဦးမြင့်လှိုင်က ဝန်ကြီးဌာနကို ဦးဆောင်နေရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တိုက်ရိုက် ငွေကြေးထောက်ပံ့နေသည့် အလှူရှင်များ၏ မဟာဗျူဟာကို မေးခွန်းထုတ်ရမည် ဖြစ်သည်။

သဘာဝ ရော်ဘာထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ မြန်မာ့ရော်ဘာ ထုတ်ကုန်ပမာဏမှာနည်းပါးသလို အရည်အသွေး မှာလည်း နိမ့်လျက်ရှိနေသေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ရော်ဘာကို နိုင်ငံတကာကုမ္ပဏီများ၏ ဖြန့်ချီရေး ကွန်ရက်များအတွင်း တွေ့ရှိရန် အလားအလာနည်းပါးသည်။ သို့ရာတွင် အစိုးရ၏ လာမည့် ဆယ်စုနှစ်အတွင်း မြန်မာ့ရော်ဘာ အရေအတွက်နှင့်အတူ အရည်အသွေးကိုပါတိုးမြှင့်မည့် အစီအစဉ်ကို တာယာကုမ္ပဏီများနှင့် အခြား သဘာဝ ရော်ဘာဝယ်ယူသူများအနေဖြင့် မြန်မာနိုင်ငံမှ ရော်ဘာဝယ်ယူခြင်း မပြုမီတွင် မြေယာငှါးရမ်း အသုံးပြုခွင့်၊ လူ့အခွင့်အရေးများ ချိုးဖောက်ခံရမှုများ၊ စစ်တပ်မှ ပါဝင်ပတ်သက်မှုနှင့် ခြစားမှုများနှင့်ဆိုင်သော ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များကို အလျင်ဦးစွာ ဆန်းစစ်ရန်လိုအပ်သည်။[332]  ဖြစ်နိုင်ပါက ကုမ္ပဏီများသည် နိုင်ငံရှိ တစ်နိုင်တစ်ပိုင် စိုက်ပျိုးသူများထံမှ ဝယ်ယူသင့်သည်။

မြန်မာနိုင်ငံတွင် မြေယာ စီမံအုပ်ချုပ်ရေးအပြင် အခြားသော သဘာဝသယံဇာတများအား စီမံခန့်ခွဲရန်မှာ ကြီးမားသော စိန်ခေါ်မှုအဖြစ် ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ယခုအခါတွင် ကမ္ဘာ့ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများကို ခြစားမှုများ ကင်းဝေးစေရန် ထိန်းကျောင်းပေးသည့် ကမ္ဘာလုံးဆိုင်ရာအစီအမံဖြစ်သော တွင်းထွက် သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ၏ အဖွဲ့ဝင် ဖြစ်လာပြီ ဖြစ်သည်။[333] ယင်းသည် အပြုသဘောဆောင်သော တိုးတက်မှု ဖြစ်သော်လည်း အမှန်တကယ် ဖြတ်ကျော်ရမည့် စမ်းသပ်မှုမှာ ယခုထက်ထိ နေးကွေးနေသော လက်တွေ့ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ဖြစ်ပွားခဲ့သည့် လက်ပန်းတောင်း ကြေးနီစီမံကိန်းအတွင်း ရဲမှ ရွာသားတဦးအား အသေပစ်ခတ်ခဲ့သည့် ဖြစ်ရပ်သည် မြန်မာ၏ EITI  လုပ်ငန်းစဉ်အပေါ် သိသာသော ဖိအားများ ဖြစ်စေသည်။ အခြားတစ်ဖက်တွင် Global Witness မှ မီးမောင်းထိုးတင်ပြထားသည့် ခြစားမှု များစွာရှိပြီး၊ တိုင်းပြည်၏ အဆိုးရွားဆုံးသော လက်နက်ကိုင် ပဋိပက္ခအတွင်း ကြားညှပ်နေသည့် ဒေါ်လာ သန်းထောင်ပေါင်းများစွာတန်သည့်

---

[330] Mizzima news website, The third day of the 12th session of the Upper House discussed military land seizures and a proportional representation electoral system, 22nd January 2015, http://www.mizzima.com/component/k2/item/17096-the-third-day-of-the-12th-session-of-the-upper-house-discussed-military-land-seizures-and-a-proportional-representation-electoral-system (Accessed 3rd March 2015).

[331] World Bank, Myanmar Agricultural Development Support Project (ADSP), Briefing, 24th March 2014; World Bank, Agricultural Development Support Project, Myanmar, 2014, Project Information Document. Report No.: PIDC2158, http://www.worldbank.org/content/dam/Worldbank/document/EAP/Myanmar/Myanmar_ADSP_Project_Information_Document.pdf (Accessed 4th March 2014); Myanmar Times, US to focus agriculture support to smallholders, 3-9th March 2014, http://www.scribd.com/doc/210470608/201435719#scribd (Accessed 4th March 2015).

[332] Kevin Woods, The Political Ecology of Rubber Production in Myanmar: An Overview, 2012, p.4, https://www.globalwitness.org/sites/default/files/Theper cent20Politicalper cent20Ecologyper cent20ofper cent20Rubberper cent20Productionper cent20inper cent20Myanmarper cent20FINAL.pdf

[333] Extractive Industries Transparency Initiative website, What is the EITI?, https://eiti.org/eiti (Accessed 3rd March 2015).

ကျောက်စိမ်းစီးပွားရေးလုပ်ငန်းကို အစိုးရမှ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဆန္ဒရှိမရှိ ဆိုသည်မှာလည်း မေးခွန်းထုတ်စရာ ဖြစ်သည်။[334]

မြန်မာနိုင်ငံရှိ မြေယာသိမ်းဆည်းမှုကပ်ဆိုးသည် ကမ္ဘာအနှံ့ မြေယာအပူတပြင်းသိမ်းယူမှုများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြေ ဧက ၉၅.၈ သန်းကို လက်ပြောင်းလက်လွှဲလုပ်ခဲ့ပြီး နောက်ထပ်မြေဧက ၃၉.၅ သန်းမှာ လက်ရှိတွင် စေ့စပ်ညှိနှိုင်းနေဆဲဖြစ်သည်။[335] ယင်းမြေယာများအနက် အများစုကို အများပြည်သူများထံမှ ရယူခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကနှင့် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံသူများထံ လွှဲပြောင်းရောင်းချခြင်းဖြစ်ပြီး၊ လူသန်းပေါင်းများစွာအား ဆင်းရဲတွင်းထဲသို့ ပိုမိုနက်ရှိုင်းစွာတွန်းပို့ခဲ့သည်။

မြန်မာနိုင်ငံမှာ ကဲ့သို့ပင် ကမ္ဘာတဝှမ်းတွင်လည်း မြေယာ လွှဲပြောင်း ရောင်းဝယ်ခြင်းများကို လျှို့ဝှက်စွာ ပြုလုပ်လေ့ရှိသာကြောင့် မြေယာသိမ်းယူမှုများသည် အထက်တွင် ဖော်ပြထားသော ကိန်းဂဏန်းထက် များစွာ မြင့်မားနိုင် သည်။ မြေယာများ တစ်စတစ်စရှားပါးလာခြင်းနှင့်အတူ မြေယာများ ပိုင်ဆိုင်ရန် ကြိုးပမ်းလာမှုများက ရွာသားများအနေဖြင့် သူတို့၏ အိမ်များနှင့် နေထိုင်ရှင်သန်ရာဘဝများကို လုံခြုံစွာ စောင့်ရှောက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကအကျိုးစီးပွားများနှင့် ထိပ်တိုက်ရင်ဆိုင်ကြရသည်။ ၂၀၁၄ ခုနှစ်တွင် သုတေသနတစ်ခုက ၂၀၀၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံပေါင်း ၃၅ နိုင်ငံတွင် လူပေါင်း ၉၀၈ ယောက်သည် မြေယာနှင့် သဘာပတ်ဝန်းကျင် အခွင့်အရေးများ ကာကွယ်ရင်း အသတ်ခံခဲ့ရသည်။[336] ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှ ရွာသားများကဲ့သို့ သူတို့၏ မြေယာများအတွက် အာဏာပိုင်များမှ အကာအကွယ်ပေးထားနိုင်သည်ဟု မခံစားရမချင်း သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်သူများအား နှောင့်ယှက်သတ်ဖြတ်မှုများ ဆက်လက်ရှိနေဦးမည် ဖြစ်သည်။ ယခုလက်ရှိအခြေအနေ (ဤအစီရင်ခံစာမှ ဖော်ပြထားသည့် ထင်ရှားသောဥပမာများကဲ့သို့) အာဏာပိုင်များက ပုဂ္ဂလိကကုမ္ပဏီများနှင့် အမှန်တကယ် ပူးပေါင်းကြံစည်ကာ ဒေသခံပြည်သူများထံမှ မြေယာသိမ်းယူမှုများသည် နေရာတကာတွင် ရှိနေဆဲဖြစ်သည် ။

အမျိုးသား မြေယာ မူဝါဒသစ်နှင့် နောက်ဆက်တွဲ မြေယာ ဥပဒေများကို ရေးဆွဲလျက်ရှိရာ မြန်မာအစိုးရသည် မြေယာ အုပ်ချုပ်မှုကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိခြင်း၊ မြေယာငှါးရမ်းအသုံးပြုခွင့် ခိုင်မာစေခြင်းနှင့် ရေရှည်တည်တံ့ပြီး မျှတသော ရ လဒ်များ ထွက်ပေါ်လာစေရန် အရေးကြီးသော အခွင့်အလမ်းရှိသည်။ သို့ရာတွင် စစ်မှန်သော ပြုပြင်ပြောင်းလဲမှုများဆိုသည်မှာ ယခင် ခေတ်ကာလများက အမှားအယွင်းများကို ကုစားပေး ရန်လိုအပ်သည်။ သို့မဟုတ်ပါက သူတို့၏ အဆိပ်သင့် အမွေဆိုးများကို လာမည့်နှစ်သစ်များတွင်လည်း ဆက်လက် ခံစားကြရဦးမည်ဖြစ်သည်။ မြန်မာအစိုးရသည် စိန်ဂတ်မှုန်ကဲ့သို့ မြေယာသိမ်းယူမှုများကြောင့် ဆုံးရှုံးသွားသည့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ကျေးရွာများရှိ  ရွာသားများနှင့်အတူ နိုင်ငံအနှံ့ရှိ အလားတူ ခံစားနေရသူများအတွက် မဖြစ်မနေ ကုစားပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် အနာဂတ် မြေယာ ခွဲဝေချထားပေးမှုများကို စီမံအုပ်ချုပ်ရန် ခိုင်မာသော အမျိုးသား မြေယာမူဝါဒနှင့် အတိတ်မှ မြေယာသိမ်းယူခဲ့မှုများ၏ ဆိုးကျိုးများကို ပြန်လည်ကုစားပေးရန် ထိရောက်သည့် စနစ်များဖြင့် ခရိုနီများအစား နိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေသည့် တရားမျှတသည့် မြေယာကဏ္ဍတစ်ရပ် တည်ဆောက်ခြင်းဖြင့် စစ်အုပ်ချုပ်ရေးအမွေဆိုးများကို ကျော်လွှားချေဖျက်ရန် အလားအလာရှိပါသည်။

---

334 New York Times, Searching for Burmese Jade, and Finding Misery, 2nd December 2014, http://www.nytimes.com/2014/12/02/world/searching-for-burmese-jade-and-finding-misery.html?_r=0 (Accessed 3rd March 2015); Global Witness, Will Myanmar’s Government Walk its Talk on Extractive Industries Reforms? Jade will be key test, 2nd December 2014, http://www.globalwitness.org/blog/will-myanmars-government-walk-its-talk-on-extractive-industries-reform-jade-trade-will-be-key-test/

335 Land Matrix website, Home page, http://www.landmatrix.org/en/ (Accessed 3rd March 2015).

336 Global Witness, Deadly Environment, 15th April 2014, http://www.globalwitness.org/sites/default/files/library/Deadlyper cent20Environment.pdf (Accessed 3rd March 2015).